# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၃၂၇)


## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကဏ္ဍသည် အရေးကြီးသဖြင့် ကိုယ်စားလှယ်များ ဆွေးနွေးချက်များအပေါ် အလေးအနက်ထားဆောင်ရွက်ပေးရန် လွှတ်တော်ဥက္ကဋ္ဌပြောကြား

ပြည်သူ့လွှတ်တော်၊ စာမျက်နှာ-၇

## မြန်မာနိုင်ငံပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကို လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြု

အမျိုးသားလွှတ်တော်၊ စာမျက်နှာ-၇

### ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးများ စုပေါင်းသန့်ရှင်း



စာမျက်နှာ-၃

### ဖုတ်ကောင်ကြွေးမြီ ဝဲဂယက်အတွင်းမှ ရုန်းထွက်ဖို့ ခက်နေရသူများ

စာမျက်နှာ-၉



### ဆင်သေချောင်းရေကြီးမှုကြောင့် နေအိမ် အလုံး ၂၀ မျောပါ

စာမျက်နှာ-၁၂

# မိုးများမှုကြောင့် စစ်ကိုင်း-မုံရွာ ကားလမ်း မြင်းမူမြို့နယ်၌ ယာယီပြတ်တောက်မှုဖြစ်

**စစ်ကိုင်း ဩဂုတ် ၂၆**

မိုးရွာသွန်းမှုကြောင့် စစ်ကိုင်း-မုံရွာကားလမ်းရှိ မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာနှင့် မြောင်လမ်းခွဲအနီးတွင် ယနေ့နံနက် ၆ နာရီခန့်မှစတင်၍ ကားလမ်းရေကျော်မှုများ ဖြစ်ပွားခဲ့ရာ ကားလမ်းပေါ်တွင် နှစ်ပေခန့်ရေကျော်နေပြီး တစ်ဖက်လျှင် ကားအစီးရေရာကျော် ပိတ်မိနေကြောင်း သိရသည်။

"ဒီနေ့နံနက် ၆ နာရီလောက်မှာ ရေတွေတဖြည်းဖြည်း များလာတာဖြစ်ပြီး ပုံမှန်နှစ်တွေထက်တော့ ရေဆင်းပမာဏ များပြားလာပါတယ်။ အထက်အမြင့်ပိုင်းမှာ မိုးရွာ၊ မိုးကြီးရင်တော့ အမြဲဖြစ်မယ့်သဘောရှိတယ်"ဟု အလ္လကပ္ပကျေးရွာမှ ဦးအောင်သန်းက ပြောပြသည်။

အဆိုပါရေကျော်မှုဖြစ်ပွားရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံနှင့်တပ်ဖွဲ့ဝင်များ၊ မြတ်သုခ လူမှုကူညီရေးအသင်းဝင်များက အန္တရာယ်ကင်းစွာဖြတ်သန်းနိုင်ရန်အတွက် လူနှင့်ပစ္စည်းများ သယ်ပို့ခြင်း၊ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် ယာဉ်လမ်းကြောင်း တစ်ဖက်ပိတ်၊ တစ်ဖက်ဖွင့်စနစ်ဖြင့် ရှင်းလင်းကူညီဆောင်ရွက်ပေးခဲ့ကြပြီး ညနေ ၃ နာရီမှစ၍ ရေများကျဆင်းသွားပြီဖြစ်ကာ မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဇေ(ပြန်/ဆက်)**






မြန်မာ့အလင်း

# မျက်မှောက်ခေတ်ပြဿနာတို့၏ မျက်နှာစာနှစ်ရပ်

ဒေါ်နယ်ထရန့်သာ အမေရိကန်သမ္မတဖြစ်လာခဲ့သော် ကမ္ဘာ့တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုစိုးရိမ်ရသည်ဟူသော ပြောဆိုဆွေးနွေးမှုများကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေပါသည်။ တရုတ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးနှုန်း သိသိသာသာကျဆင်းခဲ့သော် ကမ္ဘာ့စီးပွားရေး တိုးတက်နှုန်းကို ထိခိုက်မည်ဟူသော ယူဆထင်မြင်ချက်များကိုလည်း ကမ္ဘာ့နိုင်ငံအများအပြားတွင် မြင်ရ၊ ကြားရမည် ဖြစ်ပါသည်။ ဆီးရီးယားပြည်တွင်းစစ်သာမဖြစ်ခဲ့သော် ဥရောပတိုက်သို့ နိုင်ငံရွှေ့ပြောင်းဒုက္ခသည်များ ယခုကဲ့သို့အစုအပြုံလိုက် တိုးဝှေ့ဝင်ရောက်လာမည်မဟုတ်သည်မှာလည်း ပေါ်လွင်ထင်ရှားပြီး ကိစ္စဖြစ်ပါသည်။ တင်ပြလိုသည်မှာ မျက်မှောက်ပစ္စုပ္ပန်ကာလ၌ ပြဿနာရပ်အများစုကို ပြည်တွင်းရေးနှင့် နိုင်ငံတကာရေးဟု နှစ်ပိုင်းသီးသန့်ခွဲထုတ်ခြင်းသည် ရေကိုစည်းတားသကဲ့သို့ အရာမထင်၊ လုပ်ဆောင်၍မရသည်ကို ထင်ထင်ရှားရှားမြင်တွေ့ရမည် ဖြစ်ပါသည်။

ယခုအခါမစ္စတာကိုဖီအာနန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဖွဲ့စည်းခဲ့ခြင်းနှင့်ပတ်သက်၍ဝေဖန်ပြောဆိုမှုများကို ကြားသိနေရပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စသည် ပြည်တွင်းရေးကိစ္စဖြစ်၍ နိုင်ငံတကာ ပုဂ္ဂိုလ်များ ပါဝင်လာခြင်းကြောင့် ပြည်တွင်းရေးကိစ္စမှသည် နိုင်ငံတကာအရေးကိစ္စ ဖြစ်သွားနိုင်သည်ဟူသော တွေးဆချက်သည် အဆိုပါဝေဖန်ပြောဆိုမှုများ၏ အဓိကနိုင်ငံရေးအကြောင်းပြချက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပစ္စုပ္ပန်ကာလ၌ ရခိုင်ပြည်နယ်အရေးကိစ္စသည် ပြည်တွင်းရေးကိစ္စလော (သို့မဟုတ်) နိုင်ငံတကာအရေးကိစ္စလောဟု သုံးသပ်ဝေဖန်ရန် လိုအပ်သကဲ့သို့ ဖြစ်လာပါသည်။ အမှန်မှာမူ ဤကဲ့သို့သော ချဉ်းကပ်ပုံသည်လွဲမှားသော ချဉ်းကပ်ပုံဖြစ်ပါသည်။ လက်တွေ့ကျကျသုံးသပ်ရပါက ရခိုင်ပြည်နယ်အရေးကိစ္စသည် နိုင်ငံတကာမျက်နှာစာကိုပါ မဖြစ်မနေထည့်သွင်းစဉ်းစားရမည့် ပြည်တွင်းရေးကိစ္စရပ်ဖြစ်ပါသည်။

ဤနေရာ၌ နိုင်ငံတကာမျက်နှာစာကိုပါ မဖြစ်မနေထည့်သွင်းစဉ်းစားရမည်ဟူသော ယူဆချက်ကို ရှင်းလင်းတင်ပြရန် လိုအပ်လာပါသည်။ နိုင်ငံတကာမျက်နှာစာ၌ ရခိုင်ပြည်နယ်ရှိရိုဟင်ဂျာလူမျိုးများအရေးဟု ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုစည်းရုံးလှုပ်ရှားမှုများရှိနေသည်ဖြစ်၍ ရခိုင်ပြည်နယ်အရေးကိစ္စ၌ နိုင်ငံတကာမျက်နှာစာကိုလျစ်လျူရှုခြင်းသည် ပြည့်စုံလွှမ်းခြုံမှုမရှိသော ချဉ်းကပ်ကိုင်တွယ်ပုံ ဖြစ်သွားမည်ဖြစ်ပါသည်။ ပြည့်စုံလွှမ်းခြုံမှုမရှိသော ချဉ်းကပ်ကိုင်တွယ်ပုံမျိုးသည် ဟန်ချက်ညီညီ၊ ပိုင်ပိုင်နိုင်နိုင် ဖြေရှင်းနိုင်စွမ်းရှိသော အဖြေတစ်ရပ်ကိုဦးတည်နိုင်စွမ်းမရှိသည်မှာလည်း ပေါ်လွင်ပါသည်။ နှလုံးသွင်းရမည့် အခြားသော အချက်မှာလည်း မစ္စတာကိုဖီအာနန်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောကော်မရှင်သည် အကြံပေးကော်မရှင်သာဖြစ်ပါသည်။ အကြံပေးကော်မရှင်တို့မည်သည် ဆုံးဖြတ်ပိုင်ခွင့်မရှိသော ကော်မရှင်ဖြစ်သည်မှာလည်း ထပ်မံရှင်းလင်းတင်ပြရန် မလိုအပ်သောကိစ္စ ဖြစ်ပါသည်။ ကွယ်လွန်သွားပြီဖြစ်သော စင်ကာပူဝန်ကြီးချုပ်လီကွမ်ယုသည် နိုင်ငံတကာပညာရှင်များ၏ အကြံဉာဏ်များကိုသာ လေးလေးနက်နက်နားထောင်သုံးသပ်နိုင်စွမ်းမရှိခဲ့ပါက ပစ္စုပ္ပန်ကာလ၌ မြင်တွေ့နေရသော စင်ကာပူနိုင်ငံမျိုး လက်တွေ့ဖြစ်ပေါ်လာမည် မဟုတ်ဟု လေးလေးနက်နက်ယုံကြည်ပါသည်။ ပြည်တွင်းရေးကိစ္စတို့ကို ဆုံးဖြတ်ရာ၌ နိုင်ငံတကာ ပညာရှင်တို့၏ အကြံဉာဏ်ရယူခြင်းနှင့် ပြည်တွင်းရေးကိစ္စတို့အား နိုင်ငံတကာပညာရှင်တို့ကို ဆုံးဖြတ်စေခြင်းတို့အကြား နိုင်ငံရေးအဓိပ္ပာယ်ကွာဟချက်သည် မိုးနှင့် မြေပမာကဲ့သို့ အလွန်တရာကြီးမားပါသည်။

ယခုနှစ်ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အမေရိကန်နိုင်ငံရောက် မက္ကဆီကိုလူမျိုး ရွှေ့ပြောင်းလုပ်သားတို့၏ အရေးကိစ္စထိပ်တန်းရောက်နေခြင်းသည်လည်းကောင်း၊ ဥရောပနိုင်ငံရေး၌ နိုင်ငံရွှေ့ပြောင်းဒုက္ခသည်များကိစ္စရပ်က နံပါတ်တစ်ဦးစားပေး ဖြစ်နေခြင်းသည်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာ၌ လူ့အခွင့်အရေးနှင့်လူသားချင်းစာနာထောက်ထားမှုတို့ မည်မျှအရေးကြီးသည်ကို မီးမောင်းထိုးပြသနေပါသည်။ နိုင်ငံတကာမျက်နှာစာကိုပါ ထည့်သွင်းသုံးသပ်၍ အကြံပြုရမည်ဖြစ်သော ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုရှုထောင့်မှ သုံးသပ်အကြံပေးမှုများ ပြုလုပ်မည်ဆိုပါကလည်း ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည်များကို ဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။ ခြုံငုံတင်ပြရပါက ကမ္ဘာ၌ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြောဆိုနေသော ပြည်တွင်းရေးကိစ္စတစ်ရပ်အပေါ် နိုင်ငံတကာပညာရှင်တို့၏ အကြံဉာဏ်ရယူခြင်းသည် ပြည့်စုံကောင်းမွန်သော အဖြေတစ်ရပ်ရရှိရေးအတွက် မှန်ကန်သည့်ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါသည်။ ။



# ဒက္ခိဏသီရိ၌ ကျေးရွာသစ်စီမံကိန်းစွမ်းရည်မြှင့်သင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၂၆**

ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်တွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာသစ်စီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်ခြင်းကို ဩဂုတ်လစတုတ္ထပတ်က ဇီးဖြူကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်နှင့် ကျေးရွာသစ်စီမံကိန်း SMUC Project Director Mr. King တို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး ယခုကျေးရွာသစ်စီမံကိန်း (SMUC) ဆောင်ရွက်နေသည့် ဇီးဖြူကုန်းကျေးရွာတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ KOCIA ရုံးတို့မှ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအဖြစ် သီးနှံစိုက်ပျိုးရေးနည်းပညာရပ်များကို တိုင်းဒေသကြီး မြေအသုံးချ၊ မျိုးစေ့နှင့် သီးနှံကာကွယ်ရေးတို့မှ တောင်သူများနှင့် ကျေးရွာသူကျေးရွာ သားများအား ပညာပေးဆွေးနွေးခဲ့သည်။

နေပြည်တော်ရှစ်မြို့နယ်တွင် ကျေးရွာသစ်စီမံကိန်း (SMUC) ကို စုစုပေါင်း ကျေးရွာ ၄၀ ၌ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဂျပန်ယဉ်ကျေးမှုဌာနဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာ-ဂျပန်ဆက်ဆံရေး ရေရှည်တည်တံ့စေရန်နှင့် အပြန်အလှန်နားလည်မှုတိုးပွားစေရန် ရည်ရွယ်၍ ဂျပန် ယဉ်ကျေးမှုများကို မိတ်ဆက်ပေးသည့် Japan Culture House ကို Japan Foundation Asia Center နှင့် မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း(MAJA)တို့ ပူးပေါင်း၍ ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ ပုလဲကွန်ဒိုတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Japan Culture House တွင် မြန်မာလူမျိုးများနှင့် ဂျပန်လူမျိုးများ လာရောက်တွေ့ဆုံကြပြီး၊ ဂျပန်ယဉ်ကျေးမှု၊ အနုပညာများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုသိရှိနိုင်ပြီး ဂျပန်အကြောင်း ပိုမိုသဘောပေါက်နားလည်လာစေရန် ရည်ရွယ်သည်။ Kendama၊ Igo စသည့် ဂျပန်ရိုးရာကစားနည်းများ၊ ကီမိုနိုအမျိုးအစားတစ်ခုဖြစ်သော Yukata ဝတ်ဆင်နည်းများ၊ ဂျပန် Quiz များ စသည်တို့ကို ပါဝင်ဆင်နွှဲနိုင်ပြီး ဂျပန်ဖက်ရှင်မဂ္ဂဇင်းများ၊ ဂျပန်ကာတွန်းများ ဖတ်ရှုနိုင်ခြင်း၊ ဂျပန်ရိုးရာ ပန်းအလှဆင်နည်းများ၊ ဂျပန် စာလုံးရေးဆွဲခြင်း (Shodo)၊ Japanese Manner နှင့်ပတ်သက်သော သင်ကြားမှုများအပါအဝင် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ချိန်မှာ တနင်္လာမှ သောကြာနေ့အထိ နံနက် ၁၀နာရီမှ ညနေ ၆ နာရီခွဲ အထိနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# ဘဲသွေးချောင်းတံတား ရေလယ်တိုင်ပြိုလဲမှုရှောင်ကွင်းလမ်းမှသွားလာနိုင်ရေးဆောင်ရွက်ပြီးစီး



**အောင်လံ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်၌ ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွာမထုံးကျေးရွာနှင့် အောင်မြေကုန်းကျေးရွာကြား လွန်ခဲ့သောနှစ်(၁၀၀)ခန့်က တည်ဆောက်ခဲ့သော အရှည် ပေ ၈၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေရှိ ဘဲသွေးချောင်း သံတံတား၏ ရေလယ်တိုင်အုတ်ခုံမှာ ပြိုလဲသွားခဲ့သည်။

ထို့ကြောင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ယာဉ်သွားလာမှုအန္တရာယ်များ ကင်းရှင်းစေရေးအတွက် တံတားပေါ်မှယာဉ်များ ဖြတ်သန်းမောင်းနှင်မှုများကို ခေတ္တပိတ်ခဲ့ပြီး ရှောင်ကွင်းလမ်းမှ မောင်းနှင်နိုင်ရေးအတွက် ဩဂုတ် ၂၄ ရက်မှ စတင်၍ စက်ယန္တရား အကူအညီဖြင့် လမ်းဖောက်ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါတွင် သမ္ဘုလကျေးရွာနှင့် ရွှေပန်းတောကျေးရွာမှကားများ အောင်လံမြို့သို့ ယာဉ်ကြောနှင့်လမ်းများ ပိတ်ဆို့မှုမရှိဘဲ လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သိန်းလွင် (ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၆-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၂၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀ / ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၀၃·၇ |
| ဥရောပ | တစ်ယူရို | ၁၃၅၄·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈·၂၈ |
| ထိုင်း | တစ်ဘတ် | ၃၄·၇၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၉၂၀ |
| တရုတ် | တစ်ယွမ် | ၁၈၀·၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇·၉၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ -အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၆၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။



ပေါင်းစည်းမှု၏စွမ်းအား

- ပထမပင်လုံကြောင့် လွတ်လပ်သောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းခဲ့သည်။
- ၂၁ ရာစုပင်လုံဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ပေါင်းစည်းတည်ဆောက်မည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကျင်းပရေးလုပ်ငန်းကော်မတီ စည်းဝေး



နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံကျင်းပရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအသီးသီးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲကိစ္စရပ်များ၊ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဖိတ်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က (၂၁) ရာစုပင်လုံကို ကြိုဆိုထောက်ခံကြောင်း သတင်းထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၆

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးကြမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က လှိုက်လှဲစွာ ကြိုဆိုထောက်ခံကြောင်း ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသက်နိုင်ဦး ကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



# ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးများ စုပေါင်းသန့်ရှင်း

ညောင်ဦး ဩဂုတ် ၂၆

ညောင်ဦး၌ ဩဂုတ် ၂၄ ရက် ညနေပိုင်းက ချောက်မြို့၏ အနောက်ဘက် ၁၂ မိုင်ခန့်အကွာကိုဗဟိုပြု၍ ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင် လှုပ်ခတ်သွားခဲ့ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားအချို့နှင့် စေတီပုထိုးများ စုစုပေါင်း ၂၀၀ ကျော်ခန့် ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရှေးဟောင်းသုတေသနလေ့လာ... ရှေးလှေ့တံခွန်ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ညောင်ဦးနှင့် မကွေးတိုင်းဒေသကြီးတို့မှ တပ်ဖွဲ့ဝင်များက ထိခိုက်ပျက်စီးသည့် ဘုရား၊ စေတီပုထိုးများအား ရဟန်းရှင်လူများ ရှေးဟောင်းလက်ရာမပျက် ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် အသစ်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး သန့်ရှင်းရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သဘာဝတောရိုင်းတိရစ္ဆာန်နှင့် သစ်မှောင်ခိုရောင်းဝယ်မှုဆိုင်ရာ သတင်းအချက်အလက် တည်ဆောက်ခြင်းနှင့် ခွဲခြားစိစစ်ခြင်း အဆင့်မြင့်သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

သဘာဝတောရိုင်းတိရစ္ဆာန်နှင့် သစ်မှောင်ခိုရောင်းဝယ်မှုဆိုင်ရာ သတင်းအချက်အလက် တည်ဆောက်ခြင်းနှင့် ခွဲခြားစိစစ်ခြင်း အဆင့်မြင့်သင်တန်းဆင်းပွဲ အခမ်းအနားကို နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ်မြင့်ထူးနှင့် UNODC မှုခင်းစုံစမ်းစစ်ဆေးရေးဆိုင်ရာ အထူးကျွမ်းကျင်သူ Mr.Miroslav တို့က သင်တန်းဆင်း အမှာစကားများ ပြောကြားခဲ့ပြီး UNODC သင်တန်းနည်းပြက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ သစ်တောဦးစီးဌာနမှ အရာရှိများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ အရာရှိသင်တန်းသားများ၊ UNODC မှ ကျွမ်းကျင်သူနည်းပြများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**




သင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၂၆ ရက်အထိ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသားအရာရှိများအား ရာဇဝတ်ပြစ်မှုကျူးလွန်သူများ၏ ကျူးလွန်ပုံ ကျူးလွန်နည်းများ၊ တစ်ဖက်နိုင်ငံများနှင့် ချိတ်ဆက်ကျူးလွန်ပုံနည်းလမ်းများ၊ ရရှိလာသည့် သတင်းအချက်အလက်ပေါ် မူတည်၍ မှုခင်းစုံစမ်းစစ်ဆေးရာတွင် အကျိုးပြုစေမည့် နည်းလမ်းကောင်းများ၊ ဖြစ်ပွားလာနိုင်မည့် မှုခင်းလမ်းကြောင်းများအား ကြိုတင်မှန်းဆခြင်း နည်းလမ်းကောင်းများနှင့် နိုင်ငံတကာအဆင့်မီ ဥပဒေလုပ်ထုံးလုပ်နည်းများကို စာတွေ့လက်တွေ့ ရှင်းလင်းပို့ချသည်။

သင်တန်းဆင်းအရာရှိများအနေဖြင့် ယခုသင်တန်းမှ သင်ကြားပေးလိုက်သော နိုင်ငံတကာအဆင့်မီ ပညာရပ်များအား လက်တွေ့လုပ်ငန်းနယ်ပယ် အသီးသီးတွင် ပြန်လည်တာဝန်ထမ်းဆောင်သည့်အခါ စာတွေ့လက်တွေ့ပေါင်းစပ်၍ မြန်မာနိုင်ငံသဘာဝတောရိုင်းတိရစ္ဆာန်နှင့် သစ်မှောင်ခိုရောင်းဝယ်မှုဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် ထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့်ပျက်စီးမှုဖြစ်ခဲ့သည့် မင်းဘူးနဂါးပွက်တောင်အားကြည့်ရှု



**နေပြည်တော် ဩဂုတ် ၂၆**

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့်မြေငလျင်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် မင်းဘူးမြို့ရှိ သမိုင်းဝင်နဂါးပွက်တောင်သို့ ယနေ့ ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ကြည့်ရှုသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နဂါးပွက်တောင်တွင် ငလျင်ဒဏ်ကြောင့်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် နေရာများအား လှည့်လည်ကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ပတ်ဝန်းကျင် ရှင်းလင်းသန့်ရှင်းမှုလုပ်ငန်းများနှင့် ပျက်စီးမှုများအား ပြုပြင်ခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းတို့တွင် ကူညီလုပ်ဆောင်ပေးမည့်အခြေအနေများကို မှာကြားသည်။

**အလှူငွေများပေးအပ်**

ယင်းနောက် နဂါးပွက်တောင်တော် ဘက်စုံပြုပြင်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသည့် အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ နဂါးပွက်တောင်တော်တွင် ငလျင်ဒဏ်ကြောင့် အစ်မတောင်တော် နံရံထိန်းကွန်ကရစ် ပျက်စီးခြင်း၊ စောင်းတန်း တစ်လျှောက် လျှောက်လှမ်းများ ပျက်စီးခြင်း၊ နဂါးရုံ အမှတ်(၁)ဘုရား မြေကျွံကျပျက်စီးခြင်း၊ ဘုရားတန်ဆောင်း မျက်နှာကြက်များ၊ ကြမ်းခင်းများ အက်ကွဲပျက်စီးခြင်းနှင့် ခြံစည်းရိုးဝင်းနံရံ ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မကွေးမြို့ရှိ မြသလွန်စေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများမှ လှူဒါန်းသော အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ်သည်။ ထို့နောက် မြသလွန်စေတီတော်ရှိ မဟာအတုလရံသီတန်ဆောင်းတွင် အများပြည်သူ ဖူးမြော်ကြည်ညို နိုင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မှ လှူဒါန်းထားသည့် ဗုဒ္ဓမြတ်စွယ်တော်ပွားအား ပန်း၊ ရေချမ်းများကပ်လှူ၍ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ရခိုင်ပြည်နယ်ပြဿနာမှာ သိမ်မွေ့မှု၊ နက်နဲမှု၊ ကျယ်ပြန့်မှုနှင့် ထိလွယ်ရှလွယ်ရှိ၍ လုပ်ဆောင်ရမည့်ကိစ္စအများကြီးရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့ ကျင်းပသော အစိုးရသစ်၏ ပထမ ရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် **(ယာပုံ)** နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြီးခဲ့သည့် ရက်ပိုင်းတွင် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၌ မစ္စတာကိုဖီအာနန် ကို ဥက္ကဋ္ဌအနေဖြင့် ခန့်အပ်ပြီး ဖွဲ့စည်းလိုက်သည့် ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်ကို ဖြေကြားရာတွင် မစ္စတာ ကိုဖီအာနန်အား ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၌ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ဖွဲ့စည်းမှုနှင့် ပတ်သက်၍ မီဒီယာများတွင် ဝေဖန်နေကြပါကြောင်း၊ တချို့နိုင်ငံရေးပါတီများက Statement ထုတ်ပြီး ကန့်ကွက်နေမှုရှိပါကြောင်း၊ အဓိက စိုးရိမ်ပူပန်မှုမှာ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားရေးအချက်ကို ထောက်ပြပြီး ကန့်ကွက်ကြသည်ကို တွေ့ရပါကြောင်း၊ ယင်းအတွက် စိုးရိမ်မှုကိုလည်း မိမိတို့ လက်ခံပါကြောင်း၊ ရခိုင်ပြည်နယ် ကော်မရှင်နှင့် ပတ်သက်သည့် ဆောင်းပါးများလည်း တွေ့ရပါကြောင်း။

**MoU ထိုးရမည်**

ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းသည့် အခါ အဓိကမှာ ၎င်းတို့ကို မည်မျှ Mandate (လုပ်ပိုင်ခွင့်)ပေးထားသလဲ ဆိုသည်ကို ပြန်ကြည့်ရန်လိုပါကြောင်း၊ ကော်မရှင် နာမည်မှာ ရခိုင်ပြည်နယ် အကြံပေးကော်မရှင် ဖြစ်ပါကြောင်း၊ ယင်းမှာလည်း မဖွဲ့စည်းရသေးပါကြောင်း၊ ဖွဲ့စည်းသည့်အခါတွင်လည်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ကိုဖီအာနန် ဖောင်ဒေးရှင်းတို့ကြားတွင် MoU ထိုးရမည် ဖြစ်ပါကြောင်း၊ ယခု လောလောဆယ် MoU ကို ရှေ့နေချုပ်ရုံးသို့ ပို့ထားပါကြောင်း၊ ရှေ့နေချုပ်ရုံးက အကြောင်းပြန်ကြားချက် ပေးပို့ထားပြီး ထိုအပေါ်တွင်မှ မစ္စတာ ကိုဖီအာနန် ရောက်လာသည့်အခါ ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**စစ်အေးတိုက်ပွဲ အကျိုးဆက်**

ကိုဖီအာနန်နှင့် ပတ်သက်၍ ရေးသားနေသည်များကို မိမိတို့ ဖတ်ကြည့်ပါကြောင်း၊ ကိုဖီအာနန်က ဘယ်လိုလူမျိုးလဲ ဆိုသည်ကို သူ၏ ရာဇဝင်ကို ပြန်ကြည့်ရန်လိုပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် လုပ်နေသည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ကို မစ္စတာ ကိုဖီအာနန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် လက်ထက်က ချမှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်းသည် ၂၀၀၁ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်ဆုရရှိခဲ့ပါကြောင်း၊ ထိုသို့ ပေးစဉ်တွင် နိုဘယ်ဆုကော်မတီက ကိုဖီအာနန်နှင့် ကုလသမဂ္ဂအဖွဲ့ချုပ်ကို သီးခြားခွဲထုတ်လိုက်ပါကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အနေဖြင့် ပေးခြင်းမဟုတ်ဘဲ ကိုဖီအာနန်ကို ပေးခြင်းဟုဆိုကာ ကြေညာပြီးပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် ၎င်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် နှစ်ဆက်တာဝန် ထမ်းဆောင်ခဲ့ပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် သူလုပ်ခဲ့သည့် Project များ ရှိပါကြောင်း၊ ဆီးရီးယားကိစ္စ၊ ပြဿနာသည် ကိုဖီအာနန်ကြောင့် ဖြစ်ခြင်းမဟုတ်ပါကြောင်း၊ အာဖဂန်နစ္စတန်တွင် ဘုရားစေတီတော်များ ဒုံးကျည်နှင့်ပစ်သည့် ကိစ္စမှာလည်း ကိုဖီအာနန်နှင့် တိုက်ရိုက်ပတ်သက်ခြင်း မရှိပါကြောင်း၊ ယင်းမှာ အမေရိကန်နှင့် ဆိုဗီယက်တို့၏ စစ်အေးတိုက်ပွဲ အကျိုးဆက်ဖြစ်ပါကြောင်း။



**စံလေးခုသတ်မှတ်**

မိမိတို့က စံ (Criteria) လေးခု သတ်မှတ်ထားပါကြောင်း၊ ထိုကော်မရှင်တွင် ပါဝင်သည့်သူများသည် ဘက်လိုက်မှုကင်းရမည်၊ လူအများက လေးစားသောသူ ဖြစ်ရမည်၊ အတွေ့အကြုံရင့်ကျက်သူ ဖြစ်ရမည်၊ ထင်ပေါ်ကျော်ကြားသူ ဖြစ်ရမည် ထိုစံလေးခုဖြင့် ပြည်တွင်းမှ ခြောက်ဦးနှင့် ပြည်ပမှ သုံးဦးပေါင်း ကိုးဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း။

**ပြည်ပပညာရှင်များ ဘာကြောင့်ပါရသည်**

ဒုတိယအချက်အနေဖြင့် ပြည်ပပညာရှင်များ ဘာကြောင့်ပါသလဲဆိုလျှင် ရခိုင်ပြည်နယ် ပြဿနာမှာ ယခုအစိုးရတက်လာသည့် အချိန်တွင် ပထမဆုံး မေးခွန်းထုတ်ပြီး စောင့်ကြည့်ခံရသည့် ပြဿနာဖြစ်ပါကြောင်း၊ ပဋိပက္ခမှာ သိမ်မွေ့မှု၊ နက်နဲမှု၊ ကျယ်ပြန့်မှုနှင့် ထိလွယ် ရှလွယ်ရှိပါကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ လုပ်ဆောင်ရမည့်ကိစ္စ အများကြီးရှိပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် မြန်မာပြည်တွင်းမှ လူများနှင့် လုပ်ခဲ့ပါကြောင်း၊ လုပ်ခဲ့သည့် အချိန်တွင် ထိုကော်မရှင်က အကြံပြုချက်များ ထွက်လာပါကြောင်း၊ ထိုသို့ ထွက်လာသည့်နေရာတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက မည်သို့ အသိအမှတ်ပြုသလဲဆိုသည်ကို ပြန်သုံးသပ်ရန် လိုပါကြောင်း။

**ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းရင်း**

နောက်တစ်ချက်မှာ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ထိုကော်မရှင်ဖွဲ့သည့် ထုတ်ပြန်ချက်တွင် အချက်တစ်ချက် ပါဝင်ပါကြောင်း၊ ယင်းမှာ ပြည်ပနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခံယူသူများ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းရင်း ဆက်နွှယ်မှုများကို သုံးသပ်ရန်ဆိုပြီး ပါရှိပါကြောင်း၊ ယင်းကို ဝေဖန်သုံးသပ်သူများအနေဖြင့် ထောက်ပြထားမှုမရှိပါကြောင်း၊ နိုင်ငံတကာပညာရှင်များ ဘာကြောင့် ပါဝင်ရသလဲဆိုလျှင် ဥပမာ ရခိုင်သမိုင်းပညာရှင် ဒေါက်တာ အေးချမ်း အပါအဝင် ရခိုင်စာပေပညာရှင်များ ရှိပါကြောင်း၊ ရာဇဝင်က ဒီလိုဖြစ်သည်၊ ဒီသမိုင်းက ဒီလိုရှိသည် ဆိုပြီး ပြောခဲ့ပါကြောင်း၊ ယခုလည်း ပြောနေပါကြောင်း၊ ယင်းကို လက်ခံသလား မေးလျှင် အဖြေမထွက်ပါကြောင်း၊ မြန်မာအစိုးရကိုယ်တိုင်က ပြောလည်း လက်ခံသလား၊ အဖြေထွက်သလားဆိုသည်ကို မိမိတို့ စဉ်းစားရန်လိုပါကြောင်း။

**ကော်မရှင်၏ လုပ်ပိုင်ခွင့်**

ကော်မရှင်နှင့် ပတ်သက်၍ ဘာလုပ်ပိုင်ခွင့်များ ပေးထားသလဲ ဆိုသည်မှာ အဓိကအချက်ဖြစ်ပါကြောင်း၊ ဤကော်မရှင်က ဘာလုပ်ပိုင်ခွင့်ရှိသလဲဆိုလျှင် သူ၏ Mandate က ရှာဖွေတွေ့ရှိချက်များ၊ အကြံပြုချက်များ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် မြန်မာနိုင်ငံအစိုးရထံ တင်ပြရန်ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ယင်းမှာ သူ့ကို ပေးထားသည့်၊ သူ့ကိုပေးမည့် လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း။

**နိုင်ငံတကာ ဖိအား**

နောက်တစ်ချက်မှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော အစိုးရကော်မတီ ရှိပါကြောင်း၊ နောက် ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာ ပါဝင်ပတ်သက်မှု ရှိပါကြောင်း၊ မည်သို့ပင် ငြင်းဆန်စေကာမူ နိုင်ငံတကာ၏ ဖိအားရှိပါကြောင်း၊ နိုင်ငံတကာ ပါဝင်ပတ်သက်မှုများ ရှိပါကြောင်း၊ OIC အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပါဝင်ပတ်သက်မှုများ အထင်အရှား တွေ့မြင်နိုင်ပါကြောင်း။

**ပေးထားသည့် တာဝန်လေးချက်**

ဤအဖွဲ့၏ လုပ်ပိုင်ခွင့်မှာ အကြံပြုချက်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် အစိုးရထံ တင်ပြရန်ပင် ဖြစ်ပါကြောင်း၊ ဘာလုပ်ပါဆိုပြီး ဤကော်မရှင်က ပြော၍မရပါကြောင်း၊ ဤကော်မရှင်၏ တွေ့ရှိချက်၊ အကြံပြုချက်များကို အစိုးရ လုပ်ရမှာလား၊ မလုပ်ဘူးလား ဆိုသည်ကို မေးခွင့်ရှိပါကြောင်း၊ အကယ်၍ မလုပ်လျှင် ဘာဖြစ်မလဲ၊ လုပ်လျှင် ဘာဖြစ်မလဲဆိုသည့် အချက်များ ရှိပါကြောင်း၊ သူ့ကိုပေးထားသည့် တာဝန်မှာ လေးချက်ရှိပါကြောင်း။

ယင်းတို့မှာ ရခိုင်ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများကို အာမခံချက်ပေးရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများနှင့် အခြေခံ ဝန်ဆောင်မှုများ ရရှိရေး၊ ပဋိပက္ခ ကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ပံ့ပိုးရေး၊ အခွင့်အရေးများနှင့် ပြန်လည်ရင်ကြားစေ့ သင့်မြတ်ရေး၊ အခြေခံအဖွဲ့အစည်း အဆောက်အအုံများ တည်ထောင်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး၊ ပြည်ပနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခံယူသူများ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံ အကြောင်းအရာအပါအဝင် နိုင်ငံတကာ ဆက်နွှယ်မှုတို့ကို သုံးသပ်ရေးတို့ ဖြစ်ပါကြောင်း။

**ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တည်ဆဲဥပဒေကို လိုက်နာရသည်**

ပေးထားသည့် လုပ်ငန်းတာဝန် အားလုံးက လေးချက်၊ လုပ်ပိုင်ခွင့်က အကြံပြုတင်ပြရန် ဖြစ်ပါကြောင်း၊ မေးခွန်းထုတ်သည်မှာ ဥပမာ ၁၉၈၂ ဥပဒေနှင့် မညီညွတ်ဘဲ ဘင်္ဂါလီ အသိုင်းအဝိုင်းကို နိုင်ငံသားပေးရန် ပြောလာလျှင် ယင်းကို လုပ်ရမည်လားဆိုသည့် မေးခွန်းများရှိပါကြောင်း၊ တကယ်ဆိုလျှင် အစိုးရတွင် လိုက်နာရသည့် ဖွဲ့စည်းပုံအခြေခံနှင့် တည်ဆဲဥပဒေရှိပါကြောင်း၊ အစိုးရတွင် စည်းမျဉ်းစည်းကမ်းများ ရှိပါကြောင်း၊ ယင်းတို့နှင့် ညီလျှင် လုပ်ဆောင်၍ ရပါကြောင်း၊

**အကြံပြုချက်များ**

၁၉၈၂ ဥပဒေနှင့်မညီဘဲ အစိုးရက နိုင်ငံသားပေး၍ မရပါကြောင်း၊ ယင်းမှာ ထိလွယ်ရှလွယ်ကိစ္စ ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ ထိုအဖွဲ့၏ အကြံပြုချက်များကို မလိုက်နာလျှင် ဖိအားပေးမလားဆိုသည့် မေးခွန်းဖြစ်ပါကြောင်း၊ အစိုးရနှင့် ပတ်သက်ပြီး အကြံပြုချက်များနှင့် ပတ်သက်၍ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ရခိုင်စုံစမ်းစစ်ဆေးရေး ကော်မရှင်က ကဏ္ဍအလိုက် အကြံပြုချက်များ ပေးခဲ့ပြီး စီးပွားရေးကဏ္ဍတွင် လေးချက်၊ အာဟာရ အစားအစာ ဖူလုံမှု သုံးချက်၊ အမိုးအကာ အခြေအနေ နှစ်ချက်၊ ကျန်းမာရေးစောင့်ရှောက်မှု နှစ်ချက်၊ ပညာရေးအခြေအနေ နှစ်ချက်၊ အထွေထွေ နှစ်ချက်၊ တရားရေးဆိုင်ရာ အကြံပြုချက် ၁၉ ချက်၊ နှစ်ဖက် အသိုင်းအဝိုင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန် အကြံပြုချက် အချက် ၂၀၊ သတင်းထုတ်ပြန်ရေးနှင့် ပတ်သက်၍ အကြံပြုချက် ငါးချက် စုစုပေါင်း ၅၉ ချက် ရှိခဲ့ပါကြောင်း၊ အစိုးရက ထို ၅၉ ချက်စလုံး လုပ်ရန်လည်း မလိုပါကြောင်း၊ အကြံပြုချက်များအပေါ် အစိုးရက သုံးသပ်ပါကြောင်း၊ လုပ်သင့်လား၊ မလုပ်သင့်ဘူးလား သုံးသပ်ပြီး လုပ်ဆောင်ပါကြောင်း၊ ယခု အကြံပေးကော်မရှင်နှင့် ပတ်သက်ပြီးလည်း အလားတူပင်ဖြစ်ပါကြောင်း၊ အကြံပြုချက်တိုင်းကို လုပ်ရမည်ဆိုသည့် Mandate မရှိပါကြောင်း ဖြေကြားသည်။

**မြစ်ဆုံ စာချုပ်ကိစ္စ**

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မြစ်ဆုံနှင့် ပတ်သက်၍ ချုပ်ထားသည့် စာချုပ်ကို ပြည်သူလူထုထံ ချပြရန် အစီအစဉ် ရှိ မရှိနှင့် ပတ်သက်၍ ဖြေကြားရာတွင် မြစ်ဆုံနှင့် ပတ်သက်၍ ကော်မရှင်၏ လုပ်ငန်းစဉ် မပြီးသေးပါကြောင်း၊ ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးသည့်အခါ သူတို့၏ အစီရင်ခံစာ ထုတ်ပြန်မည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် စာချုပ်အပါအဝင် ပြည်သူလူထု သိသင့်သိထိုက်သည်များကို သိလာရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

ကျန် ၃၇ ခုမှာ ရက် ၁၀၀ နောက်ပိုင်းတွင်လည်း ဆက်လက်ဆောင်ရွက်ရမည့် စီမံချက်များ ဖြစ်ပါကြောင်း၊ လုပ်ငန်းအားလုံး၏ ၇၂ % အား ဆောင်ရွက်ပြီးစီးပြီးဖြစ်ကာ ၂၈% သာ ဆောင်ရွက်ပြီးစီးရန် ကျန်ရှိပါကြောင်း။

မူလက ခန့်ထားရန်စီစဉ်ထားသည့် သစ်လွင်ဆရာဝန် ၁၀၀၀ နှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ၄၂ ဦးအား သစ်လွင်ဆရာဝန် ၁၇၆၈ ဦးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ၈၄ ဦးအထိ တိုးမြှင့်ခန့်ထားနိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့ထံမှ အတည်ပြုချက်ရယူခဲ့ပါကြောင်း၊ ပြည်သူအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း (Community Clinic) များဖွင့်လှစ်၍ ကျေးလက်နေ ပြည်သူလူထုအတွက် ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျောင်းကျန်းမာရေး လှုပ်ရှားမှုများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ခြင်းကိစ္စ၊ ကျောင်းသားများ ကျန်းမာမှသာ Community အတွက် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ အားကစားနှင့် ပူးပေါင်း၍ ဆောင်ရွက်နေပါကြောင်း။

## ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး

သဘာဝဘေးလျော့ချရေးနှင့်ကြိုတင်ပြင်ဆင်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းကိစ္စ၊ (၅)နှစ်အောက်ကလေးများ သေဆုံးမှုလျော့ကျရေးအတွက် ပုံမှန်ကာကွယ် ဆေးထိုးအစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး၊ ဖြည့်စွက်ဆေးထိုးခြင်းနှင့် ပိုလီယိုရောဂါပပျောက်ရေးအတွက် လက်ရှိအသုံးပြုနေသော ပိုလီယိုရောဂါကာကွယ်ဆေးအစား ဆေးအမျိုးအစားနှစ်မျိုး ပါဝင်သော ပိုလီယိုရောဂါကာကွယ်ဆေး (Bivalent Oral Polio Vaccine) ဖြင့် ပြောင်းလဲသုံးစွဲ တိုက်ကျွေးခြင်းကိစ္စများကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသာမက အခြားတာဝန်ရှိသည့် ဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း။

ကျန်းမာရေးသတင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိကျန်းမာရေး သတင်းစနစ်ကို လေ့လာသုံးသပ်ပြီး ငါးနှစ်စီမံကိန်းရေးဆွဲခြင်း၊ အကြမ်းပြီးသွားပြီဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သင်တန်းများပို့ချခြင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်သက်ရောက်မှု ရှိ/မရှိ စစ်ဆေးမှု ပြုလုပ်ခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်း အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်ရေးကိစ္စများ ဆောင်ရွက်ခြင်း၊ ခုတင် ၂၀၀ နှင့်အထက် ဆေးရုံများတွင် ညှိကြိုစနစ်နှင့် ဆေးရုံဆင်းချိန်တွင် လူနာများအသံ နားထောင်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း လုပ်ငန်းများ ပြုလုပ်ခြင်း၊ လူနာနှင့်ဆွေးနွေးပြီး ရရှိလာသည့်သတင်းများသည် မိမိတို့အတွက် အလွန်အရေးကြီးပါကြောင်း၊ ရရှိလာသည့်အချက်များကို အခြေခံ၍ ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါကြောင်း။

## ကူးစက်ရောဂါ ကာကွယ်တားဆီးရေး

ဆေးရုံများတွင် ကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးရုံစစ်ဆေးမှုပုံစံများပြုလုပ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဆေးရုံများသို့ ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးလုပ်သားများ၏ ကျင့်ဝတ်သိက္ခာ ပိုမိုကောင်းမွန်စေရေးအတွက် ဆေးတက္ကသိုလ်များ၊ သူနာပြု တက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်အတန်းအားလုံးတွင် ဆေးပညာကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်၊ သုတေသနကျင့်ဝတ်နှင့် ပြည်သူ့ကျန်းမာရေးကျင့်ဝတ် သင်ခန်းစာများသင်ယူနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲခြင်းနှင့် သင်ကြားပုံနည်းစနစ် ပိုမိုကောင်းမွန်ရေးကို အလေးပေးဆောင်ရွက်ခဲ့ပါကြောင်း။

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်း အရေးပေါ် လူနာတင်ယာဉ်စနစ် ထူထောင်ရေးကိစ္စနှင့် ပတ်သက်၍ ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး စုစုပေါင်း ခြောက်ကြိမ် လူနာသွားရောက်သယ်ယူကာ လူနာ ခုနစ်ဦးအား အချိန်မီ ဆေးဝါး ကုသမှုများ ပေးနိုင်ခဲ့ပါကြောင်း၊ ခုတင် ၂၀၀ နှင့်အထက် ဆေးရုံများတွင် ညှိကြို စနစ်နှင့် ဆေးရုံဆင်း Interview ပြုလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်းရှိ ဆေးရုံပေါင်း ၈၂ ရုံတွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ခံတွင်းကျန်းမာရေး၊ မျက်စိကျန်းမာရေး

ပခုက္ကူဆေးရုံ၊ နေပြည်တော် ဆေးရုံများတွင်လည်း Reception Service ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူ့ကျန်းမာရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းကိစ္စနှင့် ပတ်သက်၍ ကျောင်းပေါင်း ၁၅၃၅၂ ကျောင်းတွင် ကျောင်းသားပေါင်း ၂၈၉၀၄၅၁ ဦးအား သွားနှင့် ခံတွင်းကျန်းမာရေး၊ မျက်စိကျန်းမာရေးအပါအဝင် အထွေထွေကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျောင်းယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရေးအတွက် ဆောင်ရွက်ခဲ့သကဲ့သို့ သွေးလွန်တုပ်ကွေးအပါအဝင် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းများကိုပါ အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ အစားအသောက်နှင့် ပတ်သက်၍လည်း မိမိကိုယ်တိုင်ဦးစီး၍ လက်ရှိ ရှိနေသည့် လူအင်အားနှင့် အဆင်ပြေအောင် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းပြောကြားသည်။

## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရက် ၁၀၀ အတွင်း လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ရှင်းလင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ဆောင်ချက်များမှာ အချက် ၁၈ ချက်ရှိကြောင်း၊ ယင်းတို့မှာ အစိုးရသစ်တက်လာပြီး နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၈၃ ယောက် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့ပါကြောင်း။

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအပိုင်းတွင် ရခိုင်ပြည်နယ်ကိစ္စလည်း ပါဝင်သလို အခြားသော အမျိုးသားပြန်လည်သင့်မြတ်ရေးများလည်း ပါဝင်ပါကြောင်း၊ အမုန်းတရားများ လျော့နည်းသွားအောင် ဘက်ညီမျှတသည့် ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးသော မူဝါဒနှင့်အညီ Dialogue များ၊ လူ့အဖွဲ့အစည်းအတွင်း အမုန်းတရားကင်းရှင်းစေရေးအတွက် ဥပဒေတစ်ရပ်ရေးဆွဲရန် ဆောင်ရွက်နေပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် NCA လက်မှတ်မထိုးရသေးသည့်အဖွဲ့များ ပါဝင်လာအောင် နိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်ဆောင်ရွက်ခဲ့

## ပြည်တွင်းငြိမ်းချမ်းရေး

နောက်တစ်ချက်က တစ်နိုင်ငံလုံးရှိ တရားရုံးများတွင် နိုင်ငံရေးနှင့် ဆက်နွှယ်သည့် အမှုရင်ဆိုင်မှုများကိုလည်း ပိတ်သိမ်းဖို့ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတရုံး ပြင်ဆင်ဖွဲ့စည်းရေးနှင့် အစိုးရအုပ်ချုပ်ရေးရုံးလုပ်ငန်းများ စနစ်တကျရှိရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ရက် ၁၀၀ အတွင်း Myanmar Peace Center ကို NRPC အဖြစ် ပြောင်းလဲဖွဲ့စည်းရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ မူဝါဒနှင့်အညီဆောင်ရွက်ခဲ့ရာ ရက် ၁၀၀ အတွင်း အောင်မြင်ခဲ့ပါကြောင်း။

## အမုန်းတရား ကင်းရှင်းစေရေးအတွက် ဥပဒေတစ်ရပ်ရေးဆွဲ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခဲ့ကြောင်း၊ NRPC အောက်တွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအပိုင်းတွင် ရခိုင်ပြည်နယ်ကိစ္စလည်း ပါဝင်သလို အခြားသော အမျိုးသားပြန်လည်သင့်မြတ်ရေးများလည်း ပါဝင်ပါကြောင်း၊ အမုန်းတရားများ လျော့နည်းသွားအောင် ဘက်ညီမျှတသည့် ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးသော မူဝါဒနှင့်အညီ Dialogue များ၊ လူ့အဖွဲ့အစည်းအတွင်း အမုန်းတရားကင်းရှင်းစေရေး အတွက် ဥပဒေတစ်ရပ်ရေးဆွဲရန် ဆောင်ရွက်နေပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့များ ပါဝင်လာအောင် နိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်ဆောင်ရွက်ခဲ့ပါကြောင်း။

## လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်

ရောဝတီ မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်နှင့် ပတ်သက်ပြီး မြစ်ဆုံစီမံကိန်းကို ပြီးခဲ့သည့် ငါးနှစ်က ယာယီဆိုင်းငံ့ခဲ့ပါကြောင်း၊ အစိုးရသစ်တက်လာချိန်တွင် ဒါကို မေးခွန်းထုတ်ခံရကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ခြုံငုံသုံးသပ်ပြီး ရောဝတီ မြစ်ဆုံ မြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်ဆိုပြီး ဖွဲ့စည်းခဲ့ပါကြောင်း။

ထို့ပြင် Donor Coordination Mechanisms များ ပေါ်ပေါက်လာရေးနှင့် ပတ်သက်၍ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရန်ကုန်မှာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် Donor Community တို့ တွေ့ဆုံခဲ့ပါကြောင်း၊ အထူးသဖြင့် Donor, Stakeholder နှင့် အစိုးရတို့ ပါဝင်သည့် Joint Mechanisms များ ပေါ်ပေါက်လာအောင် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ၎င်းမှာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ရက် ၁၀၀ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်ပါကြောင်း ပြောကြားသည်။

## တာဝန်သိသည့် ခရီးသွားလုပ်ငန်း

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ခရီးသွားမူဝါဒကို ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ရန် လွှင့်တင်ထားပါကြောင်း၊ နိုင်ငံခြားငွေရှာဖွေပေးသည့် အမျိုးသားအဆင့် ဦးစားပေး စီးပွားရေးကဏ္ဍတစ်ခု ဖြစ်စေရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့လုပ်ငန်းတွင် တာဝန်သိသည့် ခရီးသွားလုပ်ငန်းဖြစ်ရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ နေထိုင်ရာ ရပ်ရွာအားလုံး ပြန်သွားသည်အထိ ညှိဝတ်ကျေပွန်ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းခရီးသွားများလည်း စိတ်ချမ်းသာစွာ၊ အန္တရာယ်ကင်းရှင်းစွာ သွားရောက်လည်ပတ်နိုင်ရန် အတွက် ရည်မှန်းချက်များ ဖော်ဆောင်ထားခဲ့ပါကြောင်း၊ သို့မှသာ ဝန်ကြီးဌာနက တာဝန်ကျေမည်ဖြစ်ကြောင်း၊ ရိုးရှင်းသည့် မြန်မာဝေါဟာရများကိုသာ အသုံးပြုထားပါကြောင်း၊

ရက် ၁၀၀ လုပ်ငန်းများကို Facebook လူမှုကွန်ရက်များတွင်ပါ ကျယ်ပြန့်စွာ တင်ပြခဲ့ပါကြောင်း၊ အဓိကလုပ်ငန်းမှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကို လူများက လုပ်သည့်အတွက် ဝန်ထမ်းများ လူသားအရင်းအမြစ်ဖွံ့ဖြိုးရန် အရေးကြီးပါကြောင်း၊ ဝင်ငွေမကောင်းသေးသည့် ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက်၊ ကျေးရွာများတွင် ထိုက်သင့်သည့် ဝင်ငွေနှင့် စီမံခန့်ခွဲမှုများ လုပ်ဆောင်နိုင်ရန်အတွက် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် (Community Based Tourism)ဖြစ်အောင် ရည်ရွယ်ခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ PPP မှာ Private-Public-Partnership တို့အပြင် People ကိုပါ ထည့်သွင်းထားပါကြောင်း။

## ဟိုတယ်လုပ်ငန်း

ဟိုတယ်လုပ်ငန်းများကိုလည်း လိုင်စင်ပေးခဲ့ပါကြောင်း၊ သတ်မှတ်ထားသည့် လိုင်စင်နှင့် ဖွင့်လှစ်မှု ရှိ /မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်မှု ရှိ/မရှိကိုလည်း စစ်ဆေးရမည်ဖြစ်ပါကြောင်း၊ ယခုအခါ လိုင်စင်မယူဘဲ ဖွင့်လှစ်နေသည့် ဟိုတယ်၊ တည်းခိုခန်းများ ရှိနေပါကြောင်း၊ ဥပဒေချိုးဖောက်မှုမရှိစေရန် သတ်မှတ်ထားသည့် ကာလအတွင်း လိုင်စင်လျှောက်ထားစေလိုပြီး အကယ်၍ လျှောက်ထားမှုမရှိပါက အရေးယူမည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

## ညှိလမ်းညွှန်လုပ်ငန်း

ညှိလမ်းညွှန်လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် လိုင်စင်ယူရမည်ဖြစ်ပါကြောင်း၊ လိုင်စင်ယူထားပြီး အခွန်အခဆောင်ထားရသည့် ညှိလမ်းညွှန်များ မနစ်နာစေရန်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် လုပ်ဆောင်ခဲ့ပါကြောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လိုင်စင်မယူဘဲ လုပ်နေသူများရှိနေပါကြောင်း၊ ၁၉၉၃ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေထဲတွင် ပါဝင်ပြီးဖြစ်ပါကြောင်း၊ ဥပဒေအသစ် ကိုလည်း ရေးဆွဲပြီးဖြစ်ပါကြောင်း။

ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ သွားနေချိန်တွင် ဖြေလျှော့မှုများလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းရှင်များ အခက်အခဲမဖြစ်စေရန်နှင့် ဆက်စပ်လုပ်ငန်းများ၊ အလုပ်သမားများ အခက်အခဲမဖြစ်စေရန် လိုင်စင်ကြေးအတွက် ၅၀% လျှော့ချပေးခဲ့ပါကြောင်း၊ လိုင်စင်လုပ်ကိုင်ရန်အတွက် သွားလာစရိတ်များကို မကုန်ကျစေရန် အွန်လိုင်းလိုင်စင်ကို ဇူလိုင် ၁ ရက်မှ စတင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ လူတိုင်း အသုံးပြုနေသည့် မိုဘိုင်းဖုန်းမှတစ်ဆင့် e-licence မှတစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း၊ လိပ်စာမှာ elicence.tourism.gov.mm ဖြစ်ပါကြောင်း။

ပြည်ပသို့ထွက်မည့် ပြည်သူများအတွက် လုပ်ငန်းလိုင်စင်များကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ သတင်းအချက်များကို ဖြန့်ဝေနိုင်ရန် Mobile Application များကိုလည်း ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ဥပဒေများ၊ data များ စာရွက်စာတမ်းများ အားလုံးကို PDF ဖိုင်ဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ ဖော်ပြထားပြီး နောက်ပိုင်းတွင် လေယာဉ်၊ ကားထွက်ချိန်များကို ဖြည့်သွင်းမျှဝေနိုင်ရန် ကြိုးစားနေပါကြောင်း၊ နိုင်ငံခြားသားများ သိနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ဆောင်ရွက်ထားပါကြောင်း။

## ပုဂံတွင် လျှင်လှုပ်ခဲ့ပြီး သဘာဝဘေးများကိုသိနိုင်ရန် ဖေ့ဘုတ်တစ်ခု လွှင့်တင်ထား

အခြေအနေအားလုံးကို ပွင့်လင်းစွာတင်ပြထားပြီး မိမိတို့ဝက်ဘ်ဆိုက် www.myanmartourism.org တွင် ပြည့်ပြည့်စုံစုံ တင်ပြထားပါကြောင်း၊ မိမိတို့ Facebook လည်း ရှိပါကြောင်း၊ အီးမေးလ်လိပ်စာအနေဖြင့် dg.dhtd.moht@gmail.com , ဖုန်း- ၀၆၇-၄၀၆၄၄၈ ၊ ၄၀၆၂၄၄ တို့ကို ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ မကြာခင်က ပုဂံတွင် လျှင်လှုပ်ခဲ့ပြီး သဘာဝဘေးများကိုသာ သိနိုင်ရန်အတွက် ဖေ့ဘုတ်တစ်ခု လွှင့်တင်ထားပါကြောင်း ပြောကြားသည်။

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအယ်လ်တူးမိန်းဂေါင်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ထမ်းအဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်းမှု ဆောင်ရွက်ပြီးသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အပေါ်အခြေခံ၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသည် တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို လည်းကောင်း၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနသည် တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များအား ကာကွယ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အသစ်စတင်ဖွဲ့စည်းခြင်းသည် ဆောင်ရွက်ဆဲဖြစ်ပြီး ပြီးစီးမှုမှာ ၉၀% ဖြစ်ပါကြောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် ပြီးစီးရန် ခန့်မှန်းထားပါကြောင်း၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာန နှစ်ခု၏ ရုံးချုပ်တို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ ဦးစီးဌာန နှစ်ခု၏ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်းကောင်း ဖွဲ့စည်းနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရသုံးဘဏ္ဍာငွေခွင့်ပြုချက် တင်ပြတောင်းခံခြင်း ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော် အတည်ပြုပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများအတွက် လစာစရိတ်များ၊ လိုအပ်သည့် ရုံးသုံးနှင့် အထွေထွေသုံးပစ္စည်းများ ဝယ်ယူရန်စရိတ်များနှင့် လုပ်ငန်းဆောင်ရွက်ရန်စရိတ်များ ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

(သတင်းစဉ်)

# ပညာရေးနှင့်ပုဂ္ဂလိကအခန်းကဏ္ဍ

## ဒေါက်တာကျော်လတ်

**ယခုအခါ မိမိတို့တိုင်းပြည်သည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရန်ကြိုးစားလျက်ရှိရာ ပုဂ္ဂလိကကဏ္ဍမှ အရင်းအနှီးများနှင့် လူအင်အားများကိုလည်း ပညာရေးကဏ္ဍတွင်အသုံးချ၍ တိုင်းပြည်အတွက် အကျိုးရှိမည့်နည်းလမ်းများကို ရှာဖွေတီထွင်သင့်သည်ဟုယူဆပါ၍ ဤဆောင်းပါးကို ရေးသားပါသည်။ ထိုသည်နှင့်တွဲဖက်၍ မိမိတို့တိုင်းပြည်၊ လွတ်လပ်ရေးရပြီးစမှ အာဏာမသိမ်းမီ သို့မဟုတ် ကျောင်းများကို ပြည်သူပိုင်မသိမ်းမီ၊ ၁၉၆၄ ခုနှစ်အထိ ၁၆ နှစ် ခန့်ကြာကာလအတွင်း မိမိတို့တိုင်းပြည် ဈေးကွက်စီးပွားရေးစနစ် အစပျိုးချိန်ကာလမှ ပညာရေးကဏ္ဍတွင် ဖြစ်ပေါ်ခဲ့သည့် အားသာချက်များနှင့် အားနည်းချက်များကိုလည်း တင်ပြအပ်ပါသည်။**

ဆက်စပ်ပတ်သက်နေသဖြင့် သမိုင်းကြောင်းကို တွဲဖက်တင်ပြပါမည်။ မိမိတို့တိုင်းပြည် ကိုလိုနီခေတ်ကာလက အတန်းပညာ သို့မဟုတ် ခေတ်ပညာကို သင်ကြားပို့ချသော ကျောင်းများမှာ မြို့ကြီးများတွင်သာရှိကြ၍ မိမိတို့၏ ၈၀ ရာခိုင်နှုန်းခန့်သော ပြည်သူလူထုမှာ မိမိတို့အစဉ်အလာ ဘုန်းတော်ကြီး ပညာရေးသာရရှိခဲ့ကြသည်။ ထိုရိုးရာပညာရေး၏ အကျိုးကျေးဇူးမှာလည်း မိမိတို့တိုင်းပြည်မှ ပြည်သူလူထုအများစုတို့မှာ စာရေး စာဖတ်တတ်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက်ပိုင်း များစွာသော ကိုလိုနီတိုင်းပြည်များ လွတ်လပ်ရေးရကြသည့်အခါ ကိုလိုနီတိုင်းပြည်အများစုမှ ပြည်သူလူထုတို့သည် (၂၀-၃၀ ရာခိုင်နှုန်း) ခန့်သာ စာရေး စာဖတ်တတ်ကြ၍ မိမိတို့မြန်မာပြည်သူလူထုသည် ၇၀ ရာခိုင်နှုန်းခန့် စာရေးစာဖတ်တတ်ကြသည်မှာ မိမိတို့တိုင်းပြည်၏ ဘုန်းတော်ကြီးများ၏ စွမ်းဆောင်မှုများဖြစ်ခဲ့သည်။ ကိုလိုနီခေတ်ပညာရေးတွင် မိမိတို့မမေ့အပ်သည်မှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကဲ့သို့ပင် တောင်တန်းဒေသများတွင် သင်ကြားပို့ချခဲ့ခြင်း၊ ရေးရန်၊ ဖတ်ရန် စာမရှိသော တိုင်းရင်းသားဘာသာများကို စာများပေါ်ပေါက်အောင် တီထွင်ခြင်းများကို ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များက ဆောင်ရွက်ခဲ့ကြသည်။

ထို့နှင့် မြန်မာ့ပညာရေး၏အဓိက အပြောင်းအလဲမှာ အမျိုးသားနေ့ကို ဖော်ဆောင်ခဲ့သော ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ပင် ဖြစ်တော့သည်။ ထိုကျောင်းသားသပိတ်ခေါင်းဆောင်များသည် နိုင်ငံအနှံ့အပြား “အမျိုးသားကျောင်း”ဟုအမည်နှင့် ခေတ်ပညာပို့ချသော အတန်းကျောင်းများကို တည်ထောင်ခဲ့ကြသည်။ ထိုအမျိုးသားကျောင်းများ၏ ရည်ရွယ်ချက်တစ်ရပ်မှာလည်း အင်္ဂလိပ်စာ၊ အတန်းပညာကို မျိုးချစ်စိတ်နှင့်တွဲဖက်၍ သင်ကြားပို့ချခြင်းပင်ဖြစ်သည်။ ထို၏ရလဒ်မှာ မြန်မာပြည်အနှံ့အပြား ခေတ်ပညာသင်ယူရန်အခွင့်အရေးများ တိုးပွားလာခဲ့ခြင်းအပြင် နောက်တစ်ခေတ် ၁၉၃၅ ဝန်းကျင်တွင် ပေါ်ပေါက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု အစရှိသော တိုင်းပြည်ခေါင်းဆောင်များကို ထိုကျောင်းများမှ မွေးထုတ်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုသည်နှင့်တွဲဖက်၍ မြန်မာလူမျိုးတို့ကို ချိုးနှိမ်သော မြန်မာ့ဖြစ်ရပ်များကို ပယ်ဖျက်သောမြန်မာ့သမိုင်းအဖြစ်မှန်များကို ဖော်ထုတ်သောစာပေများပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်။

အကျဉ်းချုံးတင်ပြရသော် ထိုကိုလိုနီခေတ် အချိန်အခါကိုကျော်ဖြတ်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ကြသည်။ လွတ်လပ်ရေးရရှိခဲ့ကြပြီး နှစ်နှစ်ခန့်မှာ မြန်မာပြည်တွင်း ပြည်တွင်းစစ်အခြေအနေ လွန်စွာဆိုးရွားသဖြင့် အုပ်ချုပ်သူအစိုးရသည် ပညာရေးကဏ္ဍကို များစွာမလုပ်ကိုင်နိုင်ဘဲ ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းမှသာ အာရုံစိုက်လာနိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်ခန့်မှစ၍ မြန်မာပြည်အခြေအနေသည် ဘက်ပေါင်းစုံများစွာ ကောင်းမွန်တိုးတက်လာခဲ့သည်။ မြန်မာပြည်တွင် ဒုတိယကမ္ဘာစစ်မဖြစ်မီ ပျမ်းမျှနှစ်စဉ် စိုက်ပျိုးမြေမှာ ဧကသန်းပေါင်း ၁၈ ဒသမ ၆၈ သန်းကျော်ရှိခဲ့ရာ ၁၉၄၈-၄၉ ခုနှစ် ပြည်တွင်းစစ်ကြောင့် ဧက ၁၄ ဒသမ ၇ သန်းသို့ကျဆင်းခဲ့ပြီး ၁၉၅၂ တွင် ဧက ၁၅ ဒသမ ၈ သန်းကျော်၊ ၁၉၅၅ တွင် ဧက ၁၆ ဒသမ ၂ သန်းကျော် စသည်ဖြင့် တိုးတက်ခဲ့သည်။ ပို့ကုန်အခြေအနေမှာလည်း ၁၉၅၀ ပြည့်နှစ်တွင် ကျပ်သန်း ၇၅၀ မှ ၁၉၅၅ ခုနှစ်တွင် ငွေကျပ် ၁၀၈၀ သန်း၊ ထိုမှတစ်ဆင့် တဖြည်းဖြည်း တိုးတက်ခဲ့သည်။ (ဖော်ပြသော ကိန်းများမှာ Statistical Year Book 1961 မှဖြစ်ပါသည်)။ ထိုသို့ အထွေထွေတိုးတက်လာမှုနှင့်တွဲဖက်၍ ပညာရေးကဏ္ဍအသုံးစရိတ်များလည်း ပိုလာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်များ အစပိုင်းတွင် ကျေးလက်ဒေသများ၌ လုံခြုံမှုမရှိသေးသည့်အတွက် မြို့များတွင် အခမဲ့သင်ကြားနိုင်သော အစိုးရကျောင်းများ တိုးချဲ့တည်ထောင်ခဲ့သည်။ ရန်ကုန်မြို့တွင် ဝင်ငွေနည်းမိသားစုမှကလေးများအတွက်ရည်ရွယ်၍ “မြူနီစီပယ်ကျောင်း”ခေါ် အခမဲ့ မူလတန်းကျောင်းများဖော်ထုတ်ခဲ့သည်။ ထိုမှတစ်ဆင့် ၁၉၅၂ ခုနှစ်နောက်ပိုင်းမှစ၍ ဦးနုအစိုးရ၏ “လူထုပညာရေး”အစီအစဉ်နှင့်တွဲဖက်၍ ကျေးလက်ကျောင်းများလည်း တိုးချဲ့ဖွင့်လှစ်ကြသည်။ လွတ်လပ်ရေးရပြီးသည့်နောက် မြန်မာပြည်တွင် ပညာတတ်များ လိုအပ်ချက်မှာလည်း များစွာ မြင့်မားလာခဲ့သည်။ ထိုပညာတတ်များ လိုအပ်ချက်ပေါ်မူတည်၍ ကိုလိုနီခေတ်တွင် ခရစ်ယာန်သာသနာပြု အဖွဲ့အစည်းများ၏ အခကြေးငွေယူသော ပညာသင်ကျောင်းများသာရှိခဲ့ရာ ၁၉၅၂ ခုနှစ်နောက်ပိုင်း မြို့ပြများတွင် ဘာသာရေးအဖွဲ့အစည်းနှင့် တွဲဖက်ခြင်းမရှိသော ပုဂ္ဂလိကကျောင်းများလည်း ပေါ်ပေါက်လာတော့သည်။

> **မြန်မာ့ပညာရေး၏ အဓိကအပြောင်းအလဲမှာ အမျိုးသားနေ့ကို ဖော်ဆောင်ခဲ့သော ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသား သပိတ်ပင်ဖြစ်တော့သည်။ ထိုကျောင်းသား သပိတ်ခေါင်းဆောင်များသည် နိုင်ငံအနှံ့အပြား “အမျိုးသားကျောင်း”ဟု အမည်နှင့် ခေတ်ပညာပို့ချသော အတန်းကျောင်းများကို တည်ထောင်ခဲ့ကြသည်။**

ထိုကဲ့သို့ လွတ်လပ်ရေးရပြီးစ မြန်မာပြည်ဈေးကွက်စီးပွားရေးစနစ် အစပျိုးချိန်တွင် ဖြစ်ထွန်းခဲ့သော ပညာရေးအခြေအနေ၊ ပုဂ္ဂလိကကျောင်းများ ပေါ်ပေါက်ခဲ့ကြခြင်းသည် မြန်မာပြည်ပညာရေးကဏ္ဍအတွက် များစွာအကျိုးရှိစေသည်။ ကျောင်းသားမိဘများပေးရသော ပုဂ္ဂလိကကျောင်းများမှ အခကြေးငွေသည် ဝင်ငွေ အလယ်အလတ်အိမ်ထောင်စုများ တတ်နိုင်ကြသည့်အတွက် ဝင်ငွေမမြင့်မားသောမိသားစုမှ ကလေးများအတွက် အစိုးရကျောင်းများတွင် ကျပ်တည်းမှုကို လျော့နည်းစေသည်။ ထို အချက်အပြင် ပုဂ္ဂလိကကျောင်းများမှ ပညာရေးသည် သင်ကြားရေးပစ္စည်းများ စုံလင်ခြင်း၊ ကျောင်းသား၊ ဆရာ အချိုး လျော့နည်းခြင်းစသောအချက်များကြောင့် ပိုမိုကောင်းမွန်သည်။ ဤအချက်သည် တိုင်းပြည်အတွက် အရည်အသွေးမြင့်မားသော ပညာတတ်များ မွေးထုတ်ခြင်းကို အထောက်အကူပြုသည်ဟု ယူဆရပေမည်။ နောင်တစ်ခေတ်မြန်မာပြည် ၁၉၈၀-၉၀ ပြည့်နှစ်ဝန်းကျင်နှင့် ၂၀၀၀ ပြည့်နှစ်ခန့်အထိ မြန်မာပြည်၏ပညာတတ်အများစုတို့၊ ပညာဆက်လက်ပို့ချသော ဆရာ အများစုတို့၊ ပါမောက္ခကြီးများမှ အများစုတို့မှာ ထိုကဲ့သို့ ပညာကောင်းစွာရယူခဲ့သော အဆိုပါပုဂ္ဂလိကကျောင်းများမှ ဖြစ်ကြသည်။ ဤသည်ပင် မြန်မာပြည်လွတ်လပ်ရေးရပြီးစ ပုဂ္ဂလိက ကဏ္ဍ၏ ပညာရေးတွင် စွမ်းဆောင်မှုဟု သတ်မှတ်ရပေမည်။

ပုဂ္ဂလိကကဏ္ဍ၏ ပညာရေးတွင် စွမ်းဆောင်မှုကို အကောင်းဘက်မှတင်ပြပြီး ထိုပုဂ္ဂလိကကျောင်းများ၏ အားနည်းချက်များ၊ အနုတ်လက္ခဏာဆောင်သောအချက်များကိုလည်း တင်ပြသင့်ပေသည်။ ထိုခေတ်အခါ လွတ်လပ်ရေးရပြီးစ (၁၉၅၀-၆၀) ပြည့်နှစ်များတွင် လူမျိုးရေးနှင့် ဘာသာရေးကို အခြေခံသော ကျောင်းများလည်းရှိခဲ့သည်။ များစွာသော ထိုကျောင်းများတွင် သက်ဆိုင်ရာဘာသာများသို့ ဝင်ရောက်ကြရန် အစီအစဉ်များရှိကြသည်။ ထိုသည်နှင့် တွဲဖက်၍ အချို့သောသူများက ထိုကဲ့သို့ကျောင်းများမှ ကျောင်းသားများကို မျိုးချစ်စိတ်ဓာတ် လျော့နည်းနိုင်သည်ဟုလည်း အယူရှိကြသည်။ စာရေးသူ၏ မိဘများသည် ၁၉၂၀ ပြည့်နှစ် အမျိုးသားကျောင်းလှုပ်ရှားမှုတွင်ပါဝင်ခဲ့ကြ၍ ထိုအယူအဆအရ မိမိတို့မှာ အမျိုးသားကျောင်းများ သို့မဟုတ်၊ ရန်ကုန်တက္ကသိုလ်လက်အောက် တီတီစီကဲ့သို့ အမျိုးသားကျောင်းဆန်ဆန် ကျောင်းတွင် သင်ကြားခဲ့ရသည်။ ဤအယူအဆနှင့်တွဲဖက်၍ ပုဂ္ဂလိကကျောင်းများ၏ “ဘာသာရေးဆွဲဆောင်မှု အစီအစဉ်များ”နှင့် “မျိုးချစ်စိတ်ဓာတ် လျော့နည်းနိုင်သည်”ဆိုသော ယူဆချက်များကို ခွဲခြားဆွေးနွေးလိုပါသည်။

ဦးစွာ ဘာသာရေးနှင့် ပတ်သက်၍ မိမိတို့အမျိုးသားကျောင်းများတွင်လည်း ဘုရားရှိခိုးရသော အစီအစဉ်များကဲ့သို့ပင် အခြားဘာသာကျောင်းများတွင် “ဝတ်ပြုရခြင်း” အစီအစဉ်များရှိကြပါသည်။ သို့သော် ယခု နှစ်ပေါင်းများစွာကြာလာသည့်အခါ ပြန်လည်သုံးသပ်သည်မှာ ထိုအခြားသူများ ဘာသာကိုပြောင်းလဲရန် ကြိုးစားခြင်းအစီအစဉ်များမှာ မိမိတို့တိုင်းပြည်ရှိအဓိကဘာသာကြီးများကို လိုက်နာကျင့်သုံးသူများအတွက် အောင်မြင်မှုမရှိကြောင်း တွေ့ရှိရသည်။ စာရေးသူတို့ ကျောင်းတွင် ဗုဒ္ဓဘာသာတို့ ထုံးစံအတိုင်း ဘုရား၊ တရား၊ သံဃာများကို ရှိခိုးခဲ့ကြရသော်လည်း မိမိတို့ကျောင်းမှ အခြားဘာသာဝင်များမှာ ကျောင်းပြီးဆုံးသည့်အခါ ကိုယ်ပိုင် ဘာသာများကို ဆက်လက်လိုက်နာကျင့်သုံးကြကြောင်း တွေ့ရှိရသည်။ အလားတူပင် ဗုဒ္ဓဘာသာမဟုတ်သော အခြားဘာသာရေးကိုအခြေခံသော ကျောင်းများမှ ကျောင်းသားဟောင်းများမှာလည်း ကိုယ်ပိုင်မူရင်း ဗုဒ္ဓဘာသာကို ပစ်ပယ်သွားသူဟူ၍ မရှိခဲ့ကြပါပေ။ တစ်ဖန် ထိုကဲ့သို့ ဘာသာရေး အခြေခံသောကျောင်းများမှ ကျောင်းသားများသည် မျိုးချစ် စိတ်ဓာတ်လျော့နည်းနိုင်သည်ဟု အယူနှင့်ပတ်သက်၍ ဆွေးနွေးလိုပါ သည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍လည်း စာရေးသူတွေ့ရှိချက်မှာ ယခုအခါ အသက် ၇၀-၈၀ ကျော်တို့၊ ခရစ်ယာန်သာသနာပြုကျောင်းများတွင် စာသင်ကြားခဲ့ပြီး ယခု နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသူ ဦးထင်ကျော်အပါအဝင် တိုင်းကျိုးပြည်ကျိုးလုပ်ဆောင်သွားသူများ၊ လုပ်ဆောင်လျက်ရှိသူပေါင်းများ၊ ထိုကျောင်းများမှ သင်ကြားခဲ့သူများတွင် အသက်စွန့်သွားသော တပ်မတော် အရာရှိကြီးများ များစွာတွေ့ရှိရသည်။ အမှန်စင်စစ် ထိုအကြောင်းအရာများဖြစ်သော ဘာသာကိုင်းရှိုင်းမှု၊ မျိုးချစ်စိတ်ထားရှိမှု စသည်တို့သည် မိဘအိမ်မှ ပံ့ပိုးမှု၊ လွှမ်းမိုးမှုနှင့် လူတစ်ဦးချင်း၏ ဆင်ခြင်စဉ်းစားမှုများသည် အဓိကဖြစ်သည်ဟု စာရေးသူယူဆပါသည်။ ထိုအချက်အပြင် ကျောင်းစာ၊ ကျောင်းသင်ရိုးညွှန်းတမ်းနှင့် ပတ်သက်၍ တင်ပြရပါမူ ထိုခေတ်အခါ ဒီမိုကရေစီစနစ် အစပျိုးချိန်တွင် မြန်မာပြည်မှ တက္ကသိုလ်နှစ်ရပ်ဖြစ်သော ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှာ အဆင့်မီ ကမ္ဘာ့အသိအမှတ်ပြုခံရသော တက္ကသိုလ်များဖြစ်ကြ၍ ထိုစဉ်က မြန်မာတိုင်းရင်းသား ကျောင်းသားအားလုံးတို့မှာ ထိုတက္ကသိုလ်တို့မှ နီးစပ်ရာတက္ကသိုလ်သို့ဝင်ရောက်ရန် ကြိုးစားကြသည်။ ထိုသည်ကြောင့် တက္ကသိုလ်ဝင်ရန်အတွက် လေ့လာသင်ကြားကြရသော စာပေတို့မှာ ကျောင်းများအားလုံးတွင် အကြမ်းအားဖြင့် တူညီကြသည်။ အင်္ဂလိပ်ဘာသာအဆင့်တွင် ကွာခြားပြီး အချို့ဘာသာများဖြစ်သော ဓာတုဗေဒ၊ ရူပဗေဒ စသည်တို့တွင် သင်ပုံသင်နည်း ကွာခြားကြသည်။

လွတ်လပ်ရေးရပြီးစ(၁၉၅၀-၆၀)ပြည့်နှစ်များအတွင်း ပညာရေးအခြေအနေများကို အကျဉ်းချုံးတင်ပြပြီး ယခုလက်ရှိ အခြေအနေနှင့် ဆက်စပ်တင်ပြလိုပါသည်။ ယခုအခါတွင် ဈေးကွက်စီးပွားရေးစနစ်ဟု ပြောင်းလဲကြပြီး ပုဂ္ဂလိကစာသင်ကျောင်းများ ပေါ်ပေါက်လျက်ရှိပေပြီ။ အထက်တွင်တင်ပြခဲ့သည့် ပုဂ္ဂလိကကဏ္ဍမှ ပညာရေးသည် မိမိတို့နိုင်ငံကို အထောက်အကူပြုသည့်အတွက် ထိုကဲ့သို့ကျောင်းများပေါ်ပေါက်ရန် အားပေးသင့်သည်။ လူငယ်များအတွက် ကျောင်းများဖြစ်သည့်အတွက် ထိုကျောင်းများသည် စာမေးပွဲအောင်ချက်မြင့်မားရေးတစ်မျိုးတည်းကိုသာ အလေးမပေးဘဲ လူငယ်များဘက်စုံဖွံ့ဖြိုးမှုကို အဓိကဦးစားပေးသင့်သည်။ ကျောင်းများတွင် ကိုယ်ကာယဖွံ့ဖြိုးရန် အချိန်၊ အစီအစဉ်နှင့်နေရာများလည်းထားရှိရန်လိုအပ်ပေသည်။

လေ့လာတွေ့ရှိချက်မှာ မန္တလေးမြို့တွင်(၄၀-၅၀ ရာခိုင်နှုန်း) ခန့်သော ကျောင်းသားများပင် ထိုပုဂ္ဂလိကကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိကြသည်ဟု ခန့်မှန်းပါသည်။ ပြင်ဦးလွင်မြို့တွင်မူ မြန်မာပြည်အရပ်ရပ်မှ ကျောင်းသားများကို လက်ခံသင်ကြားပေးနေသော ကျောင်းများပေါ်ပေါက်လျက်ရှိသည်။ သို့သော် ရန်ကုန်မြို့တွင်မူ ထိုပုဂ္ဂလိကကျောင်းများ ဖြစ်ထွန်းမှုနှေးကွေးနေသည်။ အဓိကအကြောင်းမှာ ရန်ကုန်မြို့မြေဈေးကြီးမားခြင်းကြောင့်ဟု ကြားသိသည်။ သို့သော် ရန်ကုန်မြို့တွင် ငွေကြေးတတ်နိုင်သောမိဘများက အမည်ရကျောင်းကြီးများတွင် အမည်ပေးထားပြီး ဘာသာစုံ ကျူရှင်ဝိုင်းကြီးများစနစ်ကိုပင် ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ (ဤကိစ္စနှင့်ပတ်သက်သောအချက်များမှာ တရားဝင်စာရင်းဇယားများမရှိသဖြင့် ခန့်မှန်းချက်များကိုသာဖော်ပြနိုင်ပါသည်။)

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၈-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၂)တွင် ပါရှိသော “ကျန်းမာရေးဝန်ကြီးဌာန အလုပ်ရုံ ဆွေးနွေးပွဲများတွင် ဖဲကြိုးပြာလှုပ်ရှားမှု ဗဟိုကော်မတီ ကိုယ်စားလှယ်များ ဝန်ထမ်းအနေဖြင့် ပါဝင်ခွင့်ရရန် သဘောတူညီ” သတင်းခေါင်းစဉ်အစား **“ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အလုပ်ရုံဆွေးနွေးပွဲများတွင် ဝန်ထမ်းကျန်းမာရေးမှူးများ ပါဝင်ခွင့်ရရန် သဘောတူညီ”**ဟု လည်းကောင်း၊ နောက်ဆုံးစာပိုဒ် စာကြောင်းရေ(၃)တွင် “ကျန်းမာရေးဝန်ကြီးဌာနတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသည့်အခါတိုင်း ဖဲကြိုးပြာလှုပ်ရှားမှုဗဟိုကော်မတီ ကိုယ်စားလှယ်များ ဝန်ထမ်းအနေဖြင့် ပါဝင်ခွင့်ရရှိရန် ပြည်ထောင်စုဝန်ကြီးနှင့် သဘောတူ” အစား **“ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသည့်အခါတိုင်း ဝန်ထမ်းကျန်းမာရေးမှူးများပါဝင်ခွင့်ရရှိရန် ပြည်ထောင်စုဝန်ကြီးနှင့် သဘောတူ”**ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

## ပြည်တွင်းပြည်ပဝယ်ယူစုဆောင်းမှုများကြောင့် ပန်းချီလောက တိုးတက်မှုရှိလာ

**မန္တလေး ဩဂုတ် ၂၆**

မြန်မာ့ပန်းချီကားများကိုပြည်ပသာမက ပြည်တွင်းဝါသနာရှင်များကပါ စိတ်ဝင်တစား ဝယ်ယူစုဆောင်းမှုများပြားလာခြင်းကြောင့် ပန်းချီလောက တိုးတက်မှုရှိလာကြောင်း မြန်မာပြည် ရေဆေးပန်းချီအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်း (သစ်ထွင်း) က ပြောသည်။

“မြန်မာ့ပန်းချီကားတွေကို အရင်က ပြည်ပခရီးသွားတွေကိုပဲ အားကိုးပြီးရောင်းနေရတာပါ။ အခုတော့ ပြည်တွင်းမှာလည်း စိတ်ဝင်တစားနဲ့ ဝယ်ယူစုဆောင်းမှုတွေရှိလာကြပြီဆိုတော့ မျိုးဆက်သစ်ဝါသနာရှင်တွေအတွက် အခွင့်လမ်းကောင်းတွေ ပေါ်လာသလို လက်ရှိပန်းချီဆရာကြီးတွေအနေနဲ့လည်း ငြိမ်နေလို့မရတော့ဘူး။ လေ့လာမှုတွေလုပ်နေကြရပြီ”ဟု ၄င်းက ပြောသည်။

ထို့ပြင် ပန်းချီပြပွဲများ မကြာခဏကျင်းပပေးခြင်းကြောင့် ပန်းချီကားများကို လာရောက်လေ့လာကြည့်ရှုကာ ဝယ်ယူစုဆောင်းကြသူများနှင့် မျိုးဆက်သစ်ပန်းချီဝါသနာရှင်အများအပြားပေါ်ထွက်လာကြောင်း ပန်းချီဆရာ ကိုမိုးဦးက ပြောသည်။ “လက်ရှိပန်းချီဆရာတွေအနေနဲ့လည်း ပြိုင်ဆိုင်မှုတွေနဲ့အတူ သူတို့ရဲ့အရည်အသွေးတွေလည်း မြင့်မားလာတဲ့အတွက် ပန်းချီလောက တိုးတက်မှုရှိလာပါတယ်”ဟု ၄င်းက ပြောသည်။ ယခုအခါတွင် နိုင်ငံတကာပန်းချီပညာရပ်များအား အွန်လိုင်းမှတစ်ဆင့် အလွယ်တကူ လေ့လာခွင့်ရရှိနေပြီး ပြည်ပနိုင်ငံများနှင့်လည်းဆက်သွယ်ဆောင်ရွက်ရန် အခွင့်အလမ်းများလည်း ပွင့်လင်းလာသည့်အပြင် မန္တလေးတောင်ပန်းချီခန်းမတွင်လည်း ပန်းချီဆရာကြီးများ ပွင့်လင်းရာသီအမီပြသရန် လက်တွေ့ရေးဆွဲနေမှုအား ပန်းချီဝါသနာရှင်များ သွားရောက်ကြည့်ရှု၍ သင်ယူနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကဏ္ဍသည် အရေးကြီးသဖြင့် ကိုယ်စားလှယ်များ ဆွေးနွေးချက်များအပေါ် အလေးအနက်ထားဆောင်ရွက်ပေးရန် လွှတ်တော်ဥက္ကဋ္ဌပြောကြား

**နေပြည်တော် ဩဂုတ် ၂၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ဖယ်ခုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင်၏ **ရွှေပြည်အေး လူငယ်ပြန်လည်ထူထောင်ရေးစခန်းအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ သိလိုကြောင်း** မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးက ရွှေပြည်အေးစခန်းကို ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ် မရှိ ကြောင်း ဖြေကြားသည်။

အဆိုပါ ဖယ်ခုံမြို့နယ် အနီးတစ်ဝိုက်တွင် မူးယစ်ဆေးစွဲကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးရန် လိုအပ်ပါက ဒေသတွင်းရှိ မူးယစ်ဆေးစွဲလူနာများအား မူးယစ်ဆေးသုံးစွဲမှုကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (ဆေးကုသရေးလုပ်ငန်းအဖွဲ့)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့)တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ လူထုအခြေပြု မူးယစ်ဆေးစွဲကုသမှုများ ဆောင်ရွက်ပေးနိုင်ပါကြောင်းကို ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ဆောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၏ **မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့အား ကျောက်ထုမြို့နယ်အဖြစ် အမြန်ဆုံးဖွဲ့စည်းသတ်မှတ်ပေးနိုင်ခြင်း ရှိ မရှိ** မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးက **ကျောက်ထုမြို့အား ကျောက်ထုမြို့နယ်အဖြစ် တိုးချဲ့ဖွဲ့စည်းရန် လတ်တလောအစီအစဉ် မရှိကြောင်း** ဖြေကြားသည်။

ဒုတိယဝန်ကြီးက ဆောမြို့နယ် ကျောက်ထုမြို့အား မြို့နယ်အဖြစ် တိုးချဲ့ဖွဲ့စည်းရန် တင်ပြလာပါက အခြားသော မြို့ ၁၄၅ မြို့ကိုလည်း မြို့နယ်အဖြစ် တိုးချဲ့ဖွဲ့စည်းပေးရမည့်အခြေအနေ ဖြစ်ပေါ်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ မြို့အဆင့်တွင် အစိုးရဌာန ၂၀ ခုရှိပြီး မြို့နယ်အဆင့်တွင် အစိုးရဌာနပေါင်း ၃၉ ခုအထိ တိုးချဲ့ဖွဲ့စည်းရမည်ဖြစ်သည့်အပြင် ရုံးဌာနများ၏ ဖွဲ့စည်းပုံကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း ၊ ထိုသို့ ၁၄၆ မြို့နယ်ကို မြို့နယ်အဖြစ်တိုးမြှင့်မည်ဆိုပါက တိုးချဲ့ဖွဲ့စည်းတာဝန်ပေးရမည့် ဝန်ကြီးဌာနအသီးသီးမှ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများစွာ တိုးမြှင့်ခန့်အပ်ရန် လိုအပ်လာခြင်းများ ဖြစ်ပေါ်လာမည့်အပြင် လတ်တလောအခြေအနေအရလည်း ဝန်ထမ်းများ လုံလောက်စွာတာဝန်ပေးနိုင်ရန် အခက်အခဲများ ရှိလာနိုင်ပါကြောင်း၊ ၎င်းတို့အတွက် ရုံးအဆောက်အအုံ၊ နေအိမ်အဆောက်အအုံ၊ ယာဉ်နှင့်အခြားသော ပစ္စည်းများဖြည့်တင်းရန် ငွေလုံး ငွေရင်းများစွာ လိုအပ်ခြင်း၊ ရုံးလုပ်ငန်းဆောင်ရွက်နိုင်ရေး သာမန်ငွေစာရင်းများစွာ လိုအပ်လာခြင်းစသည့် များစွာသော နိုင်ငံ့ဘဏ္ဍာငွေများကို ပိုမိုသုံးစွဲရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉၊ ပုဒ်မ ခွဲ (က)တွင် မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်း၍လည်းကောင်း ၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟု ပြဋ္ဌာန်းပါရှိရာ မြို့နယ်တိုးချဲ့ဖွဲ့စည်းခြင်းသည် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းအပေါ် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် အငြင်းပွားဖွယ်ရာ ကိစ္စရပ်များလည်း ပေါ်ပေါက်လာနိုင်ကြောင်းကို တွေ့ရှိရပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒီပဲယင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် **ဦးဝင်းမြင့်အောင်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အကျဉ်းသား အကျဉ်းသူများအား ကြီးကြပ်ကူညီစောင့်ရှောက်မည့် ကော်မတီများဖွဲ့စည်းပေးနိုင်ခြင်း ရှိ / မရှိ** မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးက အကျဉ်းထောင်များနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များတွင် လစ်ဟာမှုမရှိသည်ကို စိစစ်တွေ့ရှိရပြီး လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ **အကျဉ်းထောင်လက်စွဲပါ ဘုတ်အဖွဲ့ဝင်များ စာရင်းတွင် ပါဝင်သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒေသဆိုင်ရာ အာဏာပိုင်များမှလည်း ဝင်ရောက်စစ်ဆေးခြင်းနှင့် ICRC မှ ဝင်ရောက်လေ့လာခြင်းများ ပြုလုပ်ပြီး ၎င်းတို့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကြောင့် ကြီးကြပ်ကူညီ စောင့်ရှောက်မည့် ကော်မတီများဖွဲ့စည်းရန် အစီအစဉ်ပါရှိကြောင်း** ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေးတင်သွင်းသည့် **ကျေးလက်ဒေသ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်သည့်ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ငွေခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ကျောက်တန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက** တောင်တန်းဒေသများတွင် ရှိနေသည့် ပညာရေးဝန်ထမ်းများ၏ အခြေအနေကို အားလုံးမြင်တွေ့ကြရပြီးဖြစ်ပါကြောင်း၊ သွားလာရခက်ခဲသည့် တောင်တန်းဒေသများသာမက ရန်ကုန်မြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ဝန်ထမ်းအိမ်ရာများသည်ပင် သင့်လျော်မှုမရှိသည်ကို မြင်တွေ့နေရပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ ယင်းသို့ဖြစ်နေရခြင်းမှာ နိုင်ငံတော်၏ ဘတ်ဂျက် လိုအပ်ချက်တစ်ခုတည်းကြောင့် မဟုတ်ပါကြောင်း၊ အကျင့်ပျက်ခြစားမှုများကြောင့် သုံးစွဲခွင့်ရသည့် ဘဏ္ဍာငွေများသည် အောက်ခြေအထိ ရောက်မလာခြင်းသည်လည်း အကြောင်းရင်းတစ်ခု ဖြစ်ပါကြောင်း။

မိမိအနေဖြင့် အကြံပြုလိုသည်မှာ ဒေသခံများကို ဦးစားပေးခန့်ထားမည်ဆိုပါက ဝန်ထမ်းအိမ်ရာလိုအပ်ချက်များကို လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောက်လုပ်ပေးရန်လိုအပ်နေသည့် ဝန်ထမ်းအင်အားစာရင်းနှင့် လက်ရှိဝန်ထမ်းအိမ်ရာများ၏ အခြေအနေကိုလည်း စစ်တမ်းကောက်ယူထားသင့်ပါကြောင်း၊ အဆိုရှင်တင်ပြသွားသည့်အတိုင်း ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေသည့် ဒေသများအပြင် အလိုအပ်ဆုံး အခြေအနေ၊ ဆိုးရွားစွာပျက်စီးနေသည့် ပြယုဂ်မကောင်းသည့် အိမ်ရာအခြေအနေများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအဖြစ် ရေရှည်စီမံကိန်းချမှတ်ကာ အနိမ့်ဆုံးရှိသင့်သည့် စံချိန်စံညွှန်းသတ်မှတ်ပြီး တည်ဆောက်ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ဘုတ်ပြင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်းက** ပညာရေးဝန်ကြီးဌာနသည် မိမိတို့နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ကို စတင်မွေးထုတ်ပေးနေသည့် ဌာနကြီးပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှု အနည်းဆုံးစာရင်းတွင် ပါဝင်နေပါကြောင်း၊ ယင်းသို့ ပါဝင်နေရခြင်း၏ အဓိကအကြောင်းရင်းများထဲတွင် ပညာရေးအဆင့်အတန်း နိမ့်ကျနေခြင်းသည်လည်း တစ်ချက်အပါအဝင် ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မူဝါဒများ၊ သင်ကြားမှု သင်ယူမှုများ ပြောင်းလဲရုံမျှနှင့် မလုံလောက်ပါကြောင်း၊ ယင်းမူဝါဒများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ရပ်ရွာထဲတွင် ဂုဏ်သိက္ခာရှိရှိ ဘဝရပ်တည်နိုင်စေရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း။

ဆရာ ဆရာမများအနေဖြင့် စားဝတ်နေရေး စသည့် လူနေမှုအခက်အခဲများ ရှိပါက သင်ကြားရေးကို အာရုံစူးစိုက်၍ ကောင်းမွန်စွာ သင်ကြားပေးနိုင်မည် မဟုတ်ပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ရပ်ရွာမှ စီစဉ်ပေးသည့် နေရာများတွင် နေထိုင်ကြရပြီး စီစဉ်ပေးမှုမရှိပါက စာသင်ဆောင်များတွင် ဖြစ်သလို နေကြရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးတွင် တစ်ပြေးညီ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာ၌ ပညာရေးဝန်ထမ်းများဖြစ်သည့် ဆရာ၊ ဆရာမများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုဘတ်ဂျက်မှ ကျခံသုံးစွဲသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဆွေးနွေးကာ အဆိုကို မှတ်တမ်းအဖြစ်ထားရှိပေးရန် လွှတ်တော်သို့ တင်ပြသည်။

သို့သော် အဆိုရှင် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးက မှတ်တမ်းအဖြစ် သာမကဘဲ စောင့်ကြည့်ပေးပါရန် လွှတ်တော်သို့ ပန်ကြားသဖြင့် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ သဘောတူညီမှုရသဖြင့် အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် ကြေညာသည်။

**ကျေးလက်ဒေသ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံး အတိုင်းအတာအရ ခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှု နောက်ကျပြီး အမှန်တကယ် လိုအပ်သည့်ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ငွေ ခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း**

ယနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း ၊ ထို့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးချက်များအပေါ် အလေးအနက်ထား ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြု

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **“မြန်မာနိုင်ငံပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေ”**ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။



**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)မှ ဒေါ်ကျိန်ငိုက်မန်**

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)မှ ဒေါ်ကျိန်ငိုက်မန်က **“မြန်မာနိုင်ငံပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေ”**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က အတည်ပြုပေးရန် အဆိုတင်သွင်းသည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် ယင်းဥပဒေကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်၏ **“နိုင်ငံတော်အစိုးရအနေဖြင့် မြေမြှုပ်မိုင်းအသုံးပြုမှုသဘောတူစာချုပ်အား လက်မှတ်ရေးထိုးရန်အစီအစဉ် ရှိ/မရှိနှင့် ဒေသခံကျေးလက်ပြည်သူများကို အန္တရာယ်မှ ကယ်တင်မည့် မိုင်းရှာ မိုင်းဖျက်ဆီးရေး စီမံချက် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မြန်မာနိုင်ငံအနေဖြင့် စာချုပ်တွင်အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပါဝင်လိုက်သည်နှင့် မိုင်းစာရင်းများ ပြုစုခြင်း၊ မိုင်းထောင်ထားသည့် ဧရိယာများကို ရှာဖွေစာရင်းပြုစုခြင်း၊ သတ်မှတ်ကာလအတွင်း မိုင်းများဖျက်ဆီးခြင်း၊ မိုင်းထောင်ထားသည့် ဧရိယာများကို ရှင်းလင်းခြင်း၊ အတည်ပြုပါဝင်ပြီး ရက်ပေါင်း ၁၈၀ အတွင်း မိုင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ အစီရင်ခံစာ တင်ပြခြင်းစသည်တို့ကို ပြုလုပ်ပေးရမည်ဖြစ်ရာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ရှိနေဆဲဖြစ်သည့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရ စာချုပ်ပါတာဝန်ရှိမှုများကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန် အခက်အခဲရှိ မရှိ ထည့်သွင်းစဉ်းစားပြီး စာချုပ်တွင် အတည်ပြုပါဝင်ရန် သင့် မသင့် သုံးသပ်စဉ်းစားသင့်ပါကြောင်း။

လက်ရှိအခြေအနေတွင် မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ရေးနှင့်ပတ်သက်သော နည်းပညာများ၊ နိုင်ငံတကာ၏ အတွေ့အကြုံများကို ရယူလျက်ရှိရာ မိုင်းအသိပညာပေး ဆောင်ရွက်မှုဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်းများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေး သင်တန်းများ သင်ကြားပေးလျက်ရှိပြီး မိုင်းရှင်းလင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပါကြောင်း၊ လက်ရှိတွင် ဒေသခံကျေးလက်ပြည်သူများကို မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် စစ်အင်ဂျင်နီယာ တပ်ဖွဲ့အနေဖြင့် ကရင်ပြည်နယ်အတွင်းရှိ ဖာပွန်-ခေါ်ပုတ်-နတ်တောင်-ဒါးကွင်း လမ်းကြောင်းတစ်လျှောက်တွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် သုမွဲထ-မြစ်ဆုံ ဒေသတစ်ဝိုက်တွင် မိုင်းရှာ မိုင်းဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားခဲ့သည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါ်နန်းနီနီအေး၏ **“တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို သိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့ကို အရာထမ်းရာထူးနေရာ ၃၇၀၊ အမှုထမ်းရာထူး ၇၆၁ နေရာ စုစုပေါင်း ၁၁၃၁ နေရာဖြင့် ဖွဲ့စည်းနိုင်ရေးတင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခွင့်ပြုခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်ရန်ပုံငွေကိုလည်းရေးဆွဲပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ ညွှန်ကြားရေးမှူးချုပ်ရုံးများကို စတင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနသည် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသများရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ကြီးများနှင့် တွေ့ဆုံပြီး တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ နေ့ထူးနေ့မြတ်များ လွတ်လပ်စွာဆောင်ရွက်နိုင်ရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေးစသည့် လုပ်ငန်းများအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေး၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများဆိုင်ရာ ယဉ်ကျေးမှုပြက္ခဒိန်ရေးဆွဲနိုင်ရေး၊ ဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို Bottom Up စနစ်ဖြင့် ရေးဆွဲချမှတ်အကောင်အထည် ဖော်နိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဦးစီးဌာနရုံးများကို ဆက်လက်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါရုံးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၏ ရုံးအဖွဲ့များသဖွယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာန၏ ဝန်ထမ်းဖွဲ့စည်းမှု ဆောင်ရွက်ပြီးသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အပေါ်အခြေခံ၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသည် တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနသည် တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကာကွယ်ခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။ **(သတင်းစဉ်)**

# ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးအကြံပြု အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးစီး





**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်း ပါဝင်ကူညီမှုဖြင့် ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲ (Consultative Workshop on Civil Service Reform Strategic Action Plan)ကျင်းပပြီးစီးခြင်း အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ကူညီကြီးကြပ်သည့် ပြည်တွင်း/ပြည်ပ ပညာရှင်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း/ ပြည်ပ အရပ်ဘက် အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ကိုယ်စားလှယ်များ စုစုပေါင်း ၁၃၀ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အုပ်စု လေးခု၏ ဆွေးနွေးချက်များကို တင်ပြရာ အုပ်စု(၁) အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ အုပ်စု (၂) အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင်၊ အုပ်စု (၃)အတွက် အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာ မြင့်၊ အုပ်စု(၄)အတွက် မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်တို့က ရှင်းလင်းတင်ပြ ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြု ဆွေးနွေးချက်များကို လုပ်ငန်းစီမံချက် မူကြမ်းရေးဆွဲကာ နိုင်ငံတကာမှ ကျင့်သုံးသည့် အကောင်းဆုံးလေ့ကျင့်ပုံစံများ နှင့် ကိုက်ညီအောင် အသေးစိတ်ထပ်မံ ဆွေးနွေးပြီး ပါဝင်ပတ်သက်သူများ၏ အကြံဉာဏ်များ၊ တင်ပြချက်များ၊ မှတ်ချက်များကို လက်ခံရယူသုံးသပ်ကာ ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာစီမံချက်လုပ်ငန်း ဆောင်ရွက်မှုအစီအစဉ်များကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

# ပြည်သူ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာတွင် ရသင့်ရထိုက်သည့် ရာထူးအခွင့်အလမ်းများနှင့်အညီ မြှင့်တင်ပေးရန်လိုအပ်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏စီမံမှုဖြင့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပသည့် ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးအကြံပြု အလုပ်ရုံဆွေးနွေးပွဲ (Consultative Workshop on Civil Service Reform Strategic Action Plan)၌ ပါဝင်ဆွေးနွေးခဲ့ကြသော ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ပြောကြားချက်များကို ဖော်ပြလိုက်ပါသည်-**

**အမေး/အရေး - သတင်းအဖွဲ့**
**ဓာတ်ပုံ - သန့်ဇင်ဝင်း၊ ကျော်ထိုက်စိုး**

**Mr. Christopher C. Politis**
**Chief Technical Advisor၊ UNDP**

ပြည်သူ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးဖြစ်လာဖို့ ဆိုရင် ပြည်သူနဲ့ ပြည်သူ့ဝန်ထမ်းတွေ စိတ်နေစိတ်ထားခံယူချက် (Mindset) ပြောင်းလဲဖို့ လိုအပ်ပါတယ်။ ပြည်သူတွေက ပြည်သူ့ဝန်ထမ်းတွေအပေါ် မြင်တဲ့အမြင်လည်း ပြောင်းလဲဖို့ လိုအပ်ပါတယ်။ ပြည်သူ့ဝန်ထမ်းတွေကလည်း ပြည်သူအပေါ် စေတနာထားပြီး ဝန်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ ပြည်သူ့ဝန်ထမ်းတွေအနေနဲ့ ပြည်သူ့လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးဖို့နဲ့ နိုင်ငံတိုးတက်အောင် ဘယ်လိုလုပ်ဆောင်မယ်ဆိုတဲ့ ခံယူချက်လည်း ရှိဖို့လိုအပ်ပါတယ်။ ပြည်သူ့ဝန်ထမ်း တစ်ယောက်ဟာ မိုးလင်းအိပ်ရာထတာနဲ့ အလုပ်ခွင်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြည်သူ့အပေါ် ဘယ်လိုဝန်ဆောင်မှုပေးရမယ်ဆိုတဲ့စိတ်နဲ့ တာဝန်ထမ်းဆောင်လာတဲ့အဆင့်အထိ ရောက်အောင် စိတ်ရဲ့တွန်းအားဖြစ်လာဖို့ လိုအပ်ပါတယ်။ အစိုးရဘက်ကလည်း ပြည်သူ့ဝန်ထမ်းတွေ လိုအပ်တဲ့ ရာထူး၊ အခွင့်အလမ်းအစရှိတဲ့ Motivation တွေကိုပေးပြီး ပြည်သူ့ဝန်ထမ်းတွေကလည်း တက်တက်ကြွကြွနဲ့ အလုပ်လုပ်ကြရင် ဝန်ထမ်းထုအတွင်းမှာလည်း ပျော်ရွှင်ဖွယ်ရာတွေ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။



Mr. Christopher C. Politis



Ms. Elodie Beth



Mr. Max Everest-Phillips

**Ms. Elodie Beth**
**ဒေသဆိုင်ရာ အဂတိတိုက်ဖျက်ရေးအကြံပေး၊ UNDP**

မြန်မာနိုင်ငံကိုကြည့်ရင် ပြည်သူ့ဝန်ထမ်းကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် လက်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့လည်း ရှိတယ်။ မြန်မာအစိုးရကလည်း ပြည်သူ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို ထောက်ပံ့ထားတာရှိတယ်။ ဦးဆောင်မှုအပိုင်းအနေနဲ့ တွန်းအားကတော့ အပြည့်အဝရှိနေပါတယ်။ ဦးဆောင်မှုအပိုင်းက ပြုပြင်ပြောင်းလဲချင်တဲ့စိတ်နဲ့ ပြုပြင်ပြောင်းလဲလိုတဲ့ တွန်းအားအပြည့်အဝရှိနေတယ်။ ဒါပေမယ့် ကမ္ဘာပေါ်က ဘယ်နိုင်ငံမှာမဆို ပြည်သူ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရာမှာ ဆယ်စုနှစ်တွေချီပြီး ကြာမြင့်လေ့ရှိပါတယ်။ နှစ်ပေါင်းများစွာ ကြာမှာပါ။ နောက်တစ်ချက်ကတော့ အစိုးရအနေနဲ့ ပြည်သူတွေရဲ့ လိုလားချက်တွေ၊ ဆန္ဒတွေကို ဘယ်လိုဖြည့်ဆည်းပေးမလဲ။ နိုင်ငံတစ်နိုင်ငံလုံး ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်တဲ့အချိန်မှာ ပြည်သူ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို ဘယ်လိုစီးမျောလိုက်ပါရမလဲဆိုတာ နေရာတကျဖြစ်ဖို့လိုပါတယ်။ အဲဒီအပိုင်းမှာ အခက်အခဲတွေ ရှိနိုင်ပါတယ်။

တက်ရောက်ဆွေးနွေးကြတဲ့ အစိုးရဘက်ကရော၊ အရပ်ဘက်အဖွဲ့အစည်းတွေဘက်ကပါ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ဆွေးနွေးခဲ့ကြတယ်။ ဆွေးနွေးမှုတွေထဲမှာ ဘာတွေတွေ့ရလဲဆိုတော့ အစိုးရအဖွဲ့အစည်းတွေမှာ ကြိုးနီစနစ်ကြောင့် အုပ်ချုပ်ရေးယန္တရားမှာ အခက်အခဲရှိတာတွေ၊ အဂတိလိုက်စားမှုရှိတာတွေ၊ ပြီးတော့ စီမံခန့်ခွဲမှုအပိုင်းမှာရှိတဲ့ တာဝန်ရှိသူတွေရဲ့ စွမ်းဆောင်ရည်နဲ့ပတ်သက်တဲ့ အခက်အခဲတွေကို အဓိက ဆွေးနွေးခဲ့ကြပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း အဲဒီအခက်အခဲတွေကို သိတယ်။ ဖြေရှင်းဖို့လည်း ကြိုးစားနေတယ်။ ဆွေးနွေးမှုတွေထဲမှာ ဘာကိုတွေ့ရသလဲဆိုတော့ ပြည်သူ့ဝန်ထမ်းတွေ၊ အစိုးရအရာရှိတွေအားလုံးက ပြည်သူတွေအတွက် ပြည်သူ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲပေးဖို့၊ ပြည်သူတွေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးဖို့က ပြည်သူ့ဝန်ထမ်းတွေရဲ့တာဝန်ပဲလို့ ခံယူထားတာကို တွေ့ရပါတယ်။

**Mr. Max Everest-Phillips**
**Global Centre for Public Service Excellence မှ ညွှန်ကြားရေးမှူး၊UNDP**

ပြည်သူ့ဝန်ထမ်းရေးရာဆိုတာ အလွန်ရှုပ်ထွေးတဲ့ ယန္တရားတစ်ခုဖြစ်ပြီး သမိုင်းကြောင်းကို လွှမ်းမိုးနိုင်ပါတယ်။ ပြည်သူ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာမှာ အထူးဂရုစိုက်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒီလို လုပ်ဆောင်ရာမှာ အစိုးရအရာရှိတွေရဲ့ စေ့ဆော်မှုကို မိမိတို့ ရသင့်ရထိုက်တဲ့ ရာထူးအခွင့်အလမ်းတွေနဲ့အညီ မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ ပြည်သူနဲ့ အစိုးရကြား ယုံကြည်မှုတည်ဆောက်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံ ပြည်သူ့ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးမှာ UNDP က ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်တဲ့အကြံဉာဏ်တွေ ပေးနေပါတယ်။

**ဦးစောဗယ်လင်တိုင်း**
**အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဝန်ထမ်းအဖွဲ့အစည်းတွေထဲမှာ ပြည်သူတွေ ချစ်မြတ်နိုးတဲ့ အဖွဲ့အစည်းဖြစ်လာဖို့ ဝန်ထမ်းအဖွဲ့အစည်းတွေ ပြောင်းလဲဖို့ ထက် တိုးတက်ကောင်းမွန်အောင် လုပ်ဖို့ပဲ စိုင်းပြင်းတာပါ။ ကျွန်တော်တို့ဝန်ကြီးဌာနအသီးသီးဟာ ပြီးခဲ့တဲ့ကာလတွေမှာ ပြည်သူတွေ အားကိုးလောက်တဲ့၊ ပြည်သူတွေ ချစ်မြတ်နိုးတဲ့ အဖွဲ့အစည်းအနေနဲ့ မရပ်တည်နိုင်ခဲ့ဘူး။ ဒါ့ကြောင့် ပြည်သူ့တွေကို အလုပ်အကျွေးပြုတဲ့ အဖွဲ့အစည်းဖြစ်အောင် ကြိုးစားပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

ကြိုးစားဆောင်ရွက်တဲ့ နေရာမှာလည်း ကျွန်တော်တို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ တစ်ဖွဲ့တည်းနဲ့ လုပ်လို့ မရပါဘူး။ ကျွန်တော်တို့ ဒီဟာကို ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် ဝန်ကြီးဌာနအသီးသီးကိုလည်း ဖိတ်ကြားပြီး ဆွေးနွေးပွဲတွေ မကြာခဏလုပ်ရပါတယ်။ ဒါတင်မကပါဘူး။ ပြည်တွင်းအဖွဲ့တွေ အပြင် နိုင်ငံတကာမှာရှိတဲ့၊ ကူညီချင်တဲ့ အဖွဲ့အစည်းတွေကို ဖိတ်ကြားပြီး ကျွန်တော်တို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ လုပ်တဲ့ ဆွေးနွေးပွဲတွေရှိသလို ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ တခြားသော ဝန်ကြီးဌာနတွေ ပူးပေါင်းဆွေးနွေးပွဲတွေလည်း အများကြီး လုပ်ခဲ့ပါတယ်။ ဒါဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ဝန်ထမ်းအဖွဲ့အစည်းတွေမှာ ပြုပြင်ပြောင်းလဲသင့်တာတွေ ပြုပြင်ပြောင်းလဲနိုင်ဖို့ ကြိုးစားတာဖြစ်ပါတယ်။ ခေါင်းစဉ်ကိုကြည့်မယ်ဆိုရင် Consultative Workshop on Civil Service Reform Strategic Action Plan ဖြစ်ပါတယ်။

ဒါ့ကြောင့် သူတို့တတ်တဲ့ နည်းပညာနဲ့ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေကို နိုင်ငံတကာက ကျွမ်းကျင်ပညာရှင်တွေ လာရောက်ဆွေးနွေးပေးနေတာ ဖြစ်ပါတယ်။ ထို့အတူပဲ ပြည်တွင်းက ကျွမ်းကျင်ပညာရှင်တွေကလည်း ပါဝင်ဆွေးနွေးပေးနေတာဖြစ်ပါတယ်။ ဒီက ရလဒ်အပေါ် မူတည်ပြီးတော့မှ ကျွန်တော်တို့ ဝန်ထမ်းအဖွဲ့အစည်းကို ဘယ်လိုပြုပြင်ပြောင်းလဲမလဲ စဉ်းစားမယ်၊ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေတွေကိုလည်း ပြင်ဆင်သင့်တာပြင်ရမယ်၊ ထို့အတူ သင်ကြားမှု၊ လေ့ကျင့်မှုတွေနဲ့ ပတ်သက်လို့ ပြင်သင့်တာလည်း ပြင်ရမယ်ဆိုတာ ကျွန်တော်တို့ တွေ့ပါတယ်။

ဝန်ထမ်းရွေးချယ်မှုနဲ့ပတ်သက်လို့ လက်ရှိ ဥပဒေအတိုင်း လုပ်နေပါတယ်။ လုပ်နေတဲ့နေရာမှာလည်း ပွင့်လင်းမြင်သာမှုနဲ့၊ တရားမျှတမှု၊ ဒါကို အဓိကထားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ အတတ်နိုင်ဆုံး အမှားအယွင်းမရှိအောင်လည်း ပြုပြင်ဆောင်ရွက်နေပါတယ်။

လူမှန်၊ နေရာမှန် သတ်မှတ်ရွေးချယ်တယ်ဆိုတာကတော့ ဒီဘက်အပိုင်းမှာ ပိုပြီးတော့ လုပ်လာနိုင်မှာဖြစ်ပါတယ်။ အခုလည်း ဆွေးနွေးကြမှာဖြစ်ပါတယ်။ အင်မတန် ကျွမ်းကျင်တဲ့သူတွေက သာမန်အားဖြင့် သူ့နေရာနဲ့သူ မရောက်တဲ့အခါ သူတို့အနေနဲ့ စိတ်ဓာတ်တက်ကြွမှု၊ စိတ်ဝင်စားမှုတွေ အားနည်းလာတဲ့အတွက် သူတို့လုပ်နိုင်စွမ်းရှိသလောက် မလုပ်ကိုင်နိုင်တာကိုလည်း တွေ့ရပါတယ်။ ဒါကိုလည်း လူမှန် နေရာမှန် ပြန်ရောက်အောင် ပြန်ပြီးစဉ်းစား သုံးသပ်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

စိန်ခေါ်မှုတွေကတော့ ဘယ်အရာလုပ်လုပ် ရှိပါတယ်။ Policy Maker က ပေါ်လစီတွေကို ချပေးဖို့လိုပါတယ်။ ပြည်သူလူထုကလည်း Mindset ပြောင်းလဲသွားဖို့ လိုပါတယ်။ ပြည်သူလူထုရဲ့ feedback တွေက လွှတ်တော်ကိုယ်စားလှယ်တွေက တစ်ဆင့်လာမှာ ဖြစ်ပါတယ်။ အဲဒီအပေါ်မှာမှ ကောင်းမွန်တဲ့ စီမံချက်ချပြီးတော့ သုံးဦးသုံးဖလှယ် စုပေါင်းလုပ်မှသာလျှင် ဒီ Mindset က ပြောင်းလဲနိုင်မှာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲမှသာလျှင် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

**ဦးမြသိန်း(အငြိမ်းစား) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

ကျွန်တော်ကတော့ ဝန်ထမ်းလုပ်သက် သိပ်အကြာကြီး မလုပ်ခဲ့ပါဘူး။ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ပြီးခဲ့တဲ့အစိုးရလက်ထက်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှာ အဖွဲ့ဝင်အဖြစ် သုံးနှစ်နဲ့ ငါးရက် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအတွက် နိုင်ငံတော်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ ဝန်ထမ်းလောကမှာ ကျွန်တော် လေ့လာစရာ၊ မှတ်သားစရာတွေ အများကြီးရှိပါတယ်။ ဝန်ထမ်းလောက တိုးတက်ပြောင်းလဲဖို့က ဘယ်အပိုင်းက ပြုပြင်ပြောင်းလဲရမလဲဆိုရင် မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အခြေအနေအရ တစ်ခုတည်းပြောင်းလို့ မရဘူး။ အကုန်လုံး ဆက်သွယ်နေတယ်၊ လူ့ခန္ဓာကိုယ်ကြီးလိုပဲ။ မျက်နှာတစ်ခုတည်း အလှပြင်လို့လည်းမရ၊ ကိုယ်ခန္ဓာ တစ်ခုတည်းပဲ သန်မာအောင်လုပ်နေလို့လည်း မရဘူး။ သူ့နေရာနဲ့သူ ချက်ကျအောင် လုပ်ရမယ်။ အဲဒီတော့ ကျွန်တော်မြင်တာက



ဦးစောဗယ်လင်တိုင်း



ဦးမြသိန်း



ဒေါက်တာခိုင်ခိုင်ဝင်း

*စာမျက်နှာ ၁၂ သို့*

# ဖုတ်ကောင်ကြွေးမြီ ဝဲဂယက်အတွင်းမှ ရုန်းထွက်ဖို့ခက်နေရသူများ

**လူလေးဝိုင်း**



ဂျွန်အိုလီဗာ

၂၀၁၆ ခုနှစ်ဇွန်လပထမပတ်မှာ အမေရိကန်ရုပ်မြင်သံကြား တင်ဆက်တဲ့ဂျွန်အိုလီဗာ(John Oliver)က ဒေါ်လာ ၁၅ သန်းပမာဏရှိတဲ့ ကျန်းမာရေးစရိတ်ကြွေးမြီတွေကို ဝယ်လိုက်ပြီးဒီဒေါ်လာ ၁၅ သန်းကြွေးမြီစာရင်းမှာပါတဲ့ ပုဂ္ဂိုလ်အားလုံးကို အကြွေးတွေကနေ ကင်းလွတ်ခွင့်ပြုလိုက်ပါတယ်။ ဂျွန်အိုလီဗာရဲ့ လုပ်ရပ်ဟာ မြန်မာနိုင်ငံမှာမရှိတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုနဲ့ဆက်နွယ်နေလို့ ရုတ်တရက်နားလည်ဖို့ခက်မယ်ထင်ပါတယ်။ ဒီလုပ်ငန်းကို အရင်ရှင်းပါရစေ။ မြန်မာနိုင်ငံအတွက်တော့ ကြွေးမြီတွေဝယ်တယ်၊ ရောင်းတယ်ဆိုတာက အထူးအဆန်းစီးပွားရေး လုပ်ငန်းလို့ထင်စရာပါ။ ပြန်ဆပ်ဖို့မလွယ်တော့လို့ ဆုံးရှုံးလုနီးပါးဖြစ်နေတဲ့ ကြွေးမြီတွေကို အချောင်အလကားဈေးနီးပါးနဲ့ဝယ်ပြီး အကြွေးယူထားတဲ့ မြီစားတွေဆီက ရသလောက်ပြန်ညှစ်ထုတ်တောင်းယူတဲ့ စီးပွားရေးလုပ်ငန်းတွေက တခြားနိုင်ငံတွေမှာရှိပါတယ်။ လုလုပပပြောရရင် ကြွေးမြီပြန်စုစည်းကောက်ခံရေးလုပ်ငန်းပေါ့။ မပေးနိုင်တော့တဲ့ကြွေးမြီကို ရအောင်ပြန်တောင်းတယ်ဆိုကတည်းက ဒီလုပ်ငန်းမှာအကျပ်ကိုင်တာ၊ ခြိမ်းခြောက်တာ အနိမ့်ဆုံးစိတ်ညစ်အောင် ဖုန်းတဂွမ်ဂွမ်ဆက်မယ်ဆိုတာတွေ ပါတော့မယ်ဆိုတာက အထူးပြောစရာမလိုတော့ပါဘူး။ သူတို့နိုင်ငံတွေမှာတော့ ဒီလိုကြွေးမြီတွေကို အချောင်အလကားဈေးနီးပါးနဲ့ဝယ်၊ ရသလောက်ညှစ်ထုတ်၊ မရနိုင်တော့ဘူးထင်တဲ့ ကြွေးမြီတွေကိုဝယ်ခဲ့တဲ့ဈေးထက် ပိုပေါတဲ့ဈေးနဲ့ ပြန်ရောင်းဆိုတဲ့ကြွေးမြီရောင်း၊ ကြွေးမြီဝယ်ဈေးကွက်ရှိပါတယ်။ အမှန်ပြောရရင် ဒီလိုကြွေးမြီတွေက လူသေကပြန်မရှင်နိုင်တော့သလို ပြန်ဆပ်နိုင်ဖို့က မဖြစ်နိုင်သလောက်နီးနီး ဖြစ်နေပါပြီ။ ဒါပေမယ့် ဒီကြွေးမြီတွေဆီကနေ ရသလောက်ပြန်ညှစ်ထုတ်ယူတာဟာ သေနေတဲ့သူကို ရှင်အောင်လုပ်သလိုဖြစ်နေလို့ ဒီလိုကြွေးမြီတွေကို ဖုတ်ကောင်ကြွေးမြီ (zombie debt) လို့ ခေါ်ပါတယ်။ ဒီဖုတ်ကောင်ကြွေးမြီဈေးကွက်မှာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေ ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာရှိမနေတာကလည်း အံ့သြစရာကိစ္စတော့ မဟုတ်ပါဘူး။ ဂျွန်အိုလီဗာဝယ်လိုက်တဲ့ ကြွေးမြီတွေက ကျန်းမာရေးစရိတ်ဖိစီးမှုကြောင့် ပြန်မဆပ် နိုင်ဖြစ်နေတဲ့ ကြွေးမြီတွေပါ။ ငွေကြေးစာရင်းဇယားအရ ပြောရင်ဒီကြွေးမြီတွေရဲ့ တန်ဖိုးက ဒေါ်လာ ၁၅ သန်းရှိပါတယ်။ ဒါပေမယ့် ဒီကြွေးမြီတွေ လက်လွှဲပြောင်းရယူဖို့ ဂျွန်အိုလီဗာရဲ့ အရင်းအနှီးက ဒေါ်လာ ၆၀၀၀၀ ပဲရှိပါတယ်။ ကြွေးမြီလွှဲပြောင်းရယူနိုင်ဖို့ ကုမ္ပဏီ ထူထောင်ကြေးက ဒေါ်လာ ၅၀ ပဲ ရှိပါတယ်။ ဒါကြောင့် ဒေါ်လာ ၁၅ သန်းပမာဏရှိတဲ့ကြွေးမြီ ပိုင်ဆိုင်ဖို့ ဂျွန်အိုလီဗာရဲ့စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ၆၀၀၅၀ ပဲရှိပါတယ်။ ဖုတ်ကောင် ကြွေးမြီဈေးကွက်ထဲမှာ ပုံမှန်ဝယ်လိုက်၊ ရောင်းလိုက်လုပ်နေတဲ့ ကြွေးမြီပြန်စုစည်းကောက်ခံရေးကုမ္ပဏီတွေ ဆိုရင်တော့ သူတို့အရင်းအနှီးအပြင် အမြတ်ပါရနိုင်သလောက်ရအောင် နည်းမျိုးစုံနဲ့ တောင်းယူကြတော့မှာပါ။ ဂျွန်အိုလီဗာကတော့ ဖုတ်ကောင်ကြွေးမြီ ဈေးကွက်အပေါ် လူထုကအာရုံစိုက်လာအောင် ကြိုးပမ်းဆောင်ရွက်လိုက်တာပါ။ ဂျွန်အိုလီဗာ ဝယ်လိုက်တဲ့ကြွေးမြီ ၁၅ သန်းစာရင်းထဲမှာ ကျန်းမာရေးစရိတ်ကြောင့် ကြွေးမြီပိနေတဲ့ အမေရိကန်ပြည်သူ ၉၀၀၀ ပါဝင်ပါတယ်။

အမေရိကန်အစိုးရက ကြွေးမြီပြန်စုစည်းကောက်ခံရေးလုပ်ငန်းတွေကို လုပ်ချင်သလိုလုပ်ခွင့်ပေးထားတာ မဟုတ်ပါဘူး။ စားသုံးသူဆိုင်ရာ ဘဏ္ဍာရေးကာကွယ်စောင့်ရှောက်ရေးဗျူရို (Consumer Financial Protection Bureau) ဆိုတာရှိပါတယ်။ ဒီဗျူရိုက အမေရိကန် အစိုးရကဖွဲ့စည်းထားတဲ့ သီးခြားလွတ်လပ်တဲ့ အေဂျင်စီပါ။ ဘဏ်တွေနဲ့ချေးငွေသမဂ္ဂလို ဘဏ္ဍာရေးအဖွဲ့အစည်းတွေက အမေရိကန်ပြည်သူတွေကို မတော်မတရားမလုပ်နိုင်အောင် ကာကွယ်ပေးတဲ့ အေဂျင်စီပါ။ ဥပဒေလုပ်ထုံးလုပ်နည်းသဘောအရ စားသုံးသူဆိုင်ရာ ဘဏ္ဍာရေးကာကွယ်စောင့်ရှောက်ရေးဗျူရိုက ခြိမ်းခြောက်အကျပ်ကိုင်ငွေပြန်တောင်းတာမျိုးကို ခွင့်မပြုပါဘူး။ ဂျွန်အိုလီဗာရဲ့ခံယူချက်ကတော့ ရှင်းပါတယ်။ "ဖုတ်ကောင်ကြွေးမြီလုပ်ငန်းဟာ ကျင့်ဝတ်နဲ့ညီတဲ့ စီးပွားရေးလုပ်ငန်းမဟုတ်ပါဘူး"တဲ့။

ကျန်းမာရေးစရိတ်ကြောင့် ကြွေးမြီဝန်ပိတဲ့ အမေရိကန်ပြည်သူတစ်ဦးရဲ့ ရင်ဖွင့်သံက အခြေအနေကို ပိုခြုံငုံမိအောင် အထောက်အပံ့ဖြစ်နိုင်ပါတယ်။ ဒီပြည်သူပြောတာကို ဖတ်ကြည့်ပါဦး။ "အပြန်အလှန်ပစ်ခတ်ထွက်ပြေးကြတဲ့ ဖြစ်ရပ်တစ်ခုမှာ ကျွန်တော်က ဆိုင်ကယ်စီးရင်း ကြားညပ်ပါသွားပါတယ်။ ကျွန်တော်ဆေးရုံကို အသည်းအသန်ပြေးရတာပါ။ ကိုးလအတွင်း ကျွန်တော် အကြီးစားခွဲစိတ်မှုသုံးကြိမ် လုပ်ရပါတယ်။ အသေးစား ခွဲစိတ်မှုတစ်ကြိမ် လုပ်ရပါတယ်။ ခွဲစိတ်ကုသမှုတွေပြီးလို့ ခြောက်နှစ်ကျော်ကြာမှ ကြွေးမြီပြန်စုစည်းကောက်ခံရေးအေဂျင်စီတစ်ခုကနေ သူတို့ကို ဒေါ်လာ ၁၅၉၇၁၄ ပေးဖို့ စာတွေ အကြိမ်ကြိမ်ပို့ပါတယ်။ ဒီပြဿနာဖြေရှင်းဖို့ ကျွန်တော်နဲ့ ဒီအေဂျင်စီနဲ့ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့်ဘယ်လိုမှ ညှိနှိုင်းလို့မရခဲ့ပါဘူး။ ကျွန်တော့်ဆီ ဖုန်းဆက်တာကလည်း ဆက်တိုက်ပါပဲ။ ကြာတော့စိတ်ဖိစီးပြီး ကျွန်တော်အိပ်မရတဲ့ ပြဿနာကို ရင်ဆိုင်ရလာပါတယ်။ ကျွန်တော် ၁၅ နှစ်သားကတည်းက အလုပ်လုပ်လာခဲ့တာ အခုချိန်ထိပါပဲ။ အပိုကိစ္စတွေအတွက် ငွေဖြုန်းတဲ့အကျင့်လည်း မရှိပါဘူး။ ဒီပြဿနာမတိုင်ခင်က ကျွန်တော့်မှာ ကြွေးမြီပြဿနာဆိုတာ ရှိကိုမရှိခဲ့တာပါ" လို့ ဒီပြည်သူက ရင်ဖွင့်ခဲ့တာပါ။

ဖုတ်ကောင်ကြွေးမြီ ဈေးကွက်မှာ ပဏာမအကြီးမားဆုံးက ကျန်းမာရေးကြွေးမြီပါ။ မတတ်နိုင်တဲ့ ပြည်သူတွေရဲ့ကျန်းမာရေး ကြွေးမြီတွေကိုဝယ်ပြီး ပြန်လျှော် (ကြွေးမြီ ကင်းလွတ်ခွင့်ပေးတဲ့) ပေးတဲ့ လူထုအကျိုးဆောင်အဖွဲ့ (Charity RIPMedical Debt) က "နှစ်စဉ်နှစ်တိုင်း ကျန်းမာရေးကြွေးမြီတွေကို အရောင်းအဝယ်လုပ်နေတာက ဒေါ်လာဘီလီယံ ၁၀၀ ကျော်ပါတယ်" လို့ရှင်းပြပါတယ်။ ဒီအဖွဲ့ရဲ့အဆိုအရ အမေရိကန်နိုင်ငံရဲ့ ကျန်းမာရေးအာမခံစနစ် ချို့ယွင်းချက်ကြောင့် အမေရိကန်ပြည်သူငါးဦးမှာ တစ်ဦးဟာ ဒီဖုတ်ကောင်ကြွေးမြီနဲ့ ငြိနေပါတယ်။ ဒါပေမယ့် ကြွေးမြီပြန်စုစည်း ကောက်ခံရေးကုမ္ပဏီတိုင်းက ဒီလို ကျင့်ဝတ်နဲ့မညီတဲ့ကိစ္စတွေကို လုပ်ကိုင်နေတာမဟုတ်ဘူး။ ကျင့်ဝတ်ဂုဏ်သိက္ခာကို အလေးထားတဲ့ကုမ္ပဏီတွေက မြီစားတွေကို သူတို့ဘဝသူတို့ ရပ်တည်နိုင်အောင် တစ်ဖက်တစ်လမ်းကနေကူညီပြီးမှ တောင်းယူရမယ့်ကြွေးမြီကို ပြန်တောင်းကြပါတယ်။ Charity RIPMedical Debt က "ဒါပေမယ့် ဈေးကွက်ထဲမှာ ကျင့်ဝတ်ကိုမစောင့်ထိန်းတဲ့ ကုမ္ပဏီတွေရှိတာပေါ့။ ကျွန်တော်တို့အနေနဲ့ အမှန်တကယ် ကျွမ်းကျင်တဲ့သူတွေကိုပဲ ဒီအလုပ်ကိုလုပ်စေချင်ပါတယ်။ ခက်တာက ငွေရရင်ပြီးရောဆိုတဲ့လူတွေ ဈေးကွက်ထဲရှိနေတာပါ" လို့ အခြေအနေကို ရှင်းပြပါတယ်။ ပြောရရင် ဖုတ်ကောင်ကြွေးမြီ ဈေးကွက်ဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း အတော်ကြီးကို ကျယ်ပြန့်လာခဲ့တာပါ။ ဒါပေမယ့် အခုအချိန်ထိ ဒီလုပ်ငန်းတွေကို ဥပဒေစည်းကမ်းနဲ့ အညီ မထိန်းသိမ်းနိုင်သေးပါဘူး။ ဥပမာအနေနဲ့တင်ပြရရင် အမေရိကန်နိုင်ငံရဲ့ ပြည်နယ် ၅၀ အနက် တစ်ဝက်ကျော်လောက်မှာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ ကြွေးမြီတွေကို တရားဝင်ဝယ်ရောင်း လုပ်ကိုင်နိုင်ပါတယ်။ ပြည်နယ် ၁၇ ပြည်နယ်မှာဆိုရင် ကြွေးမြီပြန်စုစည်းကောက်ခံတဲ့လုပ်ငန်းလုပ်ကိုင်ဖို့ လိုင်စင်တောင်မလိုပါဘူး။ ကြွေးမြီပြန်စုစည်းကောက်ခံတဲ့ လုပ်ငန်းလုပ်ကိုင်ဖို့ ပေးရတဲ့ စာရွက်စာတမ်း အထောက်အထားဆိုတာ မရှိသလောက်ပါဘဲ။ စာရွက်စာတမ်းမပြည့်စုံတာက တရားရုံးမှာ အမှုရင်ဆိုင်ရတဲ့အခါ အများကြီးအဟန့်အတားဖြစ်ပါတယ်။ နောက်အရေးကြီးတဲ့အချက်က မြီစားတွေရဲ့ကြွေးမြီတွေကို ရောင်းချတဲ့အဖွဲ့အစည်းတွေက ရောင်းချလိုက်တဲ့ ကြွေးမြီတွေနဲ့အတူ သူတို့ပေးလိုက်တဲ့ မြီစားစာရင်း မှန်/ မမှန်ကိုလည်း တာဝန်မယူပါဘူး။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)ရဲ့ရှေ့နေ Chris Albin-LacKey က "ကြွေးဆပ်ပြီးသားလူတွေဆီက မဆပ်ရသေးဘူးဆိုပြီး မှားယွင်းကြွေးမြီဆပ်ဖို့ ထပ်ပြန်တောင်းတာမျိုးတွေလည်း ရှိတတ်ပါတယ်" လို့ ရှင်းပြပါတယ်။ ဒါပေမယ့် ပြောရရင် ဖုတ်ကောင်ကြွေးမြီ ပြဿနာမှာငြိနေတဲ့ ပြည်သူအများစုက ရှေ့နေငှားခတောင် မတတ်နိုင်ပါဘူး။ ဒီလိုအမှုကိစ္စတွေမှာ ကြွေးမြီပြန်စုစည်း ကောက်ခံတဲ့ကုမ္ပဏီတွေကပဲ နိုင်တာများပါတယ်။ ကုသိုလ်ကံကောင်းလို့ ဂျွန်အိုလီဗာက ကယ်တင်လိုက်တဲ့ ပြည်သူ ၉၀၀၀ က သက်သာရာရပေမယ့် ဖုတ်ကောင်ကြွေးမြီစက်ကွင်းက မလွတ်သေးတဲ့ ပြည်သူတွေအဖို့ လိုအပ်တဲ့ ဥပဒေတွေပြဋ္ဌာန်းပေးဖို့၊ ဒီဥပဒေတွေကို လက်တွေ့အကောင် အထည်ဖော်ပေးဖို့ စတဲ့စတဲ့ နိုင်ငံလုံးဆိုင်ရာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကိုပဲ စောင့်မျှော်နေရမှာပါ။ ။



ကြွေးမြီဝန်ပိနေသည့် ပြည်သူတစ်ဦး

> **မြန်မာနိုင်ငံအတွက်တော့ ကြွေးမြီတွေဝယ်တယ်၊ ရောင်းတယ်ဆိုတာက အထူးအဆန်းစီးပွားရေး လုပ်ငန်းလို့ထင်စရာပါ။ ပြန်ဆပ်ဖို့မလွယ်တော့လို့ ဆုံးရှုံးလုနီးပါးဖြစ်နေတဲ့ ကြွေးမြီတွေကို အချောင်အလကားဈေးနီးပါးနဲ့ဝယ်ပြီး အကြွေးယူထားတဲ့မြီစားတွေဆီက ရသလောက်ပြန်ညှစ်ထုတ်တောင်းယူတဲ့ စီးပွားရေးလုပ်ငန်းတွေက တခြားနိုင်ငံတွေမှာရှိပါတယ်**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၁၆ ရက်မှ ဩဂုတ် ၂၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မလိခ | မြန်မာစာပေ အဘိဓာန် | ၆၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂ | ညီပုလေး | ဖင်စီခံနေ့စဉ်နှင့် အခြားဝတ္ထုတိုများ | ၄၃၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | မခင်လေး | မခင်လေးဝတ္ထုတိုများ | ၆၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄ | စမ်းစမ်းနွဲ့(သာယာဝတီ) | သတင်းဝတ္ထုတိုနှင့် အခြား | ၄၃၀၀ိ/- | စိတ်ကူးချိုချို |
| ၅ | ကျော်သက်ဟန်-ဘာသာပြန် | နှစ်ဆယ်ရာစုကမ္ဘာ့လက်စွဲနိုင်ငံရေးအရှုံးအမြတ်စာရင်း | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆ | မောင်သိန်းဇော် | ညနေသည်ဖတ်ရှုရန်မျှသာ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇ | ခင်မောင်ညို (ဘောဂဗေဒ) | ပတ်ဝန်းကျင်စီးပွားရေး | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၈ | မြင့်မိုးအောင် | ဖန်ခွက်အလွတ် | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၉ | လေးကိုတင် | စာကူးတို့(စာပေရေးရာဆောင်းပါးများ) | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | မောင်ရင့်မာ | မောင်ရင့်မာ လက်ရွေးစင်အက်ဆေးများ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၁ | ခင်မြဇင် | မေလ၏ပန်းများနှင့် အခြားဝတ္ထုတိုများ | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၂ | ကျော်အောင်စံထား ဆရာတော်ဘုရား | ဝေါဟာရတ္ထပကာသနီ ကောက်နုတ်ချက် | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၃ | ကျောင်းအုပ်ဆရာကြီး မောင်စိုးလှိုင် | ပုတ္တောဝါဒပျို့နှင့်ဋီကာ | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၁၄ | ယင်းခဲမင်းသား | ရွှေနန်းတော်ကြီးအကြောင်း | ၁၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၅ | နတ်သျှင်နောင် | ရတုပေါင်းချုပ် | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၆ | ရတနာပုံဆရာဥ | မင်းကုသကွက်စိပ် | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၇ | ရွှေတောင်နန္ဒသူ | မွေ့နွှန်းရကန် | ၁၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၈ | ကန်တော်မင်းကျောင်း ဆရာတော် | ကန်တော်မင်းကျောင်းမေတ္တာစာ မင်းကျောင်းဆရာတော်၏အဖြေ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၉ | ဟံသာဝတီ စာတည်းအဖွဲ့ | သုခမ္ဘစာရီဖြတ်ထုံးနှင့် အခြားဓမ္မသတ်ဖြတ်ထုံးများ | ၁၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၀ | ကလောင်စုံ | အိုင်ချင်းနှင့် အခြားမြန်မာကဗျာအဖွဲ့များ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၁ | စိန္တကျော်သူ | ဩဝါဒထူးပျို့ | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၂ | မောင်းထောင် ဦးကျော်လှ | သံချိုကဗျာလက်ရွေးစင် | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၃ | ကလောင်စုံ | ကဗျာအရာပညာရှိများ၏ တေးထပ်ပေါင်းချုပ် | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၄ | ဦးကြင်ဥ | ဒေဝကုမ္ဘာန်ပြဇာတ် | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၂၅ | အဒူမင်းညို | ရခိုင်မင်းသမီးချောင်း | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၆ | ဝက်မစွတ် ဝန်ထောက်မင်း | သီပေါမင်း အတ္ထုပ္ပတ္တိ | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၇ | ဦးယာ | ဆယ့်နှစ်ရာသီ ဘွဲ့လူးတား | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၈ | ရွှေနိုင်ငံ(ကလောင်စုံ) | ရွှေနိုင်ငံ Catalogue No.38 | ၁၀၀၀ိ/- | ရွှေနိုင်ငံစာပေ |
| ၂၉ | ကြည်သူ | လူငယ်များအတွက် အောင်နိုင်ရေးပုံပြင်များ | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | စားဖိုမှူးကြီး ဦးသိန်းဟန် | အရသာရှိပြီး လူကြိုက်များသော ဆင်းဒဝစ်ချ် အမျိုးပေါင်း ၃၀ ပြုလုပ်နည်း | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၃၁ | အောင်မြတ်ဌေး | ခေတ်ပြိုင်အနုပညာမိတ်ဆက်လေ့လာခြင်း စာစဉ်-၁ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၂ | သော်တာဆွေ | လူ့ဘုံခန်းဝါ သရုပ်ဖော်ဝတ္ထုတိုများ | ၃၃၀၀ိ/- | စိတ်ကူးချိုချို |
| ၃၃ | ညီညီနိုင်-မြန်မာပြန် | Aကျောင်းသား B ကျောင်းသား Cကျောင်းသား မိဘများအတွက် သူဌေးဖေဖေရဲ့စီးပွားရေးပညာလမ်းညွှန် | ၉၀၀၀ိ/- | မိဘမေတ္တာစာပေ |
| ၃၄ | ဝက်မစွတ်မြို့စားနဝဒေး | အာသံနိုင်မော်ကွန်း | ၈၀၀ိ/- | စိတ်ကူးချိုချို |
| ၃၅ | မောင်ကံထူး | အမှန်လမ်းကြောင်းအတိုင်းတရားအားထုတ်တတ်ပါပြီလား | ၁၂၀၀ိ/- | စာပေလောက-၆ |

*(ဆက်လက်ဖော်ပြပါမည်)*

# ဗီယက်နမ် စစ်ဘက်လေ့ကျင့်ရေးလေယာဉ် စပါးခင်းထဲပျက်ကျ၊ လေယာဉ်မောင်းသေဆုံး

**ဟန္နိုင်း ဩဂုတ် ၂၆**

ဗီယက်နမ်နိုင်ငံ ဖုယင်ပြည်နယ်စပါးခင်း တစ်ခင်းထဲသို့ ဩဂုတ် ၂၆ ရက်က ဗီယက်နမ်စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေး လေယာဉ်ဖြစ်သော အယ်လ်-၃၉ လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ဖုယင်ပြည်နယ်သည် မြို့တော်ဟန္နိုင်းနှင့် ၉၅၀ ကီလိုမီတာ အကွာတွင် ရှိကြောင်း သိရသည်။



ယင်းလေယာဉ် ပျက်ကျမှုတွင် လေယာဉ်မောင်းသူ သေဆုံးခဲ့ကြောင်း ဖုယင်ဒေါင်ဟွာ ပြည်နယ်ပြည်သူ့ရေးရာ ကော်မတီဥက္ကဋ္ဌဖြစ်သူ ဗိုင်ဝေါ့ဟွာက ပြောခဲ့သည်။

တစ်ချိန်တည်းမှာပင် တွိုင်တရီ (လူငယ်)အွန်လိုင်းသတင်းစာတွင်လည်း သင်္ကေတအမှတ် ၈၇၀၅ လေယာဉ်သည် ပျံသန်းနေစဉ် စက်ချွတ်ယွင်းပြီးပျက်ကျခဲ့ကြောင်းဖော်ပြခဲ့သည်။ ယင်းလေယာဉ်သည် ဩဂုတ် ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ က စတင်ပျံတက်ပြီးနောက် ပျက်ကျခြင်းဖြစ်ကြောင်း၊ လေ့ကျင့်ရေးလေယာဉ်သည် အရေးပေါ်ဆင်းသက်မှု ပြုလုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း ယင်းသတင်းစာတွင် ဆက်လက်ဖော်ပြခဲ့သည်။

မျက်မြင်တွေ့ရှိသူများ၏ ပြောပြချက်များအရ ပျက်ကျလေယာဉ်သည် အသေးစား လေ့ကျင့်ရေးလေယာဉ်ဖြစ်ကြောင်းပြောခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့သည် လေယာဉ်ပျက်ကျရာနေရာသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

## လူငယ်တစ်ဦးကိုသတ်ခဲ့သည့် ဆယ်ကျော်သက် လေးဦးကိုဖမ်းဆီး

**တိုကျို ဩဂုတ် ၂၆**

ဖမ်းဆီးရမိခဲ့သော ဆယ်ကျော်သက် လေးဦးက ၎င်းတို့သည် အသက် ၁၆ နှစ်အရွယ် လူငယ်တစ်ဦးကို တိုက်ခိုက်ခဲ့ပြီး တိုကျိုမြောက်ပိုင်း ဆိုင်တီမာစီရင်စုရှိ မြစ်တစ်ခုထဲသို့ နှစ်မြှုပ်ခဲ့ကြောင်း ပြောခဲ့သည်။

သေဆုံးသူလူငယ် ဆူဘာဆာကို တိုကီမြစ်ကြောင်းဘေးတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းကို အဝတ်အစားမဲ့ အနေအထားဖြင့်တွေ့ရှိခဲ့ပြီး ၎င်း၏ခန္ဓာကိုယ် အောက်ပိုင်းကို ကျောက်စရစ်များ အောက်တွင် မြှုပ်ထားခဲ့သည်။

ရဲများသည် ထိုအမှုနှင့်ပက်သက်ပြီး အသက် ၁၄ နှစ်မှ အသက် ၁၇ နှစ်အရွယ်ရှိ ယောကျ်ားလေးငါးဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့ထဲမှ အသက် ၁၅ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် အသက် ၁၆ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးတို့ကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အီတလီအလယ်ပိုင်းရှိ ငလျင်လှုပ်ခတ်ခဲ့သော ဒေသများတွင် အရေးပေါ်အခြေအနေကြေညာ

**ရောမ ဩဂုတ် ၂၆**

အီတလီဝန်ကြီးချုပ် မက်တီယိုရန်ဇီသည် ဩဂုတ် ၂၄ ရက်က အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် ထိခိုက်ခဲ့သောနေရာများတွင် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့သည်။

အစိုးရအနေဖြင့် ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကနဦးအနေဖြင့် ယူရိုသန်း၅၀ ကူညီခဲ့ကြောင်း ဩဂုတ် ၂၅ ရက် ရောမသတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အင်အား ရစ်ချ်စတာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု အီတလီအလယ်ပိုင်းတွင် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည်။ ထိုသို့ လှုပ်ခတ်ခဲ့မှုကြောင့် အမ်မာထရစ်နှင့် အခြားမြို့သုံးမြို့တွင် အကြီးအကျယ်ပျက်စီးဆုံးရှုံးခဲ့ပြီး သေဆုံးသူဦးရေမှာ ၂၅၀ အထိမြင့်တက်လာကြောင်း သိရသည်။

အမ်မာထရစ်သည် ထင်ရှားကျော်ကြားသော နွေရာသီအပန်းဖြေစခန်းတစ်ခုဖြစ်ပြီး ငလျင်ဒဏ်ခံရသူအများစုမှာ နိုင်ငံခြားသားများဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်သားများက ငလျင်ကြောင့် အဆောက်အအုံအောက်များတွင် ပိနေသူများ ရှိနေနိုင်သေးသည်ဟု ပြောခဲ့သည်။ ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်ငယ်များ ဆက်လက်လှုပ်ခတ်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးနေကြောင်း သိရသည်။ ရဲများနှင့် မီးသတ်ဌာနဝန်ထမ်းများသည် ဒရုန်းယာဉ်များကိုအသုံးပြုကာ ပျောက်ဆုံးသူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ကိုလံဘီယာ၌ ငြိမ်းချမ်းရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်အခမ်းအနားကျင်းပ

**ကျူးဘား ဩဂုတ် ၂၆**

ကိုလံဘီယာအစိုးရနှင့် လက်ဝဲယိမ်း Farc သူပုန်များအကြား ၅၂ နှစ် ကြာဖြစ်ပွားခဲ့သော ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးသဘောတူ စာချုပ်လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် ကိုလံဘီယာနိုင်ငံ ကိုယ်စားပြုအဖွဲ့ခေါင်းဆောင် ဟမ်ဘာတိုဒီလာကယ်လီနှင့် Farc စေ့စပ်ညှိနှိုင်းရေးခေါင်းဆောင် အီဗန်မာကွက်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်ကြေညာမှုကို လေးနှစ်နီးပါးငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည့် ဟာဗားနာနှင့် ကျူးဘားတို့တွင် ဗုဒ္ဓဟူးနေ့က တိုက်ရိုက်ထုတ်လွှင့် ပြသခဲ့သည်။

ပဋိပက္ခ ဖြစ်ပွားမှုများအတွင်း ခန့်မှန်းခြေလူပေါင်း ၂၆၀၀၀၀ သေဆုံးခဲ့ရပြီး လူသန်းပေါင်းများစွာ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရပြီ ဖြစ်သည်။




သမ္မတဂျူအန်မန်နျူရယ်ဆန်တိုက အဆိုပါ သဘောတူစာချုပ်ကိုစစ်ပွဲ၏ အနိဋ္ဌာရုံများနှင့် နာကျင်ကြေကွဲရမှုများ အဆုံးသတ်တော့မည့် ခြေလှမ်းအစဟု ခေါ်တွင်ခဲ့သည်။ **(ဘီဘီစီ)**

# တူရကီတောင်ပိုင်းရဲတပ်ဖွဲ့ဌာနချုပ်ကားဗုံးခွဲတိုက်ခိုက်ခံရ၊ ကိုးဦးသေဆုံး



**အန်ကာရာ ဩဂုတ် ၂၆**

တူရကီနိုင်ငံအရှေ့တောင်ပိုင်းရှိ ဆီဇာမြို့တွင် သောကြာနေ့က ရဲတပ်ဖွဲ့ဌာနချုပ်ရုံးများကို ကားဗုံးခွဲတိုက်ခိုက်ခံရမှုများဖြစ်ပွား၍ လူကိုးဦးသေဆုံးကာ ဒဏ်ရာရရှိသူများစွာရှိခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

နိုင်ငံအရှေ့တောင်ပိုင်းတွင် ထင်မှတ်မထားသည့် ရုတ်တရက်တိုက်ခိုက်ခံရမှုဖြစ် ကြောင်း သိရသည်။

ရဲများစောင့်ကြပ်နေသည့်စစ်ဆေးရေးဂိတ်နေရာ၌ မီးခိုးလုံးကြီးများထွက်ပေါ်လာသည့်မြင်ကွင်းကို အင်န်တီဗွီသတင်းချန်နယ်က ထုတ်လွှင့်ပြသခဲ့သည်။ ဆီဇာမြို့သည် ဆီးရီးယားနှင့်အီရတ်နှစ်နိုင်ငံနယ်စပ်ဒေသဖြစ်သည့် ဆာနတ်ခ်ပြည်နယ်အနီးတွင် တည်ရှိပြီး ကာ့ဒ်မျိုးနွယ်အများစုနေထိုင်ရာဒေသဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားရာသို့ လူနာတင်ကားများ အပြေးအလွှားရောက်ရှိလာခဲ့ကြသည်။ လူကိုးဦးသေဆုံးပြီး ၆၄ ဦးဒဏ်ရာရရှိထားကြောင်း ဆေးရုံမှသတင်းရင်းမြစ်များက ဖော်ပြသည်။

နိုင်ငံပိုင်အနာဒိုလူ သတင်းအေဂျင်စီက အစိုးရနှင့်ငြိမ်းချမ်းရေးစာချုပ် ပျက်ပြယ်ခဲ့သည့် ဇူလိုင်လမှစတင်ကာ အဆိုပါဒေသ၌ ပဋိပက္ခများ နေ့စဉ်နှင့်အမျှ ဖန်တီးနေသည့် ကာ့ဒ်အလုပ်သမားပါတီ၏ ယခုတိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချလျက်ရှိသည်။

ပီကေကေသည် တူရကီ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသည့် အဖွဲ့အစည်းဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် သူပုန်များက လက်နက်ကိုင်တိုက်ခိုက်မှုများ စတင်လုပ်ဆောင်လာချိန်မှစတင်ကာ ကာ့ဒ်သူပုန် ၄၀၀၀၀ ကျော်ကို တိုက်ခိုက်နှိမ်နင်းခဲ့ကြသည်။ ရဲဌာနချုပ်တိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဟု ဆိုသည်။

**(ရိုက်တာ)**

# ရေနံချောင်းနှင့် ကျောက်ပန်းတောင်း၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်

**မကွေး ဩဂုတ် ၂၆**

ဩဂုတ် ၂၄ ရက် ညနေပိုင်းက မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ ချောက်မြို့အနောက်ဘက် ၁၂ မိုင်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သော မြေငလျင်ဒဏ်ကို ငလျင်ဗဟိုချက်နှင့် မိုင် ၄၀ ခန့်အကွာတွင် တည်ရှိသော မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌လည်း ခံစားခဲ့ရသည်။

ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ရေနံချောင်းမြို့၌ အဆောက်အအုံနှင့် စေတီများ ပျက်စီးမှုနည်းပါးခဲ့သော်လည်း လူနှစ်ဦးအသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ရေနံချောင်းမြို့ပေါ်ရှိ ဘုရားစေတီခြောက်ဆူ အပါအဝင် ဘုရားစေတီ ၂၃ ဆူနှင့် သာသနာ့အဆောက်အအုံမုခ်ဦးတံတိုင်း နှစ်ခု ကွဲအက်ပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထို့ပြင် စာသင်ကျောင်းငါးကျောင်း မျက်နှာကြက်များ ကွာကျခြင်း၊ နံရံအက်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး မကွေးဒီဂရီကောလိပ်၊ ဓမ္မာရုံအဆောက်အအုံ မြင်းမိုရ်ပိတ်မှ အုတ်ခဲများ ပြုတ်ထွက်ခဲ့ကာ သစ်တပွေရပ်ကွက် ဓမ္မာရုံအဆောက်အအုံနှင့်တကွ ကြမ်းခင်းအစိတ်အပိုင်း အချို့ပြိုကျပျက်စီးခဲ့သည်။

သို့သော် လူနေရပ်ကွက်များရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

သစ်တပွေရပ်ကွက် ရှားပင်ကုန်း ရိုးရပ်နေ နဝမတန်းနှင့် ဒုတိယတန်း ကျောင်းသူနှစ်ဦး တောင်ကမ်းပါးယံ ပြိုကျမှုကြောင့် မြေပိမိ၍ အသက်ဆုံးရှုံးခဲ့သည်ဟု သိရသည်။

ရေနံချောင်းမြို့တွင် ငလျင်ဒဏ်ကြောင့် သေဆုံးခဲ့ကြရသည့် ကျောင်းသူနှစ်ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးက တစ်ဦးလျှင် ငွေကျပ် တစ်သိန်း ကူညီထောက်ပံ့ပေးခဲ့ပြီး ဝေဠုကျော်ဖောင်ဒေးရှင်းက တစ်ဦးလျှင် ငွေကျပ် တစ်သိန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် မြို့ပေါ်ရှိ လူနေအိမ်နှင့် အခြားသောအဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိဘဲ ကျေးရွာအုပ်စု ၁၁ ခုမှ စေတီပုထိုး ၂၄ ဆူ ထိခိုက်ပျက်စီးခဲ့ရာတွင် သရက်တောကျေးရွာအုပ်စု သရက်တောရွာမှ ရွှေမင်းဝံဘွဲ့တော်ရ ရှေးဟောင်းစေတီတစ်ဆူမှာ လုံးဝပြိုကျပျက်စီးပြီး ဗုဒ္ဓရုပ်ပွားတော်များအပါအဝင် ရှေးဟောင်းလက်ရာ ဌာပနာပစ္စည်းများ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

ဉာဏ်တော်အမြင့် အတောင် ၄၀ ရှိ အဆိုပါစေတီတော်သည် မြေပေါက်စေတီတော်အမျိုးအစားဖြစ်ပြီး ငလျင်ဒဏ်ကြောင့် အလုံးစုံပြိုကျခဲ့ရာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဝိလာသနှင့် ကျေးရွာလူငယ်များစုပေါင်း သန့်ရှင်းရေး ပြုလုပ်ကြရာ ဉာဏ်တော် ခြောက်လက်မ အရွယ် ငွေဆင်းတုတစ်ဆူ၊ ဉာဏ်တော် ငါးလက်မအရွယ် ငွေဆင်းတုနှစ်ဆူ၊ ဉာဏ်တော် လေးလက်မအရွယ် ငွေဆင်းတု ခြောက်ဆူ၊ ဉာဏ်တော်သုံးလက်မ အရွယ် ငွေဆင်းတုငါးဆူ၊ ကျောင်းဆောင်ငယ်ပါ တစ်လက်မခွဲအရွယ် ငွေဆင်းတု လေးဆူ၊ ခြောက်လက်မအရွယ် ငွေကျောင်းဆောင် တစ်ဆောင်၊ တစ်လက်မအမြင့်ရှိ ဓာတ်လုံးပါ ဓာတ်တော်ကျုတ် လေးခု၊ ငါးရုပ် လိပ်ရုပ်ပါ သုံးလက်မပတ်လည် ကြေးပြားတစ်ပြားတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါစေတီတော်၏ သက်တမ်းကို ခန့်မှန်းနိုင်သူမရှိဘဲ မြန်မာသက္ကရာဇ် ၁၃၃၇ ခုနှစ် ပုဂံငလျင်လှုပ်ခတ်စဉ်က ပြိုကျခဲ့ရာ ၁၃၄၀ ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့သောစေတီဖြစ်ကြောင်း သိရသည်။

ရှာဖွေတွေ့ရှိခဲ့သော ဌာပနာပစ္စည်းများကိုရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဝိလာသက ထိန်းသိမ်းစောင့်ရှောက်ထားပြီး ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ရာမည**



ကျောက်ပန်းတောင်းမြို့ရှိ ရွှေမင်းဝံစေတီတော်ပျက်စီးမှုမှ ပြန်လည်ရရှိခဲ့သော ဌာပနာများကို တွေ့ရစဉ်

❐ *ကျောဖုံးမှ*

ပြင်ဆင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ပူးပေါင်းကာ လုပ်ငန်းများစတင်လုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထိုသို့ပြုပြင်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်ပြီး ပါဝင်ကူညီဆောင်ရွက်မည့် ယူနက်စကိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ DUONG Bich Hanh ကို မေးမြန်းဖြစ်ခဲ့သည်။

**မေး ။ ပျက်စီးဆုံးရှုံးသွားတဲ့ ပုဂံဘုရားတွေကို ယူနက်စကိုရဲ့ အကူအညီနဲ့ ပြန်လည်ပြင်ဆင်မယ်လို့ သိရပါတယ်။ ဘယ်ချိန်လောက် စတင်ပြင်ဆင်မလဲဆိုတာ သိပါရစေ။**

ဖြေ ။ ပြန်လည်ထိန်းသိမ်းဖို့ မလုပ်ခင်မှာ လုပ်ရမယ့်လုပ်ငန်းစဉ်တွေရှိပါသေးတယ်။ အဲဒီအဆင့်တွေပြီးစီးသွားပါမှ ပြန်လည်ပြင်ဆင်ရေးပိုင်းကို လုပ်ရမှာဖြစ်ပါတယ်။ ဒီငလျင်ဖြစ်ဖြစ်ချင်း အစိုးရဌာနဆိုင်ရာအဖွဲ့အသီးသီးက လျင်မြန်စွာ တုံ့ပြန်တာ တွေ့ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ နိုင်ငံတော် သမ္မတကြီးနဲ့တကွ တာဝန်ရှိသူတွေက လာရောက်ကြည့်ရှုပြီးပါပြီ။ ပထမဦးဆုံးအနေနဲ့က ဒီရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ဘယ်လိုပြင်မလဲဆိုတာထက် ငလျင်ဒဏ်ကြောင့် ခံလိုက်ရတဲ့ အမွေအနှစ်တွေမှာကြံ့ခိုင်မှုရှိအောင် အရင်လုပ်ရပါမယ်။ ကြံ့ခိုင်ရေးလုပ်ဆောင်ပြီးမှ ပြန်လည်ပြင်ဆင်ရေးအပိုင်းကို လုပ်ရမှာဖြစ်ပါတယ်။

**မေး ။ ရှေးဟောင်းဘုရားပုထိုးစေတီတွေ ပျက်စီးသွားတဲ့အတွက်ကြောင့် ယူနက်စကိုဝင်ဖို့ အခက်အခဲဖြစ်သွားနိုင်ပါသလား။**

ဖြေ ။ ရှေးဟောင်းအမွေအနှစ်ကို ပြန်လည်ပြင်ဆင်ရေးပိုင်းမှာ စီမံကိန်း နှစ်ခုရှိပါတယ်။ ကာလတိုမှာ လုပ်ကိုင်ရမယ့် အချက်တွေနဲ့ ကာလရှည်လုပ်ဆောင်ရမယ့် အချက်တွေရယ်ကို ယူနက်စကိုက လုပ်ငန်းအစီအစဉ်တွေ မကြာခင်ရေးဆွဲပြီး



**ယူနက်စကိုမှ တာဝန်ရှိသူ တစ်ဦးဖြစ်သည့် DUONG Bich Hanh က မီဒီယာများအား ဖြေကြားစဉ်**

သက်ဆိုင်ရာ အစိုးရအဖွဲ့တွေကို တင်ပြသွားမှာဖြစ်ပါတယ်။ ဇူလိုင်လအတွင်းက ယူနက်စကိုအနေနဲ့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေနဲ့လည်း ဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီမှာ မြန်မာနိုင်ငံအစိုးရအနေနဲ့ ပုဂံဒေသကို ၂၀၁၈ မှာ ကမ္ဘာ့အမွေအနှစ်စာရင်းမှာ တင်ပြနိုင်ဖို့အတွက် ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ကလည်း အခုချိန်အထိ မပြောင်းလဲသေးပါဘူး။ ဒီလို ပုဂံမှာ ငလျင်ဖြစ်သွားတဲ့အတွက် နှောင့်နှေးမှုတွေ ဖြစ်ပေါ်လာစေမလားဆိုတာက အခုချိန်မှာ ပြောဖို့သိပ်ပြီး စောနေပါသေးတယ်။ နှစ်ပတ်သုံးပတ်လောက်လေ့လာဆန်းစစ်မှုတွေ လုပ်ဆောင်ပြီးမှ သေချာပြောပြနိုင်မှာပါ။

ဒီငလျင်နဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရနဲ့ ဒေသခံတွေအားလုံးက ဘယ်လိုပူးပေါင်းဆောင်ရွက်နေတယ်၊ စီမံခန့်ခွဲမှုတွေ ထိထိရောက်ရောက်လုပ်နေသလဲဆိုတာကို ပြသနိုင်မယ်ဆိုရင်လည်း ဒီပုဂံဒေသကြီးက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသဖြစ်ဖို့အတွက် ဘယ်လောက်အထောက်အကူပြုတယ်ဆိုတာကိုလည်း ပြောချင်ပါတယ်။ ယူနက်စကိုအနေနဲ့ ဘယ်လိုစီမံခန့်ခွဲတယ်ဆိုတာကို Management Plan ထဲမှာ ထည့်ပြီး ရေးဆွဲတင်ပြမယ်ဆိုရင် အားသာချက်တစ်ခုအနေနဲ့ ကျွန်မတို့ သုံးသပ်လို့ ရပါတယ်။

**မေး ။ ဒါဆို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖို့အတွက်ရော ဘယ်အချိန်လောက်မှာ စလုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါလဲ။**

ဖြေ။ ငလျင်မဖြစ်ခင်ကတည်းက ကျွန်မတို့လုပ်ရိုးလုပ်စဉ်အနေနဲ့ ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းဖို့ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ Management Plan ရေးဆွဲဖို့အတွက် ကျွမ်းကျင်သူတွေနဲ့ အစည်းအဝေးတွေလုပ်ဖို့ စီစဉ်ခဲ့ပါတယ်။ မမျှော်လင့်ပဲနဲ့ ငလျင်ဖြစ်သွားတဲ့အတွက်ကြောင့် ငလျင်အတွက်ကို ဦးစားပေးလုပ်ဆောင်ရမှာဖြစ်တဲ့အတွက် ကမ္ဘာ့အမွေအနှစ်တင်သွင်းမယ့်လုပ်ငန်းစဉ်ကတော့ နောက်တစ်ပတ် နှစ်ပတ်ရွှေ့သွားမှာဖြစ်ပါတယ်။ ကျွန်မတို့ ဦးစားပေးပြီးလုပ်ရမယ့်အချက်ကတော့ ငလျင်ဒဏ်ခံလိုက်ရတဲ့ စေတီပုထိုးတွေရဲ့ဘယ်လောက်အထိဖြစ်သွားသလဲဆိုတာကို သေသေချာချာ လေ့လာဖို့ရယ်၊ ခံနိုင်ရည်အား ဘယ်လောက်ရှိတာဆိုတာရယ်၊ ဘယ်လောက်ထိခိုက်သွားသလဲဆိုတာရယ် ဆန်းစစ်ဖို့က အရေးကြီးပါတယ်။

လောလောဆယ် ကျွန်မတို့အတွက် အရေးကြီးတာကတော့ ပျက်စီးသွားတဲ့အတိုင်းအတာ ပမာဏတွေကို တိုင်းတာနိုင်ဖို့ အရေးကြီးပါတယ်။ တိုင်းတာပြီးတဲ့အပေါ်မှာ ရလဒ်က ဒီ ၂၀၁၆ ငလျင်ကြောင့်ဖြစ်သွားတဲ့အပေါ် ကြည့်ဖို့ မဟုတ်ပါဘူး။ ယခင်လှုပ်ခဲ့တဲ့ငလျင်တွေ ပြုပြင်ရေးလုပ်ခဲ့တာတွေဟာ ကောင်းကျိုးပိုပေးသလား၊ ဆိုးကျိုးပိုပေးခဲ့သလား မှားယွင်းခဲ့တဲ့ဒဏ်တွေကြောင့် အခုပိုပြီးတော့များ ထိခိုက်မှုတွေ ရှိခဲ့သလား အဲဒါတွေကို ဆန်းစစ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဆန်းစစ်ရမယ့်အပိုင်းမှာ ပြည်တွင်းက ပညာရှင်တွေရော၊ ပြည်ပက ပညာရှင်တွေရော၊ တခြားဒေသအသီးသီးက အတွေ့အကြုံရှိတဲ့ ပညာရှင်များကိုပါ။ ဖိတ်ခေါ်ပြီးတော့ ကျွန်မတို့က အစီအစဉ်တွေကို ဆက်တိုက်လုပ်ရပါဦးမယ်။ အဲဒီက ထွက်ပေါ်လာတဲ့ ရလဒ်တွေ၊ အကြံဉာဏ်တွေပေါ်မှာ မူတည်ပြီးတော့ ကျွန်မတို့ ဘယ်လိုနည်းနဲ့ အကောင်းဆုံးပြန်လည်ထိန်းသိမ်းမလဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။

**မေး ။ ပုဂံမှာရှိတဲ့ တန်ခိုးကြီးဘုရားတွေမှာ လာရောက်ဖူးမြော်တဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်တွေကို ဝင်ထွက်သွားလာမှုနဲ့ပတ်သက်ပြီး ဘယ်လိုအကြံပြုချင်ပါသလဲ။**

ဖြေ ။ အဆောက်အအုံတစ်ခုဟာဆိုရင် ကြံ့ခိုင်မှု ရှိသေးတယ်ဆိုရင် အဲဒီနေရာတွေကိုတော့ အများပြည်သူတွေဝင်ထွက်ခွင့်ပေးနိုင်မှာ ဖြစ်ပါတယ်။ ခုလောလောဆယ် အခြေအနေမှာတော့ ကျွန်မတို့ အကြံပေးချင်တာကတော့ ထိခိုက်မှုရှိသွားတဲ့ အမွေအနှစ်တွေနားကနေ ဝေးဝေးရှောင်ပေးပါလို့ ပြည်သူတွေကို ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ဆက်တွဲငလျင်တွေ လှုပ်ခြင်းအားဖြင့် သော်လည်းကောင်း၊ နောက်ငလျင်ကြောင့် ထိခိုက်မှုတွေ၊ အသက်အန္တရာယ်စိုးရိမ်ရမှုတွေ ဖြစ်နိုင်တဲ့အတွက်ကြောင့်မို့ အခုချိန်မှာ ကြံ့ခိုင်မှုတွေမသေချာသေးတဲ့ ကာလမှာတော့ မဝင်ကြပါနဲ့ဦး၊ ဝေးဝေးမှာ နေကြပါလို့လည်း အကြံပြုချင်ပါတယ်။

နောက်တစ်ခုကလည်း ငလျင်ဒဏ်ခံလိုက်ရလို့ ကြီးကြီးကျယ်ကျယ်ပျက်စီးသွားတဲ့ ဘုရားပုထိုးတွေမှာဆိုရင် မိုးတွင်းကြီးဖြစ်နေတဲ့အတွက်ကြောင့် မိုးရေစီးဆင်းမှုကနေ ကာကွယ်ဖို့ အမိုးတွေ မိုးဖို့လိုအပ်နေပါတယ်။ ယာယီအမိုးတွေ မိုးဖို့အတွက်လည်း လုပ်ငန်းခွင်မှာ စတင်ဆောင်ရွက်နေကြပြီဖြစ်တဲ့အတွက် ပြည်သူတွေအများကြီး ဒီထဲကို ဝင်လာရင်လည်း သူတို့မှာ ထိခိုက်မှုတွေ ရှိနိုင်ပါတယ်။ လုပ်ငန်းခွင် ဘေးကင်းလုံခြုံမှုနဲ့ လုပ်ငန်းခွင်ကို အနှောင့်အယှက်မပေးရာလည်း ဖြစ်တဲ့အတွက်ကြောင့် ခုလောလောဆယ်မှာတော့ အများပြည်သူတွေ အန္တရာယ်ကြီးကြီးမားမားရှိနိုင်တဲ့ ဘုရားစေတီပုထိုး အဆောက်အအုံတွေ မဝင်သင့်သေးပါဘူးလို့ အကြံပြုချင်ပါတယ်။

# နဂါးပွက်တောင်အနောက်ဘက် မြေထိန်းနံရံနိမ့်ကျ

**မင်းဘူး ဩဂုတ် ၂၆**

မကွေးမြို့တွင် ဩဂုတ် ၂၄ ရက်က ငလျင်လှုပ်ခတ်မှုကြောင့် မြသလွန်စေတီတော်၏ အာရုံခံတန်ဆောင်း ကြမ်းခင်းကြွေပြားနှင့် ရုပ်ပွားတော်များထားရှိရာ တန်ဆောင်း နံရံ အနည်းငယ် အက်ခြင်းမှလွဲ၍ မြသလွန်စေတီတော်တွင် ထိခိုက်မှုမရှိ ကြောင်း သိရသည်။

အချို့သော လူမှုကွန်ရက် (ဖေ့ဘုတ်ခ်) စာမျက်နှာများတွင် မကွေးမြသလွန်စေတီတော် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုရှိဟု ဖော်ပြထားသောပုံများမှာ မှားယွင်းမှုသာဖြစ်ပြီး မကွေးမြသလွန်စေတီတော်မှာ ကြီးမားသောတစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ ဘုရားဖူးဧည့်သည်များဖြင့် ပုံမှန်စည်ကားလျက်ရှိကြောင်း၊ မကွေးမြို့တွင်လည်း ငလျင်ဒဏ်ကြောင့် အဆောက်အအုံပြိုခြင်း၊ လူနှင့် တိရစ္ဆာန်များ သေဆုံးခြင်းမရှိဘဲ ကမ်းနားလမ်းရှိ သက်တမ်းရင့် ဆန်စက်ဂိုဒေါင် အဆောက်အအုံ နံရံပြိုကျမှုတစ်ခုသာ ရှိခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ပြောသည်။

မင်းဘူးမြို့တွင် ငလျင်ဒဏ်ကြောင့် နဂါးပွက်တောင်အနောက်ဘက် မြေထိန်းနံရံနိမ့်ကျပြီး ချော်ရည်များကို တားဆီးထားသည့် ကွန်ကရစ်မြေထိန်းနံရံများ ကျိုးပဲ့ပျက်စီးပြိုကျ၍ ရွှံ့ရည်များလျှံထွက်ခဲ့ကြောင်း၊ စောင်းတန်းလှေကားများ၊ နဂါးရုံဘုရား ပလ္လင်နှင့်အုတ်ခုံ၊ ဧည့်ခန်းမဆောင်နှင့် ဂေါပကရုံးအဆောက်အအုံများတွင် ကြမ်းခင်းကွန်ကရစ်များ ကွဲထွက်၍ နိမ့်ကျခြင်း၊ ယိုင်လဲခြင်းများ၊ မျက်နှာကြက်များပြုတ်ကျ၍ နဂါးပွက်တောင် မုခ်ဦးတိုင်အနည်းငယ်ယိုင်၍ တံတိုင်းအချို့ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ နဂါးပွက်တောင်မုခ်ဦးရှေ့ ကတ္တရာလမ်းနှင့် မုခ်ဦးအတွင်းမြေသားလမ်း အထက်သို့ နှစ်ပေခန့် မို့မောက်မြင့်တက်ခဲ့ကြောင်း နဂါးပွက်တောင် သာယာလှပရေးအဖွဲ့အတွင်းရေးမှူး ဦးစိန်တင်က ပြောသည်။



နဂါးပွက်တောင်

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် မကွေးခရိုင်အတွင်းရှိ နယ်မြေခံတပ်ဖွဲ့များမှ တပ်မတော်သားများက အပျက်အစီးများကို လာရောက်ရှင်းလင်းလုပ်အားပေး ခဲ့သည်။

မင်းဘူးမြို့နယ်အတွင်း ထူးခြားမှုအနေဖြင့် နဂါးပွက်တောင်နှင့် ပေ ၂၀၀ ခန့်အကွာ ဖြတ်သန်းသွယ်တန်းထားသော မန်းရေနံမြေမှ ကျွဲသုံးမြောင်ရွာ အနောက်ဘက်ရှိ တစ်မီလီယံရေနံကန်သို့ ရေနံပို့လွှတ်သည့် ၁၀ လက်မရေနံ ပိုက်လိုင်းမှာ ကျိုးပေါက်၍ ရေနံများယိုစိမ့်ထွက်ခဲ့ရာ မန်းရေနံမြေမှ အထွေထွေမန်နေဂျာဦးစီး၍ ဝန်ထမ်း အင်အား ၃၀ ကျော်က အရေးပေါ်ပြုပြင်ခဲ့ ရာ ယင်းနေ့ည ၁၁ နာရီတွင် ပြင်ဆင်ပြီးစီးခဲ့ကြောင်းနှင့် မင်းဘူးမြို့နယ်အတွင်း သောက်သုံးရေဖြန့်ဝေရန် နဂါးပွက်တောင်အနီးမှ ဖြတ်သန်းဆက်သွယ်ထားသော ခြောက်လက်မနှင့် ရှစ်လက်မ ရေဖြန့်ဝေပိုက်လိုင်းများမှာ ငါးနေရာခန့် ပိုက်ဆက်များ လွဲချော်ပျက်စီးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သောက်သုံးရေ ပြန်လည်ဖြန့်ဝေပေးနိုင်ရေးပြင်ဆင်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ပြောသည်။

ငလျင်ဒဏ်ကြောင့် နဂါးပွက်တောင်မှ ပွက်နေသည်များမှာ ပိတ်ဆို့သွားခြင်း၊ ကြီးမားလာခြင်းများမရှိဘဲ မူလနေရာတွင်ပင် ပွက်လျက်ရှိကြောင်း၊ အပျက်အစီးများရှင်းလင်းပြီး၍ လာရောက်ကြည့်ရှုလေ့လာကြသော ဧည့်သည်များ၊ မော်တော်ယာဉ်များဖြင့် ပုံမှန်စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ရာမည**

# Thailand Philharmonic Orchestra ဂီတဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

နိုင်ငံတကာ ဂီတအနုပညာရှင်များ ပါဝင်သော Thailand Philharmonic Orchestra ဂီတဖျော်ဖြေပွဲကို ယနေ့ည ၇ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ဂီတဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr.Pisanu Suvannajata၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးနှင့် ဂျာမနီသံရုံးတို့မှ တာဝန်ရှိသူတို့ တက်ရောက်ကြည့်ရှုအားပေးသည်။



ယနေ့ပြုလုပ်သည့် ဖျော်ဖြေပွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ "Thailand Philharmonic Orchestra"(TPO) အဖွဲ့က မြန်မာနိုင်ငံတော်သီချင်း သံစဉ်အားတီးခတ်၍ စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံကျော် အဆိုတော်များဖြစ်သည့် ဇော်ဝင်းထွဋ်၏ မဟာသီချင်း၊ ကိုင်ဇာ၏ မိုးသီချင်း သံစဉ်တို့အား တီးမှုတ်ဖျော်ဖြေ တင်ဆက်ကြသည့်အပြင် မြန်မာ့ရိုးရာ ဂီတအဖြစ် မန်းတောင်ရိပ်ခို သီချင်းနှင့် ထိုင်းရိုးရာ ဂီတ သီချင်းများကို ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ထိုင်းနိုင်ငံ Mahidol University တို့ ညှိနှိုင်းဆောင်ရွက်ချက်အရ "Thailand Philharmonic Orchestra (TPO) မှ ၎င်းတို့၏ နိုင်ငံတကာ ဂီတအနုပညာရှင် ၉၀ တို့နှင့်အတူ ဂျာမနီနိုင်ငံမှ ဂီတပညာရှင် Maestro Gudni Enllsson နှင့် ကမ္ဘာကျော် စန္ဒရားပညာရှင် Oliver Kern တို့အပါအဝင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏ နိုင်ငံတော် သံစုံတီးဝိုင်းမှ ဂီတပညာရှင် ရှစ်ဦး၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးမှ ဂီတပညာရှင်နှစ်ဦးတို့ကလည်း ပူးပေါင်းပါဝင် တင်ဆက်ဖျော်ဖြေကြကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲကို Mahidol University၊ ထိုင်းသံရုံး၊ ဂျာမနီသံရုံးနှင့် Goethe Institute တို့၏ ကူညီမှုဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ဩဂုတ် ၂၇ ရက်တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် နေပြည်တော်ရှိ MICC-ll တွင် လည်းကောင်း ဆက်လက်ကျင်းပဖျော်ဖြေသွားမည်ဖြစ်သည်။

"Thailand Philharmonic Orchestra"(TPO) ၏ နယ်လှည့်ဖျော်ဖြေပွဲကြီးသည် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအမှတ်တရအပြင် ထိုင်းဘုရင်မင်းမြတ် Bhumibhol Adulyadej ၏ ထီးနန်းရခြင်းအထိမ်းအမှတ်နှင့် ဩဂုတ် ၁၂ ရက်တွင် ကျရောက်ခဲ့ပြီးသော ထိုင်းဘုရင်မကြီး Sirikit မွေးနေ့အထိမ်းအမှတ် ပွဲတော်အဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း - ဇော်ကြီး (ပဏ္ဍိတ)**
**ဓာတ်ပုံ - မျိုးမင်းသိန်း**

*စာမျက်နှာ ၈ မှ*

ဝန်ထမ်းလောကပဲ ပြုပြင်ပြောင်းလဲလို့ မဖြစ်နိုင်တဲ့အတွက် ပြည်သူလူထုရယ်၊ နိုင်ငံတော်မှာရှိတဲ့ ခေါင်းဆောင်ကြီးတွေရယ်၊ ဆိုင်ရာဌာနတွေရယ်၊ ဝန်ကြီးဌာနတွေရယ် ပူးပေါင်းပြီးတော့ အားလုံးက ခံယူချက်တစ်ခုနဲ့လုပ်ရင် လျင်လျင်မြန်မြန် ပြောင်းလဲလို့ရပါမယ်။

ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ အလွန်ချစ်စရာကောင်းပါတယ်။ ရိုးသားဖြောင့်မတ်ကြပါတယ်။ ဘယ်နေရာမှာပဲနေနေ ကျွန်တော်တို့ တစ်နှစ်ကို တစ်ခါလောက် ရှင်ပြုမယ်၊ နားသမယ်၊ အလှူလေးလုပ်နိုင်ရင် ပျော်နေတတ်တဲ့ လူမျိုးပါ။ အဲဒီဘဝကနေပြီးတော့ ရုန်းရင်း၊ ကန်ရင်းနဲ့ ကုန်ဈေးနှုန်းဒဏ်ကို ခံရတယ်။ ကုန်ဈေးနှုန်းကြီးမြင့်တဲ့ဒဏ်ကို ခံရင်းနဲ့ ဒီလိုတွေဖြစ်လာကြတာပါ။ ကျွန်တော်တို့ဟာ မြန်မာပြည်မှာနေတဲ့ မြန်မာနိုင်ငံသားတွေဖြစ်တဲ့အတွက် မြန်မာပြည်ကြီး ပြန်ပြီးကောင်းဖို့အတွက် ဝိုင်းဝန်းပြီးတော့ အကုန်လုံး ဖော်ဆောင်ကြဖို့လိုပါတယ်။ ကျွန်တော်တို့ အမျိုးမျိုးကြုံတွေ့ခဲ့ရတယ်။ ပြည်သူ့ဆိုင်ခေတ်က ပြည်သူ့ဆိုင်သွားပြီး ဈေးဝယ်ရင် ပေးတာယူရတယ်။ အချိန်အတွယ်မမှန်ရင်လည်း ပြောလို့မရဘူး။ အဲဒီဘဝကနေပြီး ကမ္ဘာကြီးက ရှေ့ကိုပြောင်းလဲသွားတယ်။ Quality ကမ္ဘာကြီးဖြစ်လာတယ်။ အဲဒီတော့ ပစ္စည်းမကြိုက်ရင် လဲလို့ရမယ်။ ဒီနေ့ဝယ်သွားရင် တချို့ဆို တစ်လအတွင်း လဲလို့ရတယ်။ တချို့တစ်ပတ်အတွင်း ဘောက်ချာပြရင် လဲလို့ရတယ်။ ဒီမှာကလဲလို့မရဘူး၊ လဲတာလည်းမခံဘူး။ ဒါဆိုပြီးရော၊ ဘယ်ဟာမှတာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘူး။ အဲဒီလိုနဲ့ နေလာတဲ့အခါကျတော့ ဘာတွေဖြစ်လာလဲဆိုတော့ လာဘ်ပေး လာဘ်ယူဖြစ်လာတယ်။

အခွင့်အရေးဆိုတာ လိုချင်ကြတာပဲ၊ ကျွန်တော်တောင်မှ VIPဆိုတဲ့ ဆွဲကြိုးလေးဆွဲရတာ တော်တော်သဘောကျတယ်။ VIP က တန်းမစီရဘူး။ အဲဒီလိုတွေရှိတယ်။ အဲဒီဟာ ဘယ်လိုဖြစ်လာလဲဆိုတော့ ကျွန်တော်မြင်တာက VIP ခေတ် ဖြစ်လာတာ၊ မင်္ဂလာဆောင်မှာလည်း VIP ၊ နေရာတကာမှာလည်း VIP၊ လူတိုင်းက VIP ဖြစ်ဖို့ လုပ်လာတယ်။ VIP မဖြစ်နိုင်ရင်ဖြစ်နိုင်တဲ့နည်းနဲ့ လုပ်မယ်။ နောက်ပြီး ငွေရှိမှ ဩဇာအာဏာလွှမ်းမိုးလို့ရမယ်ဆိုတော့ ငွေကို အရရှာကြပြန်ရော၊ တရားသောနည်းရော၊ မတရားသောနည်းရော၊ မူးယစ်ဆေးဝါးရော၊ အကုန်လုပ်ပြီးတော့ ငွေရှာမယ်။ မကောင်းတဲ့နေရာတွေဖွင့်မယ်၊ ငွေရှာမယ်၊ အရက်တွေရောင်းပြီး ငွေရှာမယ်။ အဲဒီလိုတွေဖြစ်ရင်းဖြစ်ရင်းနဲ့ ကူးစက်ရောဂါလို ပျံ့သွားတယ်။ ကျွန်တော် လိုရင်း အကြံပေးရမယ်ဆိုရင် ဝန်ထမ်းလောကရော ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ နိုင်ငံသားတွေ အကုန်လုံးဟာ တိုင်းပြည်ကောင်းဖို့ ဝိုင်းလုပ်မယ်ဆိုရင် မကောင်းတာမလုပ်ဖို့ အရေးကြီးတယ်။ နိုင်ငံခြားက ညွှန်သည်လာရင်လည်း ဝိုင်းကူညီကြရမယ်။ နိုင်ငံခြားသားလိမ်တာလည်း အလိမ်မခံရအောင် အားလုံးက ဝိုင်းကြည့်ရမယ်။ နိုင်ငံခြားသားရဲ့ပစ္စည်းကိုလည်း ကျွန်တော်တို့က မတရားယူဖို့ မစဉ်းစားရဘူး။ ဒီလိုပဲ ကိုယ်ရောင်းတဲ့ပစ္စည်းကိုလည်း တာဝန်ခံပြီးတော့ ကောင်းတာကိုပဲ မှန်ကန်တဲ့ဈေးနဲ့ ရောင်းရမယ်။ သူများကောင်းဖို့ထက် ကိုယ့်ကိုယ်ကိုယ်ကောင်းဖို့ နေ့တိုင်းကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**ဒေါက်တာခိုင်ခိုင်ဝင်း**
**ဒါရိုက်တာ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်**

ဝန်ထမ်းအားလုံးရယ်လို့ မဟုတ်ဘူး။ တကယ့်အထက်ပိုင်းအရာရှိကြီးတွေလည်း ပြောင်းလဲရမယ်။ ဝန်ထမ်းလည်း ပြောင်းလဲရမယ်၊ ဝန်ထမ်းတချို့လည်း Mindset တွေ ပြောင်းလဲရမယ်။ အားလုံးက ဝိုင်းပြီးတော့ ပြုပြင်ပြောင်းလဲရမှာတွေရှိတယ်။ ပြည်ထောင်စုရာထူးဝန်ဥပဒေဆိုရင်လည်း တချို့နေရာတွေမှာ ပြုပြင်ပြောင်းလဲရမယ်။ တိုင်းပြည်အတွက် ပိုပြီးအဆင်ပြေစေမယ့် Reform တစ်ခုဖြစ်ဖို့အတွက် အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်မအမြင်အရဆို အခု နိုင်ငံတကာက Hanns Seidel Foundation တို့၊ နယူးဇီလန်တို့က လာဆွေးနွေးကြတယ်။ ဒါက နှစ်ရှည်စီမံကိန်းဖြစ်ပါတယ်။ ငါးနှစ်နဲ့ ပြီးချင်မှပြီးမယ်၊ ၁၀ နှစ်အတွင်းလည်း ပြီးချင်မှပြီးမယ်၊ နိုင်ငံတကာမှာတောင်မှ အချိန်ယူရတာဆိုတော့ ကျွန်မတို့နိုင်ငံလည်း အချိန်ယူရမှာပါ။

## မိုးထစ်ချုန်း

ကယားပြည်နယ်တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ဆင်သေချောင်းရေကြီးမှုကြောင့် နေအိမ် အလုံး ၂၀ မျောပါ

**တပ်ကုန်း ဩဂုတ် ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ဩဂုတ် ၂၆ ရက် နံနက် ၃ နာရီက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆင်သေချောင်းရေကြီးရေလျှံမှုဖြစ်ပေါ်ကာ တောင်ရိုးအနောက်ဘက်ရှိ သံပုရာကုန်းကျေးရွာ၊ လက်ပံအိုင်ကျေးရွာနှင့် ဖက်သန်းတောင် စသည့် ကျေးရွာများ ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

ရေကြီးမှုကြောင့် လူနေအိမ် ၂၀ ကျော် ရေထဲမျောပါ၍ အိမ်ခြေ ၉၀ ကျော် ခေါင်မိုးရေနစ်မြုပ်ခဲ့ပြီး အိမ်ခြေ ၁၉၆ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ရေနစ်မြုပ်ခဲ့သည်။ လူဦးရေ ၁၀၀၀ ကျော်အား ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည်။ လိုအပ်သည်များကို ဌာနဆိုင်ရာများ၊ ကြက်ခြေနီနှင့် လူမှုရေးအဖွဲ့များ ထမင်းထုပ်များ၊ ရေသန့်များနှင့် လူသုံးကုန်များ လာရောက်လှူဒါန်းလျက်ရှိကြောင်းနှင့် လူ၊ တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**



## ပုသိမ်မြို့နယ်၊ ခိုင်ရွှေစင်သောက်ရေသန့်မှ ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများအား ငါးဟင်းနှင့် ထမင်းထုပ်များလှူဒါန်းခြင်း



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ်(၄၂)၊ မရမ်းချိုလမ်း၊ ခိုင်ရွှေစင်သောက်ရေသန့်မှ ကွယ်လွန်သူ မိခင်ကြီး ဒေါ်စိုးစိုးရီအား ရည်စူး၍ သားသမက် မောင်စိုင်းစည်သူနှင့် သမီး မဆုရတနာဖိုလ်တို့မှ ၁၃-၈-၂၀၁၆ရက်တွင် (၁)ရပ်ကွက်အတွင်းရှိ ကွမ်းခြံ၊ ကိုးသောင်း၊ အလက(၃)၊ မနောဟရီ၊ YMCA၊ ရွှေဝါထွန်းတို့တွင် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု၁၆၂၀စု၊ လူဦးရေ ၂၂၀၇ဦးတို့အား ငါးဟင်းနှင့် ထမင်းထုပ်များ လှူဒါန်းခဲ့ပါသည်။


ငါးထပ်သားပြားရောင်းရန်ရှိသည်

တစ်ချပ်(၄၅၀၀)ကျပ်

ဆက်သွယ်ရန်ဖုန်း-၀၁-၃၈၅၅၃၆၊
၀၁-၃၈၅၅၅၀၊ ၀၁-၂၄၂၀၅၃၊
၀၉-၂၅၀၆၅၀၀၆၄
အမှတ်(၄-အေ)၊ လှိုင်မြစ်လမ်း၊ ဇုန်(၁)၊
အပိုင်း(၆)၊ လှိုင်သာယာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်


### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၃၉-ခ)၊ ၅၃×၅၄ ကြား၊ အနော်ရထာ×ဘုရင့်နောင်ကြားရှိ ဦးဝင်းလှ အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးအောင်ကျော်သူ ၁၃/ဟပတ(နိုင်)၀၁၂၉၄၀မှ အောင်ပင်လယ်ရွာသစ်မြေနေရာချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# တောင်ငူ၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**တောင်ငူ ဩဂုတ် ၂၆**

ဩဂုတ် ၂၅ ရက် ည ၁၀ နာရီက တောင်ငူမြို့ မင်းကြီးညို(၂၂)ရပ်ကွက် ပေါက်လုကြီးလမ်းရှိ နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် သေနတ်တစ်လက် သိမ်းဆည်းရမိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲမှူး အောင်ဝင်းထွေး၊ ရဲအုပ်အောင်ကျော်လွင် ဦးဆောင်သည့်အဖွဲ့၊ နယ်မြေခံတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်းကြီးညို (၂၂)ရပ်ကွက် ပေါက်လုကြီးလမ်းနေ ကိုဦး(ခ)နိုင်လင်းထက်(၂၂ နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ကိုဦးနှင့် ဇနီးဖြစ်သူ မအိအိခိုင်၊ ဇော်မင်းလတ်(ခ)မုင်စာ (၂၄ နှစ်) (၁၉)ရပ်ကွက် တောင်ငူမြို့နယ်၊ တင်ထွန်းလှိုင်(ခ)ဖိုးလပြည့်(၂၅ နှစ်) (၁၆)ရပ်ကွက် ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့နေသူတို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၁၁၀၊ ငွေကျပ် ၈၄၅၀၊ အောက်ဆွဲ လေသေနတ်တစ်လက်၊ အရိုးအသွား နှစ်ပေ ငါးလက်မခန့် ဓားအိမ်ပါ ထိပ်ဦးချွန်ဓားရှည်တစ်လက်၊ NISSAN အမျိုးအစားကားတစ်စီး၊ ဆိုင်ကယ် လေးစီးနှင့် အခြားသော သက်သေခံ ပစ္စည်းများကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ ယင်းဖြစ်စဉ်အား သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။



**သူရ(တောင်ငူ)**

# ကျိုက်ဒုံမြို့ ဘုရားငုတ်တိုကျေးရွာအနီးတွင် ပုပ်ပွအမျိုးသမီးအလောင်းတွေ့ရှိ

**ကျိုက်ဒုံ ဩဂုတ် ၂၆**

ကရင်ပြည်နယ် ကျိုက်ဒုံမြို့ ဘုရားငုတ်တိုကျေးရွာအနီး ကွမ်းခြံ၌ ပုပ်ပွနေသော အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ မြို့နယ် ရဲစခန်းမှူး ရဲအုပ် ဝင်းမင်းထွန်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်နိုင်ဝင်းနှင့် အဖွဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့သည်။

ဩဂုတ် ၂၅ရက် မွန်းတည့် ၁၂ နာရီက ဘုရားငုတ်တိုကျေးရွာ အခြေပြု DKBA တပ်ဖွဲ့ ဗိုလ်ကြီးအဆင့်ရှိ ဦးတင်ငြိမ်းသည် မြို့နယ်ရဲစခန်းသို့ ရောက်ရှိလာပြီး မိကွီးကျေးရွာနေ ကိုအရှိန်(ခ)ဦးခေ့က ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီခွဲခန့်က ၎င်းပိုင်ကွမ်းခြံသို့ ကွမ်းပင်စိုက်ရန်သွားရောက်စဉ် ဘုရားငုတ်တိုကျေးရွာအနီး ကွမ်းခြံအတွင်းတွင် အလောင်းတစ်လောင်းတွေ့ရှိ၍ ဘုရားငုတ်တိုကျေးရွာအတွင်းရေးမှူး ဦးလွန်းခင်အား သွားရောက်ပြောကြားခဲ့သည်။ ဦးလွန်းခင်မှ ရွာသားများစု၍ အလောင်းအား သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဖားကွီးကျေးရွာအုပ်စု ဘုရားငုတ်တိုကျေးရွာနေ ဦးဖားချောဖေ့၏ သမီး မနန်းမြလွင်(၁၆ နှစ်)ဖြစ်ကြောင်း သိရှိရသဖြင့် လာရောက်အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အလောင်းအား ရဲဆေးစာနှင့်အတူ ပြည်သူ့ဆေးရုံသို့ ပေးပို့ခြင်း ဆောင်ရွက်ခဲ့သည်။

သေဆုံးသူမှာ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ကွမ်းသီးဖတ် သွားကောက်ရန် ထွက်သွားရာမှ ပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သေဆုံးသူတွင် ဘယ်ညာလက်ဖျံ၌ တစ်ချက်စီ၊ ဝမ်းဗိုက်တွင်တစ်ချက်၊ ဘယ်ညာတင်ပဆုံတွင် တစ်ချက်စီ ဓားဖြင့် ခုတ်ထားသည့်ဒဏ်ရာများ ရရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မြို့မရဲစခန်းက အမှုမှန်ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

# ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၆**

မူးယစ်တပ်ဖွဲ့စု (၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက်က ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးစခန်း၌ လားရှိုးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် မန်းရွှေပြည် ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည် အိုက်မိန်းနှင့် မဆိုင်ခမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ (ယင်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၀၀၀)၊ အိုက်စ် တစ်ကီလို(ယင်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၀၀)နှင့် မအေးခမ်းစံထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က သိန်းနီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သိန်းနီမြို့ ရပ်ကွက်(၁) မြို့မဈေးအနီး ပြည်ထောင်စုလမ်းမကြီးပေါ်၌ အိုက်ဆိုင်မောင်းနှင်ပြီး အိုက်စံလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၂၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၁၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# မိုင်းယောင်း၌ ငွေကျပ် ၉၇၁ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိုင်းယောင်း ဩဂုတ် ၂၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မိုင်းဟော့ကျေးရွာအနီးရှိ တောင်ယာတဲအတွင်းမှ ငွေကျပ် ၉၇၁၇၀၀၀၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ လူတစ်ဦး ဩဂုတ် ၂၃ ရက် နံနက်က ဖမ်းဆီးရမိကြောင်း သိရသည်။

မိုင်းယောင်းမြို့မရဲစခန်းမှ ဒုရဲအုပ် ခင်မောင်လင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် သတင်းအရ မိုင်းဟော့ကျေးရွာအနီး အိုက်အွန်(ခ)အိုက်ပတ်၏ တောင်ယာတဲအတွင်းသို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား တဲအတွင်းတွေ့ရှိပြီး ဘိန်းဖြူအမှုန့် အလေးချိန်တစ်ကီလိုခန့် တစ်ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၇၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၉၇၁၇၀၀၀၀ ကို သိမ်းဆည်းရမိပြီး မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ အိုက်အွန်(ခ)အိုက်ပတ်အား မိုင်းယောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


# မိတ္ထီလာကန်စပ်မှ လက်ပစ်ဗုံးတစ်လုံးနှင့် ရိုင်ဖယ်ကျည်ဆန် အတောင့် ၁၀၀ တွေ့ရှိ

**မိတ္ထီလာ ဩဂုတ် ၂၆**

မိတ္ထီလာမြောက်ကန် ဓမ္မသုခကန်ဦးစေတီ အနောက်ဘက်ကပ်လျက် ရေကျော်အနီးမှ ယနေ့နံနက် ၁၀ နာရီခန့်က ရန်မျိုးအောင်ရပ်ကွက် နယ်မြေ ၁၁ နေ ထွန်းဝင်းလှိုင်(၁၇ နှစ်)၊ ဆန်းလွင်ဦး(၁၆ နှစ်)နှင့် မောင်အောင်ထွေး(၁၆ နှစ်)တို့သည် မြောက်ကန်အတွင်း ရေဆင်းဆော့စဉ် ကန်အောက်မှ ပလတ်စတစ်အိတ်အနက်ဖြင့် ထုပ်ထားသည့် လက်ပစ်ဗုံးတစ်လုံးနှင့် ကျည်ဆန်အတောင့် ၁၀၀ တွေ့ရှိသဖြင့် ဂေါပကအဖွဲ့သို့ အပ်နှံ ကြောင်း သိရသည်။

မိတ္ထီလာမြောက်ကန်အတွင်းမှ တွေ့ရှိသော လက်ပစ်ဗုံးနှင့် ကျည်ဆန်များအား မိတ္ထီလာခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်ရွှေ၊ စစ်မြေပြင်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူများက တွေ့ရှိသော လက်ပစ်ဗုံးနှင့် ကျည်ဆန်တို့အား နယ်မြေခံတပ်ရင်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**




### အိတ်ဖွင့်တင်ဒါပိတ်ရက်ပြောင်းလဲပြင်ဆင်ခြင်း

၁-၈-၂၀၁၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ပါရှိသည့်မြန်မာနိုင်ငံပညာရေး သုတေသနဦးစီးဌာန၏ အိတ်ဖွင့်တင်ဒါပိတ်ရက် ၂၉-၉-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၃ နာရီအစား၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့) ညနေ၃နာရီဟုပြောင်းလဲပြင်ဆင်ပါသည်။

### မွေးသက္ကရာဇ်အမှန်

ဦးပေါက်ဆီ - ဒေါ်ကျင်ရွှေတို့၏သား ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းအထကမှ မောင်ဝင်းခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၃-၁၉၇၆ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ဃ/၁၀၈၀ Suzuki Shooter 115 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၇/ပမန(နိုင်)၀၂၂၉၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၅၆၈၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅ခုနှစ် ရေဘေးနှင့်သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများပြုပြင်ရန် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့လှူဒါန်းငွေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်ပါမည်။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် JICA တို့ ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သဘာဝဘေးဒဏ်ခံရသည့် အခြေခံပညာကျောင်းများအား ကျောင်းဆောင်သစ်များဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးကုမ္ပဏီပိုင် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၃၀-၈-၂၀၁၆ ရက်
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၉-၉-၂၀၁၆ ရက်
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၆-၁၀-၂၀၁၆ ရက်
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ် ၁၃၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၆၈၇၊ ၀၆၇-၄၀၇၆၉၄၊ ၀၆၇-၄၀၇၆၉၀တို့ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ။ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလတွင် လုပ်ငန်းပြီးစီးရမည် ဖြစ်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း

ဒေါ်ခင်သောင်း (ခ) ဒေါ်သောင်းတင် ၁၂/ဗဟန(နိုင်)၀၄၂၆၂၀ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၅၆၈၃၈**

### လုံးချင်း နှစ်ထပ်တိုက်ငှားရန်

ခြံအကျယ်-ပေ(၄၀×၁၁၀)
အိမ်အကျယ်-ပေ(၃၀×၄၅)
နှစ်ထပ် RC, Air Con အသစ် ခုနစ်လုံး
ကျွန်းပါကေးခင်း၊ ရေ၊ မီး အပြည့်အစုံ
ဆိတ်ငြိမ်ရပ်ကွက်
လိပ်စာ-၁၃၂၊ ဟံသာဝတီ(၂၁)လမ်း၊ (၆)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ် (ဗဟိုဈေး-ဝေဇယန္တာလမ်းမအနီး)
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၉၄၈၅၇
**တစ်လ ၃၅ သိန်း**

### မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်း (၂၄)မျိုးအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်

(က) ရုံးသုံးပစ္စည်း (၂၂) မျိုး
(ခ) ရုံးသုံးပရိဘောဂ (၁) မျိုး
(ဂ) ရုံးသုံးမော်တော်ယာဉ် (၁)စီး

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၂၉-၈-၂၀၁၆ ရက်မှ ၂-၉-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့် နည်းပညာဌာန၊ အင်ဂျင်နီယာဌာနစိတ်(စက်မှု)၊ ပစ္စည်း(၁) ဌာနစိတ်နှင့် မော်တော်ယာဉ်ဌာနစိတ်တို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၉-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့် နည်းပညာဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်အာမခံကြေးကို သတ်မှတ်အိတ်ဖွင့်တင်ဒါ ပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၅။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၆၇-၄၁၈၂၉၃ [အင်ဂျင်နီယာဌာနစိတ် (စက်မှု)]၊ ၀၆၇-၄၁၈၃၆၈ (ပစ္စည်း-၁၊ ဌာနစိတ်)၊ ၀၆၇-၄၁၈၂၉၅ (မော်တော်ယာဉ်ဌာန စိတ်)တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဩဘာလမ်းအပေါ်ပိုင်း၊ ဗညားဒလလမ်းမကြီးအနီး၊ ပေ(၁၅×၆၀)ပထမထပ်၊ အိပ်ခန်းနှစ်ခန်း၊ ပါကေးခင်း၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်၊ ကိုယ်ပိုင်ရေမီးစုံ၊ သိန်း ၈၂၀ (ညှိနှိုင်း)။

**ဖုန်း-၀၉-၄၂၂၄၅၉၅၇၉၊ ၀၉-၅၂၀၃၃၅၉**

### ခြံရောင်းရန်

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ အမှတ် ၄၄ (က)၊ ခရေလမ်း၊ ပေ(၁၅၅× ၁၄၀) မူရင်းပိုင်ရှင်၊ စလစ်ကျပြီး၊ မီတာကျပြီး။ ရောင်းဈေး ကျပ်သိန်း ၄၅၀၀

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၉၄၈၅၇**

### အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းအသုံးပြုသူများ ဘေးကင်းလုံခြုံမှုရှိစေရန်၊ ယာဉ်ကြောပိတ်ဆို့မှုများ ဖြေရှင်းဆောင်ရွက်နိုင်ရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် အရေးယူကြပ်မတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါ လုပ်ငန်းစဉ်အား စီမံချက်တစ်ရပ်ဖြင့် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ စည်းကမ်းပျက်သည့်ယာဉ်များအား ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါ၍ ပြည်သူများ ပူးပေါင်းပါဝင်နိုင်ပါရန် အောက်ပါဖုန်းအမှတ်များသို့ ဆက်သွယ်သတင်းပေးနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဖုန်း-၀၉-၇၇၇၇၁၆၉၈၂ (သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့)
(ခ) ဖုန်း-၀၉-၉၇၇၉၅၆၄၉၀ (သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့)
(ဂ) ဖုန်း-၀၁-၂၉၁၂၈၄ (အမှတ်-၂၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး)
(ဃ) ဖုန်း-၀၁-၂၉၁၂၈၅ (အမှတ်-၂၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး)
(င) ဖုန်း-၀၉-၇၇၇၄၃၆၂၃၂ (Online Complaint Center)
(စ) ဖုန်း-၀၉-၇၇၇၄၃၆၂၃၃ (Online Complaint Center)
(ဆ) ဖုန်း-၀၉-၇၇၇၄၃၆၂၃၄ (Online Complaint Center)

**ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်းဘွဲ့မြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ဝါးဂုတ္တောကျေးရွာနေ နော်သဇင်မိုး ၃/လဘန(နိုင်)၁၄၉၄၁၉ ၏ဖခင် ဦးနော် မိုးမိုး(ခ) ဦးစောမိုးမိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဇင်မင်းထက်၏ဖခင်အမည်မှန်မှာ ဦးသိန်းစိန် ၉/ရမသ(နိုင်)၁၀၀၅၈၄ ဖြစ်ပါသည်။

# ဆိုကရေးတီး သုခုမခရီး ပေါင်းစည်းညီညာလှမ်းဆက်ရာ

**တေးကဗျာမင်းယု**

"မျှော်လင့်တုန်းကြော့ ဆုံးလာစေချင်" ဟူသော ကာလပေါ် သီချင်းလေးတစ်ပုဒ်ကဲ့သို့ပင် ရင်မှပူပန်စွာ မျှော်တစ်လင့်လင့် ဖြစ်ခဲ့ရသူတစ်ယောက်အဖို့ ရေငတ်သူ ရေတွင်းထဲကျသလို ခံစားလိုက်ရသည်။

ပြောင်းလဲချိန်တန်ပြီဟု ကြွေးကြော်ပြီး တက်လာခဲ့သော အစိုးရသစ်လက်ထက်တွင် ကျွန်တော်တို့ ဆိုကရေးတီး ပြိုင်ပွဲတွေ ဆက်ပြီးလုပ်ဖြစ်ပါ့မလားဟု ပူပန်ခဲ့မိပါသည်။

ထိုသို့-ထိုသို့-ထိုသို့ သို့သော-သို့သော တွေးတောပူပန် နေရချိန် ဇူလိုင် ၂၁ ရက်က နေပြည်တော်သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရုံးမှ (၂၂)ကြိမ်မြောက် မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ပထမအကြိမ်အစည်းအဝေးကျင်းပကြောင်း သတင်းကြားလိုက်ရသောအခါ အံ့ဩဘနန်း-လက်ပန်းပေါက် ခတ်-ရင်သပ်ရှုမောဖြစ်ရသော ကျွန်တော့်အား အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီး၏မိန့်ခွန်းက ရင်ကိုလန်းဆန်း အေးမြစေပါသည်။

"ပြောင်းလဲချိန်တန်ပြီ" ဟု အများက နားလည်ရွေးချယ်ခဲ့ကြသည့် အစိုးရသစ်တစ်ရပ်သည် ပြောင်းလဲတာဝန်ယူသည့်အခါတွင် အဆို အက အရေး အတီး ပြိုင်ပွဲကြီးနှင့် ပတ်သက်၍ ဝါသနာရှင်များ၊ ပညာရှင်များအကြားသို့သော-သို့သော တွေးတောပူပင်မှုများ ရှိကောင်းရှိခဲ့ကြမှာဖြစ်ပါကြောင်း၊ မည်သည့်ခေတ်၊ မည်သည့်အချိန်ကာလတွင် မည်သည့်အစိုးရတစ်ရပ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ သည်ဖြစ်စေ- တိုင်းရင်းသားချစ်ကြည်စည်းလုံးညီညွတ်ရေးကို အခြေခံသည့် အမျိုးသားရေးနှင့် သက်ဆိုင်သည့် ကိစ္စတစ်ရပ်ကို အစဉ်အလာတစ်ခုအဖြစ် လက်ဆင့်ကမ်းသယ်ဆောင်ခြင်းသည် မိမိတို့နိုင်ငံ၏ မြင့်မြတ်သော နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်ခြင်းဟု ခံယူပါကြောင်း...။

မှန်ပါသည်။

မြန်မာတို့၏ အဆိုအကအရေးအတီး ပညာရပ်များသည် ရှေးအစဉ်အဆက်ကတည်းက မြန်မာတိုင်းရင်းသားတို့၏ လူမှုဘဝများနှင့် ထပ်တူရှင်သန်ကြီးထွားလာခဲ့သော၊ အနုပညာများဖြစ်သည်။ (တစ်နည်း)ရိုးရာယဉ်ကျေးမှု အမွေအနှစ် များဖြစ်သည်။ သမိုင်းအမွေအနှစ်များဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။

ထိုယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးကိုစောင့်ရှောက်ခြင်းမည်၏။

ထို့ကြောင့် ထိုယဉ်ကျေးမှုအမွေအနှစ်များကို အထိအခိုက် အတိမ်းအစောင်းမခံ ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ- ကျွန်တော်တို့အားလုံး၏ တာဝန်ဖြစ်ပြီး ထိုတာဝန်သည်ပင် အမျိုးသားရေးတာဝန်ဖြစ်သည်ဟု ခံယူပါသည်။

ယခုအခါ ထိုတာဝန်ကြီးကိုအစိုးရသစ်သည် ထမ်းဆောင်ခဲ့ပြီ။ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီကို နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နာယကအဖြစ် ဆောင်ရွက်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး သူရဦးအောင်ကိုက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ အမျိုးသားရေးဦးတည်ချက်များဖြင့် လာမည့် အောက်တိုဘာလထဲတွင် နေပြည်တော်၌ ကျင်းပပြုလုပ်သွားရန်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၁ ရက်တွင် နေပြည်တော်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်ပထမအကြိမ်အစည်းအဝေး ပြုလုပ်ခဲ့ပြီး လုပ်ငန်းစဉ်များ စီစဉ်ရေးဆွဲဆွေးနွေးညှိနှိုင်းခဲ့ကြ၍ ဩဂုတ် ၁ ရက် ဒုတိယအကြိမ်အစည်းအဝေးတွင် နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုယ်တိုင်ကြွရောက် အမှာစကားပြောကြားခဲ့ပြီး လုပ်ငန်းစဉ်များကို အတည်ပြုချမှတ်ပေးခဲ့သည်။

ထိုအစည်းအဝေးကြီးမှ ချမှတ်ပေးခဲ့သော ပြိုင်ပွဲကြီး၏ ဦးတည်ချက်များသည် နိုင်ငံတော်အတွက် အဓိကကျသလို ပါဝင်ဆောင်ရွက်နေသော တာဝန်ရှိပုဂ္ဂိုလ်များနှင့်ပြိုင်ပွဲဝင်အားလုံးအတွက်ပါ အရေးကြီးလှသဖြင့်အလေးအနက်ထား ဆောင်ရွက်နိုင်ရန် အောက်တွင်ဖော်ပြလိုက်ပါသည်။

(၁) တစ်မျိုးသားလုံး၏အမျိုးသားစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး။

(၃) ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်ထက်မြက်ရေး။

(၄) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး။

(၅) ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အနုပညာဖြင့်ပါဝင်ဆောင်ရွက်ရေး။

ဆိုကရေးတီးပြိုင်ပွဲကြီးများသည် နိုင်ငံတော်၏ လိုအပ်ချက်အရ ပေါ်ပေါက်လာသော အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ပွဲ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ပြပွဲ၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာမှုကို ကာ

**မြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် ရှေးအစဉ်အဆက်ကတည်းက မြန်မာတိုင်းရင်းသားတို့၏ လူမှုဘဝများနှင့် ထပ်တူ ရှင်သန်ကြီးထွားလာခဲ့သော အနုပညာများဖြစ်သည်။ (တစ်နည်း) ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်သည်။ သမိုင်းအမွေအနှစ်များ ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များဖြစ်**

ကွယ်သည့်ပွဲ၊ ရိုးရာယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းပွဲများဖြစ်သည်။

ဤရည်ရွယ်ချက်များဖြင့် ဆိုကရေးတီးပြိုင်ပွဲများသည် ၁၉၉၃ ခုနှစ်မှ စတင်ပေါက်ဖွားခဲ့ပြီး ယခုကျင်းပမည့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲကြီးသည် (၂၂)ကြိမ်တိုင်ခဲ့ပြီမို့ ဆိုကရေးတီးပြိုင်ပွဲကြီး၏ ခရီးရှည်ကြီးသည် တမ်းတမက်မောဖွယ်ရာ အမျိုးသားရေး မှတ်တိုင်များအဖြစ် ထင်ဟပ်ကျန်ရစ်စေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် ဆိုကရေးတီးပြိုင်ပွဲများသည် မြန်မာမှုမြန်မာ့ဓလေ့ ရိုးရာယဉ်ကျေးမှုမြတ်နိုးသူများအဖို့ မှီခိုအားထားရာဖြစ်ခဲ့သည်။

တိုးတက်များပြားလာသော မီဒီယာခေတ်တွင် အမှုမဲ့အမှတ်မဲ့ဖြင့် ထိုးဖောက်ဝင်ရောက်လာသော တိုင်းတစ်ပါးယဉ်ကျေးမှုများသည် အင်နှင့်အားနှင့် ဖြစ်တည်နေချိန် ဆိုကရေးတီးပြိုင်ပွဲများ၏ အကျိုးသက်ရောက်မှုသည် အတိုင်းအတာတစ်ခုထိ ဖော်ဆောင်နိုင်ခဲ့သဖြင့် အမျိုးသားရေးအတွက် အားရကျေနပ်ဖွယ်ရာ ဖြစ်ခဲ့သည်အမှန်။

ယခုနှစ် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲကြီးတွင် အဆိုပြိုင်ပွဲ၌ အခြေခံကျသော မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်နှင့် ဇာတိမာန်တေးသီချင်းများပါဝင်သည်။ အကပြိုင်ပွဲတွင် မြန်မာ့ရိုးရာအကများအဖြစ် ကျေးလက်ရိုးရာ၊ တိုင်းရင်းသားရိုးရာအကနှင့် ကဗျာလွတ်အဖွဲ့လိုက်ပြိုင်ပွဲများ ပါဝင်သည်။

အတီးပြိုင်ပွဲတွင် ရိုးရာတူရိယာများဖြစ်သော စောင်း၊ ပတ္တလား၊ စန္ဒရား၊ ဆိုင်းဝိုင်း၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ နှဲ၊ ပလွေ၊ အိုးစည်၊ ဒိုးပတ်စသည်များ စုံလင်လှသည်။

ထို့အပြင် တေးရေးပြိုင်ပွဲနှင့် ရုပ်သေး၊ ကွက်စိပ်ပြိုင်ပွဲများလည်း ထည့်သွင်းထားသဖြင့် ရိုးရာယဉ်ကျေးမှုအနုသုခုမ ချစ်မြတ်နိုးသူများ တစ်ဝကြီး ကြည့်ရှုခံစားနိုင်သည့်ပွဲကြီး ဖြစ်ပေသည်။

ကျွန်တော်တို့သည် ရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုးကြသည်။ ရိုးရာယဉ်ကျေးမှုသည် နိုင်ငံတိုင်း၊ လူမျိုးတိုင်း၌ ရှိကြသည်။ ရိုးရာယဉ်ကျေးမှုသည် ထိုနိုင်ငံ၊ ထိုလူမျိုး၏ ဘဝပုံရိပ်ဖြစ်သလို၊ အမျိုးသားရေးအမွေအနှစ်လည်းဖြစ်သည်။

ထို့ကြောင့် ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းသည် အမျိုးသားရေးတာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်နေခြင်းဖြစ်သည်။

ယခုမြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲကြီးများ ပြုလုပ်ကျင်းပနေခြင်းသည်လည်း အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်နေခြင်းဖြစ်ပါသဖြင့် ကျွန်တော်တို့အားလုံးသည် ဦးတည်ချက်များအတိုင်း တာဝန်သိသိ သစ္စာရှိရှိဖြင့် ညီညာဖြဖြလုံ့လ ရှင်သန်အားမာန်ပြည့်ဝစွာ သုခုမပွဲတော်ကြီးကို ပါဝင်ဆင်နွှဲကြပါရန် နှိုးဆော်တိုက်တွန်းရေးသားအပ်ပါသည်။

## မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မော်လမြိုင် ဩဂုတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာဖြစ်သည့် ကော့ခနိကျေးရွာအား မြစိမ်းရောင်ရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀ ပေးအပ်ပွဲကို ဩဂုတ်လတတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်က စီမံကိန်း၏အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားကာ ကျေးရွာလူထုမှလည်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးပွားမည့် လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားကြသည်။

**ဝဝဝ**

## လက်ပံတန်းမြို့ ကြက်ခြေနီတပ်ဖွဲ့မှ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်း

**လက်ပံတန်း ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ရင်းမှူးရဲမှူး ဖုန်းမြင့်နှင့် သက်ဆိုင်ရာတပ်ခွဲမှူးများ၊ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၃ ရက်က သာရဝေါတိုက်နယ်၊ ခမုံတိုက်နယ်များတွင်ရှိသော ရေဘေးသင့်ကျေးရွာများသို့ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ဆေးစိမ်ခြင်ထောင်များ၊ စောင်များ၊ ရေသန့်ဆေးပြားများ၊ ဓာတ်ဆားထုပ်များ၊ ရေသန့်ဘူးများနှင့် ကိုကာကိုလာအချိုရည်ဘူးကြီးများကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ရေကြီးချိန်ကာလတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## တောင်ငူမြို့နယ် ကိုယ်ပိုင်အထက်တန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**တောင်ငူ ဩဂုတ် ၂၆**

တောင်ငူမြို့နယ် ကိုယ်ပိုင်အထက်တန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှ စတင်၍ ခြောက်သင်းပတ်လည် ယှဉ်ပြိုင်ကစားရာ ဩဂုတ် ၂၃ ရက် ညနေ ၄ နာရီတွင် တောင်ငူခရိုင်အားကစားကွင်းကြီး၌ ဗိုလ်လုပွဲကျင်းပသည်။



ဗိုလ်လုပွဲတွင် မေတ္တာစိုးစံကိုယ်ပိုင်အထက်တန်းကျောင်းကို နန်းထိုက်တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုပေးပွဲကျင်းပရာ အကောင်းဆုံး ကစားသမားဆုများနှင့် တတိယရရှိသည့် မဟာကိုယ်ပိုင်အထက်တန်းကျောင်း ဘောလုံးအသင်း၊ ဒုတိယရရှိသည့် မေတ္တာစိုးစံကိုယ်ပိုင်အထက်တန်းကျောင်း ဘောလုံးအသင်းတို့ကို တာဝန်ရှိသူ ဆရာကြီးများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## ပင်လယ်သဲများ မော်လ်ဒိုက်သို့ရောင်းမည့်ကိစ္စ သတင်းစာရှင်းလင်းပွဲပြုလုပ်

**ထားဝယ် ဩဂုတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်မြို့ ပျဉ်ပုံကြီးကျွန်းအနီးတွင် ပင်လယ်သဲများထုတ်ယူ၍ မော်လ်လဒိုက် ကျွန်းနိုင်ငံသို့ရောင်းချရန် သဲထုတ်ယူခွင့် တင်ပြသည့်ကိစ္စနှင့် ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများသို့ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ယခုတလော လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြပါရှိနေသည့် မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်မြို့ ပျဉ်ပုံကြီးကျွန်း အနီးတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် Salt International Company Limited မှ ပင်လယ်သဲထုတ်လုပ်ရန် တင်ပြလာသည့်ကိစ္စနှင့် ပတ်သက်၍ "ဒေသခံပြည်သူများမှ သဘောတူညီမှုမရှိသည့်အတွက် ခွင့်မပြုကြောင်း" ကို တင်ပြလာသော ကုမ္ပဏီသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က အကြောင်းကြားပြီးဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဒေသခံပြည်သူများ ရှင်းလင်းစွာသိရှိနိုင်ရန် ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်လျက်ရှိသည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးကိစ္စ၊ လောင်းကစားမှုပပျောက်ရေးကိစ္စများကို ဆက်လက်ဆွေးနွေးကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# အလေးထားသင်ယူရမည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ

**မြင့်စိုး(နတလ)**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း အောင်မြင်ပြီးသူ နယ်စပ်အသီးသီးမှ တိုင်းရင်းသူလေးများအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထည်ချုပ်စက်ရုံများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်လျက် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြီးခဲ့သည့် ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း အမှတ်(၅၁)ရပ်ကွက်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းအမှတ်စဉ်(၁၄) ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများအား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှစ၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုဖွင့်လှစ်သော သင်တန်းအမှတ်စဉ် (၁၄)၌ တိုင်းရင်းသူ ၁၀၀ တက်ရောက်သင်ယူလျက်ရှိပြီး စုစုပေါင်း သင်တန်းဆင်းပြီး အရေအတွက်မှာ ၁၅၄၈ ဦးဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသူလူမျိုးပေါင်းစုံ အတူတကွ ရင်းနှီးချစ်ကြည်စွာ တက်ရောက်သင်ယူလျက်ရှိသကဲ့သို့ သူတို့လေးတွေထဲမှာ ကယန်း၊ ပလောင်၊ နာဂ၊ လီဆူ၊ ရဝမ် ၊ အားခါ၊ ဓနု၊ ပအိုဝ်း၊ ကဒူး၊ မြို ၊ ယင်းဘော်အစရှိသော တိုင်းရင်းသူမျိုးနွယ်စုများ ပါဝင်လာခဲ့ကြသည်။

> **နယ်စပ်ဒေသ အပါအဝင် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေဆင်းရဲနွမ်းပါးသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကို ရည်ရွယ်ပြီး ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်**

အသက်မွေးဝမ်းကျောင်း ပညာရပ်များ အလေးထားသင်ယူရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၆ ခုနှစ် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်ရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်သော နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးနှီးနှောဖလှယ်ပွဲတွင် အောက်ပါအတိုင်း မိန့်ကြားခဲ့သည်-

“ နိုင်ငံအချို့တွင် တက္ကသိုလ်ပညာကို တန်ဖိုးထားကြသော်လည်း အသက်မွေးဝမ်းကျောင်းပညာကို တန်ဖိုးထားမှုနည်းပါးပြီး အသက်မွေးဝမ်းကျောင်းပညာကို ဒုတိယတန်းပညာဟု ယူဆကြကြောင်း၊ တက္ကသိုလ်ပညာမဆည်းပူးနိုင်သူများ၊ တက္ကသိုလ်ပညာအဆင့်မရောက်ရှိနိုင်သူများသည် အသက်မွေးဝမ်းကျောင်းပညာကို လေ့လာဆည်းပူးသည့်အပိုင်းသို့ ရောက်သွားသည်ဟု ထင်မြင်ယူဆသူများရှိပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာ (Vocational Training) ဟူသည် မိမိတို့၏ ဝါသနာနှင့် ကိုက်ညီသည့်ပညာရပ်ကို သင်ကြားပေးခြင်းဖြစ်သဖြင့် အသက်မွေးဝမ်းကျောင်းပညာကို မြတ်နိုးတန်ဖိုးထားဂုဏ်ယူစေလိုကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကို အထူးတန်ဖိုးထားသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုရရှိခဲ့ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုရရှိပြီး နိုင်ငံများတွင်ပင် တက္ကသိုလ်ဘွဲ့ရများသည် အလုပ်အကိုင်ရရှိမှု တစ်နှစ်ထက်တစ်နှစ် နည်းပါးလာပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် သင်ကြားတတ်မြောက်သည့်ပညာနှင့် လူမှုအသိုင်းအဝိုင်း၏လိုအပ်ချက် ကိုက်ညီမှုအားနည်းသည့်အတွက် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာသင်ကြားတတ်မြောက်သည့် လူငယ်များသည် အလုပ်အကိုင်ရရှိမှု ရာခိုင်နှုန်းများပါကြောင်း၊ မိမိတို့ဘဝတွင် တွေ့ကြုံနိုင်သည့် အခက်အခဲစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ခြင်း၊ ကျော်လွှားနိုင်ခြင်းစသည့် အရည်အချင်းများသည် ပညာဖြစ်သည်ဟု ခံယူကြပြီး မြန်မာနိုင်ငံတွင် သက်မွေးပညာရေးကို ပထမတန်းစားပညာရေးအဖြစ် တန်ဖိုးထားလာသည်အထိ ကြိုးပမ်းမြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း” မှာကြားခဲ့သည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်တွင် ၁၉၉၁ ခုနှစ်မှစ၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းများဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိရာ ယနေ့အချိန်တွင် ၄၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသူ ၆၈၁၁ ဦး သင်တန်းဆင်းအောင်မြင်ခဲ့ပြီးဖြစ်သည်။

အဆိုပါသင်တန်းကျောင်းများ၌ သင်ကြားပေးသော ဘာသာရပ်များမှာ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရက်ကန်း/ဂျပ်ခုတ်သင်တန်း၊ ကနုကမာကျောက်စီသင်တန်း၊ ကြိမ်/ဝါး သင်တန်း၊ ဟင်းလျာသင်တန်းတို့ဖြစ်သည်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသ၏စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်လျက် Mobile စက်ချုပ်သင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်အထိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ဖွင့်လှစ်ခဲ့သော သင်တန်းများ၌ သင်တန်းသူစုစုပေါင်း ၃၉၄၃ ဦး တက်ရောက်အောင်မြင်ခဲ့သည်။ Mobile စက်ချုပ်သင်တန်းများ၌ သင်ကြားပေးသော ဘာသာရပ်များမှာ အခြေခံစက်ချုပ်၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွေးစက်ဆွဲနှင့် ကနုကမာ ကျောက်စီသင်တန်းများဖြစ်သည်။

ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများမှ သင်တန်းအောင်မြင်ပြီးသူများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိရာ အထည်ချုပ်စက်ရုံ၊ အလုပ်ရုံစုစုပေါင်း ၁၉ ခုတွင် ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်သည်။ ထိုနေ့ သင်တန်းဖွင့်ပွဲအခမ်းအနား၌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အမှာစကားပြောကြားရာတွင် “နယ်စပ်ဒေသ အပါအဝင် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေဆင်းရဲနွမ်းပါးသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကို ရည်ရွယ်ပြီး ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းသူများသည် မှန်ကန်ခိုင်မာသော ဘဝရပ်တည်ချက်ဖြင့် သင်ကြားတတ်မြောက်ထားသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို မိမိတို့ဘဝရပ်တည်ရေး၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းအသီးသီးက အခြေခံနှင့်အဆင့်မြင့်စက်ချုပ်ပညာရပ်သင်တန်းများဆင်းပြီး တိုင်းရင်းသူများနှင့် မြို့ပြဒေသများမှ အမျိုးသမီးငယ်များကို စနစ်တကျစုစည်းပြီး ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများကို သင်ကြားပို့ချပေးရာမှာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးနိုင်ရေး၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်ညှိနှိုင်းပြီး အထည်ချုပ်စက်ရုံများတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးတို့ကို ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသူများအနေဖြင့်လည်း ကြိုးစားသင်ယူသွားကြရန်လိုကြောင်း” တိုက်တွန်းမှာကြားခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် နယ်စပ်ဒေသအသီးသီးတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသက်မွေးဝမ်းကျောင်းပညာ (Vocational Training ) အား အလေးထားသင်ယူကြစေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသူများနှင့် မြို့ပြနေဆင်းရဲနွမ်းပါးသူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးတို့အတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်နေသကဲ့သို့ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများ၊ Mobile စက်ချုပ်သင်တန်းများကိုလည်း စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

## စည်းကမ်းမဲ့ယာဉ် ရပ်တန့်မှုနှင့် စီးနင်းမှုများရှိနေဆဲ



**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းဈေးအနီးရှိ ယာဉ်ရပ်နားရမည့်မှတ်တိုင်မှာ ဆင်မင်းအိမ်ရာရှေ့သို့ ပြောင်းရွှေ့ထားသော်လည်း မော်တော်ယာဉ်နှင့် ခရီးသွားပြည်သူတို့သည် စည်းကမ်းမဲ့စွာ ဆင်မင်းဈေးအနီး မျဉ်းဝါကြားအနီးတွင် ရပ်တန့်ခြင်း စီးနင်းလိုက်ပါခြင်းတို့ကို ပြုလုပ်နေသေးသည်ကို အစဉ်တွေ့မြင်နေကြရသည်။ သတ်မှတ် မှတ်တိုင်ရပ်နားနေရာ၌ သွားရောက်စီးနင်းကြရန် မော်တော်ယာဉ်များကိုလည်း သတ်မှတ်ထားသော မှတ်တိုင်မှာရပ်နား လူတင်သွားကြရန် သက်ဆိုင်ရာတို့မှ ကြီးကြပ်ဆောင်ရွက်ပေးစေလိုကြောင်း ခရီးသွားပြည်သူအချို့ထံမှ ကြားသိရသည်။

**ရွှေတိုင်လွင်**

## ရမည်းသင်းမြို့နည်းပညာတက္ကသိုလ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲပြုလုပ်

**ရမည်းသင်း ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ်ကျောင်းခန်းမ၌ ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အင်ဂျင်နီယာဓာတ်အားစီမံရေးဌာန လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်ဝင်းမြင့်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်လိုက်မှုဖြစ်ပါက အရေးပေါ်အသက်ကယ်နည်း အသိပညာပေးဟောပြောခဲ့သည်။

အခမ်းအနားသို့ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ကြသည်။ ဟောပြောပွဲအပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးစာစောင်များ၊ နံရံကပ်ပိုစတာများ၊ အသိပညာပေးဆောင်းပါး ပေါင်းချုပ်စာအုပ်နှင့် ပညာပေးသီချင်းရုပ်သံဇာတ်လမ်း ဒီဗွီဒီတိပ်ခွေများကို ကျောင်းအုပ်ဆရာကြီး ဒေါက်တာ ခင်မောင်ချင်းအား မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်က ပေးအပ်လှူဒါန်းသည်။

ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရမည်းသင်းမြို့ သီလဝခန်းမကြီး၌ ခရိုင်အတွင်းရှိ ကျေးရွာများမှ လျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူ ၄၅၀ ဖိတ်ကြား၍ ဆက်လက်ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

## သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

# ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စနစ်ဖြင့် မြင်းချိုနိုင်ရွာလုံးကျွတ် လျှပ်စစ်မီးသုံးစွဲနိုင်တော့မည်



**ကျောက်ဆည် ဩဂုတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ADB တို့ ပူးပေါင်းပြီး ကျောက်ဆည်မြို့နယ် စပါတယ်တောကျေးရွာအုပ်စု မြင်းချိုနိုင်ကျေးရွာ၌ Solar Mini Grid စီမံကိန်း Grid Ready System ဖြင့် မကြာခင်အချိန်အတွင်း ကျေးရွာလုံးကျွတ် လျှပ်စစ်မီးသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Solar Mini Grid စီမံကိန်း Grid Ready System လုပ်ငန်းအား အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှထောက်ပံ့ငွေ ၈၀ ရာခိုင်နှုန်းနှင့်ပြည်သူ့ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းတွင် Solar Pannel များထားရှိရန် Solar Pannel Station သုံးနေရာရှိပြီး Solar Pannel Station တစ်နေရာလျှင် (200 W) ရှိသည့်ဆိုလာပြား ၁၈ ချပ်၊ Inverter battery cabinet (၁)ခု၊ 7 KVA Inverter တစ်ခု၊ ၁၂ V / 150 AH Battery ၁၆ လုံးတပ်ဆင်ဆောင်ရွက်မည်ဖြစ်ပြီး 9M ကွန်ကရစ်တိုင် ၄၈ တိုင်အနက် ၃၃ တိုင်မှာလမ်းမီးများ ထွန်းညှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Solar Mini Grid စီမံကိန်း Grid Ready System လုပ်ငန်းတွင် ကျေးရွာမှထည့်ဝင်ရမည့် ၂၀ ရာခိုင်နှုန်းမှာ တစ်အိမ်လျှင် ငွေကျပ် ၈၀၀၀၀ ကျသင့်မည်ဖြစ်ပြီး နှစ်ရစ်ပေးသွင်းရမည်ဖြစ်ပါက ပထမအရစ်ဖြစ်သော ငွေကျပ် ၄၀၀၀၀ အား မီးစတင် သုံးစွဲပြီးနောက် တစ်လအကြာမှပေးသွင်းရမည်ဖြစ်ပြီး ဒုတိယအရစ်ဖြစ်သော ငွေကျပ် ၄၀၀၀၀ အား တစ်နှစ်အကြာမှပေးသွင်းရမည်ဖြစ်ပါသည်။

“ ဒီ Grid Ready System လုပ်ငန်းက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့အတွက် ရေရှည်အသုံးပြုသွားနိုင်မှာ၊ ကျေးရွာအနေဖြင့် ဘဏ်မှာစုဆောင်းထားတဲ့ငွေနဲ့လည်း ထပ်မံအဆင့်တိုးချဲ့ရမှာ၊ ဒီလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကတော့ ၄၀ ရာခိုင်နှုန်းလောက်ဆောင်ရွက်ပြီးပြီ။ ဩဂုတ်လကုန်မှာ ဆောင်ရွက်ပြီးစီးဖို့ လျာထားဆောင်ရွက်နေပါတယ်”ဟု တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူဟိန်းက ပြောကြားခဲ့သည်။

Solar Mini Grid စီမံကိန်း Grid Ready System ဖြင့် မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အိမ်တစ်အိမ်ကို တစ်နေ့လျှင် (100W) အသုံးပြုနိုင်ပြီး တစ်လလျှင်မီတာအသုံးပြုခမှာတစ်အိမ်ထောင်စုလျှင် ငွေကျပ် ၁၅၀၀ ကျသင့်မည်ဖြစ်ကြောင်း၊ ယင်းကောက်ခံရရှိငွေများကို ကျေးရွာရန်ပုံငွေအဖြစ် ဘဏ်အကောင့်ဖွင့်ထားပြီး ကျေးရွာမီးလင်းရေးအတွက် လိုအပ်သောပြုပြင်ထိန်းသိမ်းမှုများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## ရေဘေးသင့်ပြည်သူများအတွက် မအူကုန်းပရဟိတလူငယ်များအဖွဲ့မှ ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို မအူကုန်းပရဟိတလူငယ်များအဖွဲ့မှ ဩဂုတ် ၂၁ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သော ပေါက်ဆိန်ကျေးရွာအုပ်စုမှ ပေါက်ဆိန်ဘက်ရွာမ၊ ဟသ်ာရိုးကျေးရွာခွဲ၊ ရုံးပြင်ကြီးကျေးရွာခွဲနှင့် ထန်းကုံးကျေးရွာခွဲရှိ အိမ်ခြေ ၁၆၀ အားလည်းကောင်း၊ ကျောင်းကုန်းမြို့နယ်ကမ်းနားအနီးရှိ သစ်ဆိပ်ကုန်းကျေးရွာမှအိမ်ခြေ ၁၃၀ အားလည်းကောင်း၊ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်အဆိုးဆုံးခံစားရသောကျေးရွာဖြစ်သည့် ရေတာကြီးကျေးရွာအုပ်စုမှ ရေတာကြီးရွာမကျေးရွာရှိ အိမ်ခြေ ၂၀၆ လုံးအားလည်းကောင်း ငွေကျပ် သိန်း ၈၀ တန်ဖိုးရှိ ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ ဆီ၊ ဆား၊ ငါးခြောက်၊ ကိတ်ခြောက်၊ ငါးသေတ္တာနှင့် အဝတ်အထည်များအား အိမ်တိုင်ရာရောက်လိုက်လံလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

**ရန်ကုန် ဩဂုတ် ၂၆**

ယခုမိုးရာသီကာလအတွင်း မီးသုံးသူပြည်သူများ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် ရှုပ်ထွေး Service ဝိုင်ယာကြိုးများ ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများဖြင့် လဲလှယ်တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို **“ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်”** အနေဖြင့် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အပတ်စဉ် စနေ၊ တနင်္ဂနွေ နေ့တိုင်း ဆောင်ရွက်လျက်ရှိပါသည်။

(၂၇-၈-၂၀၁၆)ရက်တွင် ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း၊ မြောက်ဥက္ကလာ၊ သဃ်ာန်းကျွန်း၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ ပန်းဘဲတန်း၊ လမ်းမတော်၊ အလုံ၊ မရမ်းကုန်း၊ လှိုင်၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်စပ်ကုန်း၊ ခရမ်း၊ သုံးခွ၊ ကျိုက်ထော်၊ တွံတေး၊ ကျောက်တန်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ မြောင်းတကာ၊ လှည်းကူး၊ ဖောင်ကြီး၊ ထန်းတပင်၊ ဥက္ကံ၊ အဖျောက်၊ အင်းတိုင်၊ ထောက်ကြန့် မြို့နယ်များ ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

(၂၈-၈-၂၀၁၆) ရက်တွင် ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ သဃ်ာန်းကျွန်း၊ ဒေါပုံ၊ သာကေတ၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ ကျောက်တံတား၊ လသာ၊ ဒဂုံ၊ စမ်းချောင်း၊ သန်လျင်၊ ရွှေပြည်သာ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန် အချို့တို့တွင် နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ယခုပန်ကြားလွှာ၌ဖော်ပြပါရှိသောမြို့နယ်များ၏ ရပ်ကွက်အချို့ နေရာအချို့တို့တွင်သာ အချိန်ပိုင်းဓာတ်အားပြတ်တောက်မည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုးမဟုတ်ပါကြောင်းနှင့် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထား ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မန္တလေးဆေးတက္ကသိုလ်(၄၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိမ်းအမှတ်နှင့် စာပေဟောပြောပွဲကျင်းပ



**မန္တလေး ဩဂုတ် ၂၆**

မန္တလေး ဆေးတက္ကသိုလ်(၄၈)ကြိမ် မြောက် ဘွဲ့နှင်းသဘင်အထိမ်းအမှတ် ဈေးရောင်းပွဲတော်၊ စကားဝိုင်းဆွေးနွေးပွဲနှင့် စာပေဟောပြောပွဲတော်ကို ဩဂုတ် ၂၃ ရက်က အောင်ပင်လယ် ခန်းမ၌ ကျင်းပခဲ့သည်။

အထိမ်းအမှတ်ပွဲတော်တွင် ဆရာဝန်များ တက်လှမ်းမည့်ဘဝခရီး အကြောင်းဆွေးနွေးကြရာ နှလုံးရောဂါ အထူးကုဌာန အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်စိုးဝင်းက Panel Discussion on Careers For Youth Doctors ခေါင်းစဉ်ဖြင့် အစိုးရဆရာဝန်ဘဝအကြောင်းကို လည်းကောင်း၊ ဒေါက်တာမီမီဌေးက အထွေထွေရောဂါကု ဆရာဝန်ဘဝအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာဂျူဇော်၊ စာရေး ဆရာမ ဂျူး (ဝဲပုံ)တို့က ဝတ္ထုလိမ္မာ ချစ်စရာ၊ ကဗျာနှင့် စာဖတ်ခြင်းဆိုင်ရာ အကြောင်းတို့ကို ဟောပြောကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရေများဝင်ရောက်ခဲ့သော မိုးနဲမြို့ကင်တုံကျေးရွာရှိ ပြည်သူများအတွက် ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်လှူဒါန်း

**မိုးနဲ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့အရှေ့ဘက်ရှိ နမ့်တွန်ချောင်း ရေကြီးရေလျှံမှုကြောင့် နောင်မြိုင်ကျေးရွာအုပ်စု ကင်တုံကျေးရွာ အနိမ့်ပိုင်းရှိ အိမ်ခြေ ၆၅ အိမ်ခန့်နှင့် အခြေခံပညာစာသင်ကျောင်း နှစ်ကျောင်းတို့တွင် ရေများဝင်ရောက်ခဲ့သည်။

ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှထွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂၄ ရက်တွင် ကွင်းဆင်းသွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သောကူညီဆောင်ရွက်မှုများ ပေးခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နမ့်ခုံးရှမ်းများ ပရဟိတအသင်းမှတာဝန်ရှိသူများပူးပေါင်း၍ ရေများဝင်ရောက်ခဲ့သော ကင်တုံကျေးရွာရှိ ပြည်သူများ သောက်ရေနှင့် အစားအစာပြတ်လပ်မှုမရှိစေရေးအတွက် သောက်ရေသန့်ဘူးကြီး ၁၀၀ နှင့် မာမီး ခေါက်ဆွဲခြောက် ၂၅ ဖာကို ကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ နောင်ကျော့အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ကင်တုံကျေးရွာ နားခါးအခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်းတို့မှာ ရေများဝင်ရောက်မှုကြောင့် ဩဂုတ် ၂၄ ရက်မှစ၍ ခေတ္တကျောင်းပိတ်ထားရပြီး လယ်မြေကေ ၂၂၅ ကေခန့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက် )**



## ငွေစာရင်းရေးသွင်း ထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ကျောက်တော် ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာ ခြောက်ရွာမှ မြစိမ်းရောင်ကော်မတီဝင်များအား ငွေစာရင်းရေးသွင်းထိန်းသိမ်းခြင်းသင်တန်းပို့ချခြင်းကို ဩဂုတ် ၂၃ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာနတွင် ပြုလုပ်ပြီး မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့်သက်ဆိုင်ရာအဖွဲ့များက သင်တန်းများပို့ချပေးခဲ့ကြောင်း သိရသည်။

(၁၅၇)

# လူထုဗဟိုပြု နန်းပုံကျေးရွာချင်းဆက် ချောင်းကူးတံတားဆောက်လုပ်ပြီးစီး

**ဗန်းမောက် ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ပင်ပုံကျေးရွာအုပ်စု နန်းပုံကျေးရွာချင်းဆက် ချောင်းကြီး ချောင်းပေါင်းကူးတံတားကို လူထုဗဟိုပြု အဖွဲ့မှ အလျားပေ ၁၅၀ ၊ အနံ ငါးပေ အကျယ် လူကူးသစ်သားတံတား တစ်စင်းကို ငွေကျပ် သိန်း ၄၀ အကုန် အကျခံကာ ဆောက်လုပ်ပေးထားပြီ ဖြစ်ကြောင်း သိရသည်။



အဆိုပါနန်းပုံကျေးရွာသည် ဗန်းမောက်မြို့နှင့် ၁၁ မိုင်အကွာအဝေးရှိ သောကျေးရွာဖြစ်ပြီး ရှမ်းနီတိုင်းရင်း သားလူမျိုးများ နေထိုင်သောကျေးရွာ ဖြစ်သည်။ ယင်းကျေးရွာသည် ယခင် နှစ်ကာလများက ချောင်းကြီးချောင်း က ခြားထားသည့်အတွက်ကြောင့် နန်းပုံတောင်ဘက်ရွာနှင့် မြောက်ဘက် ရွာတို့သည် မိုးရာသီကာလများတွင် ချောင်းရေကြီးပြီး ရေလျှံခြင်းဖြစ်ပေါ်လျှင် လမ်းပန်းဆက်သွယ်သွားလာ ရေးများမှာ ကျောင်းသား ကျောင်းသူ များသည် အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။

သို့သော်လည်း ဩဂုတ်လ အတွင်းတွင် လူထုဗဟိုပြုအဖွဲ့က သစ်သားတံတားတစ်စင်းဆောက်လုပ်ပေးထားပြီဖြစ်၍ ကျေးရွာအတွင်းတွင် ရာသီမရွေး ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး**

# ပွင့်ဖြူမြို့မဈေးအတွင်းရှိ ပျံကျဈေးရုံအသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်လျက်ရှိ

**ပွင့်ဖြူ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြို့မဈေးအတွင်းရှိ ပျံကျဈေးရုံ အဆောက်အအုံသည် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်က လျှင်လှုပ်မှုကြောင့် ယိုင်နဲ့ပျက်စီးခဲ့ရာ အန္တရာယ်ရှိသော အဆောက်အအုံ အဖြစ် သတ်မှတ်၍ ပြန်လည်အသစ် တည်ဆောက်နိုင်ရန် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက မြို့မဈေး ဈေးခေါင်း ရုံး၌ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာများ၊ မြို့မိမြို့ဖများ၊ ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသား များဖြင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှု ပြုလုပ်ခဲ့သည်။



အဆိုပါ ပျံကျဈေးရုံသည် ၁၉၈၆ ခုနှစ်တွင် ဈေးသူဈေးသားများ စုပေါင်း ဆောက်လုပ်ခဲ့ပြီး နှစ် ၃၀ ခန့် ကြာမြင့်လာပြီး တိုင်အောက်ခြေ သံဖိနပ်များ ဆွေးမြည့်လာကာ အမိုး သစ်သားဒိုင်းများလည်း ယိုယွင်းပျက်စီးလျက်ရှိရာမှ ငလျင်လှုပ်ခတ်မှု ဒဏ်ကြောင့် အဆောက်အအုံမှာ ယိုင်နဲ့ပျက်စီးသည့် အခြေအနေအား အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် ဈေးကော်မတီအဖွဲ့ဝင်များက စစ်ဆေး ကြည့်ရှု၍ ဈေးသူ ဈေးသားများ သဘောဆန္ဒများအရ ဖျက်သိမ်း၍ အသစ် ပြန်လည်တည်ဆောက်ရန် စီစဉ်ခဲ့ကြသည်။

အဆိုပါ အဆောက်အအုံအား ဖျက်သိမ်း၍ ပြန်လည်အသစ်တည် ဆောက်နေစဉ် ဈေးသူ ဈေးသားများ အရောင်းအဝယ်မပျက်စေရန် မြို့မဈေးနှင့် ဗိုလ်ချုပ်ပန်းခြံကြားလမ်းတွင် ယာယီဆိုင်များဖြင့် တည်ခင်းရောင်းချမည်ဖြစ်ပြီး ပျံကျဈေးရုံသစ်အား အမြန် ပြန်လည် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းဦး**

# ယိုးတရုပ်ကျေးရွာကို ယိုးတရုပ်မြို့အဖြစ် အဆင့်တိုးမြှင့်နိုင်ရေး ပြည်နယ်လွှတ်တော်မှ အတည်ပြု

**ကျောက်တော် ဩဂုတ် ၂၆**

ကျောက်တော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်သန်းစိန် တင်သွင်းခဲ့သော ယိုးတရုပ်ကျေးရွာကို ယိုးတရုပ်မြို့အဖြစ် အဆင့်တိုးမြှင့်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပေးရန် ဩဂုတ် ၁၀ ရက်က ရခိုင်ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့သည်။

အဆိုအား ဩဂုတ် ၂၄ ရက် အစည်းအဝေး (နဝမနေ့)တွင် ယင်းအဆိုနှင့် ပတ်သက်ပြီးမြေပုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြသန်း၊ အမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်ဌေးတို့ကထောက်ခံဆွေးနွေးခဲ့ကြပြီး ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၏ သဘောထားရယူကာ ရခိုင်ပြည်နယ်လွှတ်တော်မှ အတည်ပြုခဲ့ကြောင်း သိရသည်။

ယိုးတရုပ်ကျေးရွာသည် ပုဏ္ဏားကျွန်းမြို့နယ်တွင် အစည်ကားဆုံး ကျေးရွာတစ်ခုဖြစ်ကာ ရန်ကုန်-စစ်တွေ ကားလမ်းမဘေးတွင်တည်ရှိပြီး အဝေးပြေးယာဉ်များခေတ္တနားခိုရာနေရာတစ်ခုဖြစ်သည်။ အိမ်ခြေ ၁၄၀၀ ကျော်ရှိပြီး လူဦးရေ ၆၅၀၀ ကျော်ခန့်နေထိုင်ကာ လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်သော ကျေးရွာ ဖြစ်သည်။

အစိုးရအဆောက်အအုံများအနေဖြင့် တိုက်နယ်ဆေးရုံ တစ်ရုံ၊ အထက်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းသုံးကျောင်း၊ ရဲစခန်းတစ်ခု၊ စည်ပင်သာယာဈေးတစ်ခုစသည်ဖြင့် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ယင်းအပြင် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဈေးရောင်း ဈေးဝယ်လာသူများဖြင့် ကူးသန်းရောင်းဝယ်ရေးအချက်အချာကျသောကျေးရွာတစ်ခုဖြစ်ကြောင်း သိရသည်။

**မြတ်ဝေ**



**ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသော အနေးယာဉ်၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား တိုင်းအကူတပ်ဖွဲ့မှ ရဲအုပ်ဗိုလ်တောက်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ရဲအုပ်မြင့်ဦး ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက် ညနေ ၃ နာရီက ထားဝယ်မြို့ မြိတ်တန်းလမ်းဆုံ၌ ဖမ်းဆီးစစ်ဆေးပညာပေးမှုများ ပြုလုပ်နေစဉ်။**

ဖိုးရွှေသွန်း(ထားဝယ်)

## မှုခင်းသတင်းတိုထွာ

### တနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီး ဇဝဲကျေးရွာအုပ်စု ဆင်ဒင်ကျေးရွာတွင် ဩဂုတ် ၂၃ ရက်က စိတ်ကြွရူးသွပ်ဆေးပြားနှင့်အတူ သေနတ်နှစ်လက်တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တနင်္သာရီမြို့မရဲစခန်းမှ ရဲအုပ်မောင်မောင် ဦးစီးသောအဖွဲ့သည် ဩဂုတ် ၂၃ ရက်က မူးယစ်ဆေးဝါးသတင်းအရ ဆင်ဒင်ကျေးရွာနေ သန်းဇော်၏နေအိမ်တွင် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ပြား၊ တူးမီးသေနတ် တစ်လက်၊ ဆေးရှူကိရိယာတစ်စုံနှင့် ၎င်း၏နေအိမ်သို့ရောက်ရှိနေသော အောင်ထွန်း(ခ) နိုင်လင်း (၃၇ နှစ်) တောင်ရှည်ကျေးရွာနေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁ ပြားနှင့် (ကိုးလ်) တံဆိပ်ပါ ပွိုင့် ၄၅ ကျည်ဖြင့် ပစ်ခတ်ရသော ပစ္စတိုတစ်လက်နှင့် ယင်းကျည်လေးတောင့် ကျည်အိမ်တစ်ခုတို့အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

### အင်းတော်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အလယ်ဆိပ်ကျေးရွာတွင် ဘိန်းမည်းများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၁ ရက်က အင်းတော်ရဲစခန်းမှ ဒုရဲအုပ်ဝဏ္ဏဆွေနှင့် အဖွဲ့သည် အလယ်ဆိပ်ကျေးရွာနေ အောင်မြင့်စိုး(ခ)ဝါးမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဘိန်းမည်း ၈၀ ဂရမ်ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် အောင်မြင့်စိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

### ဒိုက်ဦး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဒိုက်ဦးမြို့နယ် အုန်းရှစ်ကုန်း နယ်မြေရဲစခန်း အပိုင် မိုင်တိုင်အမှတ် (၆၂/၃)နှင့် (၆၂/၄) အကြားတွင် ဩဂုတ် ၂၄ ရက် နံနက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမြန်လမ်းမကြီး၏ အနောက်ဘက်မှ အရှေ့ဘက်သို့ ဆိုင်ကယ်ဖြင့် ဦးညွန့်ရွှေ (၄၆)နှစ်၏ နောက်မှလိုက်ပါလာသော ဒေါ်လှ(၅၂ နှစ်)တို့သည် အမြန်လမ်းအား ဖြတ်ကူးမောင်းနှင်စဉ် နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးနေမျိုး မောင်းနှင်လာသော ခရီးသည်တင်မော်တော်ယာဉ်နှင့် တိုက်မိခဲ့ရာ ဆိုင်ကယ် စီးနင်းလာသူနှစ်ဦးစလုံး သေဆုံးခဲ့ရပြီး ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသူများ တစ်စုံတစ်ရာထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

### ကလိန်အောင်

ကလိန်အောင်မြို့ မလွဲတောင်စစ်ဆေးရေးဂိတ်၌ ရဲအုပ်ညွန့်ဝင်းနှင့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီခန့်က ရေးမြို့ဘက်မှ ထားဝယ်ဘက်သို့ ယာဉ်မောင်း ရန်နောင်မျိုး(၃၀ နှစ်) တောင်ကြီးမြို့နေ မောင်းနှင်သည့် ယာဉ် 9L/---- အား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၅၀၀၊ ပုံပျက်ဆေးပြားအကြေ ၅၀၀ ကာလ တန်ဖိုးငွေကျပ်သိန်း ၁၅၈၀၊ ငွေကျပ် ၃၈၀၀၀၀ တို့အား တွေ့ရှိ သိမ်းဆည်းရမိ၍ ရဲအုပ် ညွန့်ဝေက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကလိန်အောင် နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

### ဒလ

ကျန်စစ်သားရပ်ကွက် မြဝတီမင်းကြီးလမ်းပေါ်တွင် ဓားကိုင်ဆောင်၍ ရမ်းကားနေရာ ဩဂုတ် ၂၃ ရက် ညပိုင်းက ဖမ်းဆီးပြီး အရေးယူဆောင်ရွက်ခဲ့သည်။

ဓားကိုင်ရမ်းကားသူမှာ စိုးနိုင်(၄၃ နှစ်) သဇင်လမ်း ကမာကဆစ်ရပ်ကွက် နေသူဖြစ်ပြီး ၎င်းထံမှ အရိုးအသွား ၁၂ လက်မကျော်နှင့် ကိုးလက်မခန့်ရှိ ဓားမြှောင်နှစ်ချောင်းတို့အား သိမ်းဆည်းရမိပြီး ဒလမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဌေး**

### ခိုလမ်

ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့ အမှတ်(၆)ရပ်ကွက်၌ ဩဂုတ် ၂၄ ရက် နံနက် ၇နာရီခွဲက ဦးဖောကဆိုသူက ဦးကာလိန်အိမ်ရှေ့သို့ သွားရောက်ရမ်းကားပြီး ဓားရှည်တစ်ချောင်းကိုင်၍ ဦးကာလိန်အားခုတ်ရာ သားဖြစ်သူ စိုင်းရန်နှင့် စိုင်းစိတ္တတို့က ဖခင်ဖြစ်သူထံသို့လိုက်သွားရာ ဓားဖြင့်ထပ်မံခုတ်သဖြင့် ၎င်းတို့သုံးဦးမှာ ဒဏ်ရာများရရှိ၍ ခိုလမ်မြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ဦးကာလိန်နှင့် သားဖြစ်သူ နှစ်ဦးတို့အား ဓားနှင့်ခုတ်ပြီး ထွက်ပြေး တိမ်းရှောင်နေသူ ဦးဖောကအား ခိုလမ်မြို့မ ရဲစခန်းက ဖမ်းဆီးရန် လိုက်လံစုံစမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခိုလမ်(ပြန်/ဆက်)**

### မရမ်းကုန်း

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်စခန်းအပိုင် ဘုရင့်နောင် ပွဲရုံဝင်းအတွင်း ဩဂုတ် ၂၃ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူမှာ မြောက်ဥက္ကလာပမြို့နယ်နေသူ မတင်တင်နွဲ့ဖြစ်ပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ဘုရင့်နောင် ရဲစခန်းမှ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**

### ဆားလင်းကြီး

ဆားလင်းကြီးမြို့နယ် ကျိုင်းခမောက်ကျေးရွာတွင်နေထိုင်သော ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝေသည် ဩဂုတ် ၂၃ ရက် ညနေ ၃ နာရီခွဲက ချောင်းရိုးကျေးရွာ အမက ကျောင်း၌ စာသင်ကြားပြီး ကျောင်းဆင်း၍ ကျိုင်းခမောက် ကျေးရွာနေအိမ်သို့ ပြန်ခဲ့ရာ ချောင်းရိုးရွာ၏ တောင်ဘက် လေးဖာလုံခန့်အကွာ၌ ၎င်းဆောင်းလာသော ထီးမှတစ်ဆင့် လျှပ်စီးဝင်ပြီး မိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# အသင်းကြီးတွေနိုင်ပွဲဆက်မယ့် လာလီဂါပွဲစဉ်(၂)

မိုးမြင့်လင်းလက်




ဒီတစ်ပတ် လာလီဂါပွဲစဉ်(၂)ကို ဩဂုတ် ၂၇ ရက်ညပိုင်းနဲ့ ၂၈ ရက်တွေမှာ ယှဉ်ပြိုင်သွားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ထိပ်တန်းအသင်းတွေဖြစ်တဲ့ ဘာစီလိုနာက အဝေးကွင်းမှာကစားရမှာဖြစ်သလို ရီးရဲမက်ဒရစ်တို့က အိမ်ကွင်းမှာ ဆဲလ်တာဗီဂိုနဲ့ ဆင်နွှဲရမှာဖြစ်ပါတယ်။ ပုံမှန်အရတော့ အသင်းကြီးတွေ အနိုင်ယူနေကျအသင်းတွေဖြစ်ပေမယ့် ဒီနှစ်မှာ ကစားသမားပြောင်းလဲမှုတွေ ပြုလုပ်ထားတဲ့အတွက် အလေးထား ယှဉ်ပြိုင်ရမယ့်ပွဲတွေဖြစ်နေပါတယ်။

### ရီးရဲမက်ဒရစ်နှင့် ဆဲလ်တာဗီဂို

ပွဲစဉ်(၁)မှာ ဂါရတ်ဘေးလ်သွင်းဂိုးတွေနဲ့ နိုင်ပွဲရထားတဲ့ ရီးရဲမက်ဒရစ်ဟာ အခုပွဲမှာလည်း စီရော်နယ်ဒို၊ ဘင်ဇီမာ၊ နာဗက်စ်၊ ကွန်ထရာအိုတို့မပါဘဲ နိုင်ပွဲဆက်ဦးမလားဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုတို့ရဲ့ ဒီနှစ်လာလီဂါ တာထွက်အစခရီးက တန်းတက် လီဂါနက်စ်အသင်းကိုတောင် ရှုံးထားတာမို့ အခုပွဲဟာ ရီးရဲမက်ဒရစ်ရဲ့ဘာနေဗျူးကွင်းမှာဆိုတော့ ခက်ခဲကြမ်းတမ်းဦးမှာပါ။ ရီးရဲမက်ဒရစ်တို့က အစဉ်အလာအရ ဆဲလ်တာဗီဂိုကို နိုင်ပွဲရခဲ့တဲ့ မှတ်တမ်းကောင်းတွေပဲ အခုပွဲမှာ ဆက်လက်ရေးထိုးမှာဖြစ်ပါတယ်။

### ဘီလ်ဘာအိုနှင့် ဘာစီလိုနာ

နေမာမပါပေမယ့် တိုက်စစ်အင်အားကောင်းမွန်နေတဲ့ ဘာစီလိုနာတို့က ဘီလ်ဘာအိုကွင်းမှာ ကစားရပေမယ့် အနိုင်ရလဒ်ကိုပဲ ဆောင်ကြဉ်းဦးမှာဖြစ်ပါတယ်။ ဘီလ်ဘာအိုနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲမှာ ဘာစီလိုနာတို့ ဂိုးပြတ်သွင်းပြီး နိုင်ပွဲတွေရယူခဲ့တာချည်းဖြစ်ပါတယ်။ အင်နီယေစတာ ဒဏ်ရာရနေပေမယ့် ဘာစီလိုနာရဲ့အားထုတ်မှုနှုန်းက ပုံစံမပျက်ရှိနေတဲ့အပြင် ဘီလ်ဘာအိုကို အသာစီးရယူကာ ဂိုးပြတ်သွင်းအနိုင်ယူဖို့ ကြိုးစားပါလိမ့်မယ်။

### လီဂါနက်စ်နှင့် အက်သလက်တီကို

အက်သလက်တီကိုဟာ လီဂါနက်စ်အသင်းနဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုရလဒ်ကို ကြည့်ရင် နိုင်ပွဲတွေချည်းဆက်တိုက်ရရှိထားပါတယ်။ အက်သလက်တီကိုအသင်းမှာ ဆာဆီနဲ့ မိုယာတို့ ဒဏ်ရာကြောင့် မပါဝင်နိုင်သလို လီဂါနက်စ်အသင်းမှာလည်း တီမော်က ပွဲပယ်ပြစ်ဒဏ်ထိထားပါတယ်။ ပွဲစဉ်(၁)မှာ အလာဗက်ကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့ အက်သလက်တီကိုရဲ့ အားထုတ်မှုက အားရစရာတော့မရှိပေမယ့် ဆဲလ်တာဗီဂိုအသင်းကို အဖွင့်ပွဲစဉ်မှာ အနိုင်ယူခဲ့တဲ့ လီဂါနက်စ်တို့ရဲ့ခြေစွမ်းက လျှော့တွက်လို့မရပါဘူး။ ဒါပေမယ့် အသင်းလိုက်ရော၊ တစ်ဦးချင်းပါ စွမ်းဆောင်မှုကောင်းတဲ့ အက်သလက်တီကိုတို့ပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

### ဘက်တစ်နှင့် ဒီပို့တီဗို

ဒီနှစ်သင်းရဲ့စုစုပေါင်း ၆၅ ပွဲတွေ့ဆုံခဲ့တဲ့သမိုင်းမှာတော့ အိမ်ရှင်ရော ဧည့်သည်ပါ ၂၂ ပွဲစီနိုင်ပြီး သရေပွဲ ၂၁ ပွဲဖြစ်ထားခဲ့ပါတယ်။ ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့တဲ့ရလဒ်ကလည်း နှစ်ပွဲသရေဖြစ်ပြီး ဒီပို့တီဗိုက တစ်ပွဲနိုင်ထားပါတယ်။ ဘက်တစ်အသင်းမှာ ဂျိုနက်စ်ဒဏ်ရာရရှိပေမယ့် ဒီပို့တီဗိုမှာ ဒဏ်ရာ၊ ပွဲပယ်ခံထားရတဲ့ ကစားသမားမရှိပါဘူး။ ဘာစီလိုနာအသင်းကို နှစ်ဂိုးပြန်သွင်းခဲ့တဲ့ ဘက်တစ်ခြေစွမ်းက လျှော့တွက်လို့မရတာမို့ ဒီပွဲရဲ့အဖြစ်နိုင်ဆုံးရလဒ်က သရေပါပဲ။

### အက်စ်ပန်ညိုနှင့် မာလာဂါ

ဒီနှစ်လာလီဂါအဖွင့်ပွဲစဉ်မှာ ဆီဗီလာအသင်းကို အဝေးကွင်းမှာ ခြောက်ဂိုး-လေးဂိုးနဲ့ ရှုံးခဲ့တဲ့ အက်စ်ပန်ညိုဟာ ကစားပုံတော့ ကောင်းမွန်တာအမှန်ပါပဲ။ မာလာဂါတို့ကလည်း ပွဲစဉ်(၁)မှာ အိုဆာဆူနာကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အမှတ်ပြည့် ဒီပွဲမှာရယူဖို့ အပြိုင်ကြိုးစားကြမှာဖြစ်ပါတယ်။ နှစ်သင်းစလုံး ဒဏ်ရာ၊ ပွဲပယ်ကစားသမားတွေ မရှိတာမို့ တိုက်စစ်၊ ခံစစ်အားကောင်းတဲ့ အက်စ်ပန်ညိုတို့ပဲ ဂိုးမပြတ်ပေမယ့် အောင်ပွဲခံဖို့ များနေပါတယ်။

### အိုဆာဆူနာနှင့် ဆိုစီဒက်

ဒီနှစ်သင်းရဲ့စုစုပေါင်း တွေ့ဆုံခဲ့တဲ့ ၇၄ ပွဲမှာ အိုဆာဆူနာတို့က ပွဲ ၂၀ နိုင်ပြီး ဆိုစီဒက် တို့က ၃၆ ပွဲနိုင်ကာ ၁၈ ပွဲသရေကျထားပါတယ်။ အိုဆာဆူနာအသင်းမှာ အိုတီဂူဒဏ်ရာရနေသလို ဆိုစီဒက်မှာလည်း အက်ဂါရက်ဇီလည်း ဒဏ်ရာရရှိထားပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် နှစ်ပွဲသရေကျပြီး ဆိုစီဒက်က ငါးဂိုးပြတ်နဲ့ နိုင်ပွဲတစ်ပွဲရထားပါတယ်။ အဖွင့်ပွဲမှာ မာလာဂါအသင်းကို တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့ အိုဆာဆူနာတို့ ဒီပွဲမှာ အမှတ်ပြည့်ရသွားနိုင်ပါတယ်။

### အီဘာနှင့် ဗလင်စီယာ

ပွဲစဉ်(၁)မှာ ဒီပို့တီဗိုကို နှစ်ဂိုး-တစ်ဂိုးနဲ့ အီဘာတို့ရှုံးခဲ့ပြီး ဗလင်စီယာလည်း တန်းတက်လက်စ်ပါးမက်စ်အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ ဗလင်စီယာမှာ ဆီကွီရာဒဏ်ရာရရှိနေပေမယ့် ဒီပွဲကို နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ အီဘာနဲ့ နောက်ပိုင်းတွေ့ဆုံတဲ့ပွဲတိုင်းမှာ အနိုင်ရအောင် ကြိုးစားလာတဲ့ ဗလင်စီယာကိုပဲ ဒီပွဲမှာ အနိုင်အတွက် အသိအမှတ်ပြုရမှာပါ။

### လက်စ်ပါးမက်စ်နှင့် ဂရန်နာဒါ

ဗလင်စီယာကို အဝေးကွင်းမှာ နိုင်ပွဲရအောင် အားထုတ်နိုင်ခဲ့တဲ့ လက်စ်ပါးမက်စ်ရဲ့ ခြေစွမ်းက အလေးထားစရာကောင်းနေပါတယ်။ ဂရန်နာဒါတို့ကလည်း ဗီလာရီးရဲကို တစ်ဂိုးစီသရေကစားနိုင်ခဲ့တာမို့ လျှော့တွက်လို့မရပါဘူး။ ဂရန်နာဒါမှာ ဒဏ်ရာ၊ ပွဲပယ်ကစားသမားမရှိပေမယ့် လက်စ်ပါးမက်စ်မှာ ဆန်တာနာ ဒဏ်ရာရရှိနေပါတယ်။ လက်ရှိ ခြေစွမ်းအရ တိုက်စစ်အားကောင်းတဲ့ လက်စ်ပါးမက်စ်တို့ရဲ့ ခြေစွမ်းကိုပဲ ယုံကြည်ပါတယ်။

### အလာဗက်နှင့် ဂီဂျွန်

အလာဗက်အသင်းမှာ ဖက်ဒဲလ်၊ ဂီဂျွန်မှာ ရာချစ်တို့ ဒဏ်ရာရနေပေမယ့် အသင်းတွေရဲ့ခြေစွမ်းကိုတော့ မထိခိုက်ပါဘူး။ ပွဲစဉ်(၁)မှာ အက်သလက်တီကိုအသင်းကို တစ်ဂိုးစီ သရေကစားနိုင်ခဲ့တဲ့ အလာဗက်ရဲ့ခြေစွမ်းက အသိအမှတ်ပြုရမှာပါ။ အဖွင့်ပွဲမှာ ဘီလ်ဘာအိုကို အနိုင်ကစားထားတဲ့ ဂီဂျွန်ရဲ့စွမ်းဆောင်မှုကလည်း အထင်ကြီးစရာဖြစ်တာမို့ ဒီပွဲရလဒ်ကလည်း အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

## မန်စီးတီးနဲ့ လမ်းခွဲတော့မယ့် ဂျိုးဟတ်

မန်စီးတီးအသင်းနဲ့ စတုအာဘူခါရက်တို့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ခြေစစ်ပွဲဒုတိယအကျော့မှာ မန်စီးတီးက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပါတယ်။ မန်စီးတီးနဲ့ စတုအာဘူခါရက်တို့ဟာ ပထမအကျော့မှာလည်း မန်စီးတီးက ငါးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့အတွက် မန်စီးတီးတို့ နှစ်ကျော့ပေါင်း ခြောက်ဂိုးပြတ်နဲ့နိုင်ပြီး ခြေစစ်ပွဲအောင်ခဲ့ပါတယ်။ ဒီပွဲမှာ ထူးခြားတာကတော့ ပရီမီယာလိဂ်ရာသီအစမှာပါဝင်ကစားခွင့်မရတဲ့ ဂိုးသမားဂျိုးဟတ်ကို အသင်းခေါင်းဆောင်အဖြစ် နည်းပြဂွာဒီယိုလာက ပါဝင်ကစားခွင့်ပေးခဲ့ပါတယ်။ ဒီပွဲဟာ ဂျိုးဟတ်ရဲ့ နောက်ဆုံးမန်စီးတီးပွဲလို့ ပြောဆိုနေကြပါတယ်။

မန်စီးတီးက ဂိုးသမားသစ် ဘရာဗိုကို စာချုပ်ဖို့ နီးစပ်နေပြီဖြစ်တဲ့အတွက် ဂျိုးဟတ်အနေနဲ့ မန်စီးတီးက ထွက်ခွာသွားဖို့ သေချာနေပြီဖြစ်ပါတယ်။ ဂျိုးဟတ်ဟာ မန်စီးတီးအသင်းမှာ ပွဲပေါင်း ၃၄၈ ပွဲ ပါဝင်ကစားခဲ့ပါတယ်။ နောက်ဆုံးပွဲမှာတော့ အစပွဲပါဝင်ကစားခွင့်ရခဲ့ပေမယ့် ၆၆ မိနစ်သာ ပါဝင်ကစားခွင့်ရခဲ့ပါတယ်။ မန်စီးတီးအသင်း ပရိသတ်တွေအနေနဲ့ ဂျိုးဟတ်ကို အသင်းမှထွက်ခွာဖို့ မလိုလားကြသော်လည်း နည်းပြသစ် ဂွာဒီယိုလာရဲ့ဗျူဟာအသစ်ကြောင့် အသင်းကနေ စွန့်ခွာသွားရတော့မယ့် အနေအထားဖြစ်ပါတယ်။




## အင်္ဂလန်အသင်းမှာ ပါဝင်လာနိုင်တဲ့ လက်စတာကွင်းလယ်လူ ဒရင့်ဝါးတား

ကွင်းလယ်ကစားသမား ဒရင့်ဝါးတားဟာ နည်းပြဆမ်အလာဒိုက်စ်ရဲ့လက်ထက်မှာ အင်္ဂလန်အသင်းအတွက် ပြန်ကစားရဖွယ်ရှိနေပါတယ်။ ဒရင့်ဝါးတားကို လက်စတာအသင်းက လေးနှစ်စာချုပ်နဲ့ ပြန်လည်ချုပ်ဆိုနိုင်ခဲ့ခြင်းဟာ ဆမ်အလာဒိုက်ရဲ့ အင်္ဂလန်အသင်းမှာ ပါဝင်ကစားဖို့ အလားအလာရှိနေတာပါ။ အသက် ၂၆ နှစ်အရွယ်ရှိတဲ့ ကွင်းလယ်ကစားသမား ဒရင့်ဝါးတားဟာ ၂၀၁၂ ကစားပြီး လက်စတာအသင်းနဲ့အတူ ပွဲပေါင်း ၁၇၇ ပွဲ ပါဝင်ကစားခဲ့ပါတယ်။

သူ့ရဲ့လက်ရှိစာချုပ်ဟာ ၂၀၁၈ ခုနှစ်အတွက် ဖြစ်ပါတယ်။ ယူရို ၂၀၁၆ မှာ အင်္ဂလန်အသင်းအတွက် ခြေစွမ်းပြခွင့်မရခဲ့ပေမယ့် ဆမ်အလာဒိုက်စ်ရဲ့ လက်ထက်မှာ ကွင်းလယ်ကစားသမား ဒရင့်ဝါးတား ပြန်လည် ပါဝင်လာနိုင်ပါတယ်။ သူ့ကို တစ်ပတ်ပေါင် ၈၀၀၀၀ နဲ့ လေးနှစ်ထပ်မံစာချုပ်ခဲ့ပါတယ်။ လက်စတာအသင်းက မာရက်၊ ဗာဒီနဲ့ ဂိုးသမားရှမိုက်ကယ်တို့ကို စာချုပ်သစ်တွေ ချုပ်ဆိုပြီးတဲ့နောက် ဒရင့်ဝါးတားကိုလည်း စာချုပ်သစ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဒရင့်ဝါးတားဟာ လက်စတာအသင်းကို ပရီမီယာလိဂ်ဖလားရအောင် ၃၅ ပွဲအထိ ခြေစွမ်းပြပါဝင်ကစားပေးခဲ့သူဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ခံစစ်မှူးရှာပုံတော်ဖွင့်နေဆဲ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းက အေစီမီလန်ရောက် ကစားသမား အလက်စီယိုရိုမက်ဒိုလီကို ပေါင် ၃၁ သန်းနဲ့ ကမ်းလှမ်းထားပြီဖြစ်ပါတယ်။ နည်းပြ ကွန်တီအနေနဲ့ ဩဂုတ် ၃၁ ရက်မတိုင်မီ သူ့အသင်းကို တောင့်တင်းတဲ့ အသင်းဖြစ်စေဖို့ စိတ်အားထက်သန်နေပါတယ်။ ကွန်တီက အေစီမီလန်နောက်တန်းကစားသမား ရိုမက်နိုလီကို အရခေါ်ယူဖို့ အပြည့်အဝယုံကြည်ထားပါတယ်။ ချယ်လ်ဆီးက ခေါ်ယူမယ့် ကစားသမားတွေထဲမှာ နိုလီဟာ အဓိကဦးစားပေးလို့ ဆိုပါတယ်။ သို့သော်လည်း အေစီမီလန်ကတော့ ရောင်းမှာမဟုတ်ဘူးလို့ ပြောဆိုနေတာပါ။ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဗဟိုခံစစ်မှူး နိုလီဟာ ပြီးခဲ့တဲ့ နွေရာသီက ရိုးမားအသင်းမှ ပေါင် ၂၁ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ တိုရီနို ဗဟိုခံစစ်မှူး မက်မိုဗစ်ကို ခေါ်ယူဖို့လည်း ကြိုးစားနေတာပါ။ ဒီအထဲမှာ နာပိုလီနောက်တန်းကစားသမား ကူလီဘာလီလည်း ပါဝင်ပါတယ်။ ပေါင်သန်း ၄၀ အထိ ပေးခေါ်ခဲ့ပေမယ့် နာပိုလီက ပယ်ချခဲ့ပါတယ်။ ချယ်လ်ဆီးအနေနဲ့ ဒိုင်နမိုဇာဂရက်အသင်းက ဂိုးသမားအီကွာဒိုကိုလည်း စာချုပ်ဖို့ ရှိနေပါတယ်။

# မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်အဆောက်အအုံ ဆက်လက်တည်ဆောက်နိုင်ရေး လာမည့်ဘဏ္ဍာနှစ်တွင်တင်ပြတောင်းခံမည်

**မိတ္ထီလာ ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင်တည်ရှိသည့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်အဆောက်အအုံတွင် လေယာဉ်တောင်ပံနှစ်ခုအား ဆက်လက်တည်ဆောက်နိုင်ရေးအတွက် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံမည်ဖြစ်ကြောင်း ယင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်သွင်က ပြောသည်။

"လက်ရှိ ကျောင်းအဆောက်အအုံမှာရှိတဲ့ စာသင်ခန်းအရေအတွက်က ကျောင်းသားတွေ အဆင်ပြေချောမွေ့စွာ ပညာသင်ယူနိုင်ဖို့ လုံလောက်မှုမရှိပါဘူး။ ယခုနှစ်မှာ ကျောင်းသားဦးရေ ၅၈၀ ရှိပြီး စာသင်ခန်း ၂၂ ခန်း၊ လက်တွေ့ခန်းနဲ့ အုပ်ချုပ်ရေးခန်း(ရုံးခန်း )က ၁၁ ခန်း စုစုပေါင်း ၃၃ ခန်းလောက်ပဲရှိတာပါ။ ဘာသာရပ်ဌာနတစ်ခုအတွက် လက်တွေ့သုတေသနပြုတာတွေအတွက် တစ်ခန်းနှုန်းလောက်ပဲရှိတာဆိုတော့ သင်ထောက်ကူပြုပစ္စည်းကိရိယာတွေ စုပြုံသိမ်းဆည်းရတာမျိုးတွေလည်းရှိနေတယ်။ ဒါကြောင့် လေယာဉ်တောင်ပံနှစ်ခုပုံစံနဲ့ နောက်ထပ် စာသင်ခန်း၊ လက်တွေ့ခန်းတွေ တည်ဆောက်ပြီးရင် စုစုပေါင်း အခန်း ၆၀ လောက် ထွက်လာမယ်ထင်ပါတယ်"ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်သွင်က ပြောသည်။

မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်အား ၂၀၀၂ ခုနှစ်ခန့်က စတင်ဖွင့်လှစ်ခဲ့ပြီး ကော့သောင်း၊ မြစ်ကြီးနား၊ တောင်ကြီး၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ဟသ်္သာတ၊ ပုသိမ်၊ နေပြည်တော်၊ ညောင်ဦး၊ မြင်းခြံ စသည့် နိုင်ငံတစ်ဝန်းမြို့ကြီးများမှ ကျောင်းသားလူငယ်များ တက်ရောက်ပညာသင်ယူလျက်ရှိကာ ဆရာများနှင့် ကျောင်းသားများပူးပေါင်း၍ ရာသီဥတုနှင့် မြေပြင်အနေအထားကို ဝေဟင်မှ စုံစမ်းဓာတ်ပုံရိုက်ကူးနိုင်သော မောင်းသူမဲ့လေယာဉ်(ဒရုန်း)ကဲ့သို့သော ခေတ်မီသိပ္ပံနည်းပညာဖြင့်တည်ဆောက်သည့် စက်ပစ္စည်းကိရိယာများကို လက်တွေ့တီထွင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# MANMAR IDOL သီချင်းဆိုပြိုင်ပွဲ မြို့ကြီးငါးမြို့တွင် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၆**

ကမ္ဘာ့အကျော်ကြားဆုံး AMERICAN IDOL သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံ၌ MYANMAR IDOL အမည်ဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သော လူကြိုက်အများဆုံး သီချင်းဆိုပြိုင်ပွဲတစ်ခုဖြစ်ခဲ့ပြီး လာမည့်လမှစ၍ MYANMAR IDOL သီချင်းဆိုပြိုင်ပွဲ၏ Season (2) အဖြစ် မြန်မာနိုင်ငံမြို့ကြီးငါးမြို့၌ လူရွေးချယ်ပွဲများ ပြုလုပ်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၄ ရက်က နိုပိုတယ်ဟိုတယ်၌ ကျင်းပသော MYANMAR IDOL စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"MYANMAR IDOL ပြိုင်ပွဲကြီးဟာ လူကြိုက်များတဲ့ ပြိုင်ပွဲကြီးဖြစ်တဲ့အတွက် ဒီနှစ်မှာလည်း အကောင်းဆုံးတင်ဆက်မှုတွေနဲ့အတူ အဆိုဝါသနာရှင်သစ်တွေ ပေါ်ထွက်လာဖို့ကြိုးစားပေးသွားမှာဖြစ်ပါတယ်"ဟု ရွှေသံလွင်မီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါ်နန်းမောက်လောဝ်ဆိုင်က ပြောသည်။

အဆိုပါပြိုင်ပွဲ၏ အသံစစ်လူရွေးချယ်မှုများကို မြန်မာနိုင်ငံ၏မြို့ကြီးများဖြစ်သည့် နေပြည်တော်တွင်(စက်တင်ဘာ ၁၇-၁၈)၊ မန္တလေးတွင် (စက်တင်ဘာ ၂၄-၂၅)၊ တောင်ကြီးတွင်(အောက်တိုဘာ ၁-၂)၊ ဘားအံတွင် (အောက်တိုဘာ ၈-၉)၊ ရန်ကုန်တွင် (အောက်တိုဘာ ၁၅-၁၆) တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နောက်ဆုံးဖိုင်နယ်ပွဲကြီးကို သင်္ကြန်မတိုင်မီ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲသို့ ပြီးခဲ့သည့်နှစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အဆိုဝါသနာရှင် ၈၀၀၀ ကျော်မှလည်း ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်လိုသူ ဝါသနာရှင်များအနေဖြင့် ဒေသဆိုင်ရာ စကိုင်းနက်ရုံးများတွင် လျှောက်လွှာများ အခမဲ့ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းအသံစစ်လူရွေးပွဲကို အဆိုပါမြို့ကြီးငါးမြို့အပြင် တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ ကလော၊ ရွှေမြောင်၊ ဟိုပုံး၊ မော်လမြိုင်၊ သထုံ၊ ပုသိမ်၊ မကွေး၊ ပြည်၊ ပဲခူး၊ သန်လျင်စသော မြို့များတွင်လည်း Mobile Casting စနစ်ဖြင့် အသံစစ်လူရွေးချယ်မှုများကို လာရောက်ရွေးချယ်ပေးသွားမည် ဖြစ်ကြောင်း၊ ယင်းမြို့များ၌ အသံစစ်ရွေးချယ်မှုများကို MNTV ရုပ်သံလိုင်းမှ ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် ယှဉ်ပြိုင်မည့် လက်ရွေးစင် အဆိုဝါသနာရှင်များ၏ နောက်ဆုံးယှဉ်ပြိုင်သူများကိုလည်း MNTV ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည် ဖြစ်သည့်အပြင် Channel 9 ရုပ်သံလိုင်းမှလည်း ပြန်လည်ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ MYANMAR IDOL သီချင်းဆိုပြိုင်ပွဲ၏ အကဲဖြတ်ဒိုင်များအဖြစ် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၊ နိုင်ငံကျော်အဆိုတော် မေဆွိနှင့် နာမည်ကြီးအဆိုတော် တင်ဇာမော်တို့က ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အစီအစဉ်တင်ဆက်သူအဖြစ် ယမန်နှစ်က ဆောင်ရွက်ခဲ့သူ တက်သစ်စသရုပ်ဆောင်မင်းသားနေရာ တက်လှမ်းလာသည့် ကျော်ထက်အောင်ကပင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

# ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပ

**သီပေါ ဩဂုတ် ၂၆**

သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီတွင်ကျင်းပရာ ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် သီပေါမြို့နယ် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာနန်းရှုပဟန်က ဂျပန်ဦးနှောက်ရောင်ရောဂါသည် ဂျပန်ဦးနှောက်ရောင်ရောဂါပိုး (JE Virus) ကို သယ်ဆောင်သော ကျူးလက်စ်ခြင် ကိုက်ခြင်းကြောင့် ဖြစ်ကြောင်း၊ အဆိုပါခြင်သည် ရေပုပ်ရေသိုးတွင် ပေါက်ပွားခြင်းဖြစ်ကြောင်း၊ အသက် ၁၅ နှစ်အောက်ကလေးများတွင် အဖြစ်များကြောင်း၊ ပျောက်ကင်းအောင် ကုသပေးနိုင်သည့်ဆေးမရှိသေးကြောင်းနှင့် ရောဂါလက္ခဏာများ ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောခဲ့သည်။

သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာအုပ်စု ကုံးမုံကျေးရွာတွင် ကလေးတစ်ဦး၊ နားမခေါ်ကျေးရွာအုပ်စု ဟိုနားကျေးရွာတွင် ကလေးတစ်ဦး ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားခဲ့ပြီး အဆိုပါကျေးရွာနှစ်ရွာနှင့် ပတ်ဝန်းကျင်းကျေးရွာများသို့ ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်က မြေငလျင်လှုပ်ခတ်မှုကြောင့် မြို့ပေါ် အရှေ့ပိုင်းရပ်ကွက် သန့်စင်လမ်း (မြို့မဈေးတောင်ဘက်)ရှိ စပယ်ဖြူစတိုးဆိုင် တစ်ထပ်တိုက်အဆောက်အအုံရှေ့ပြိုကျမှု ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ရှင်းလင်းစဉ်
သူရထွန်း(ပွင့်ဖြူ)

# ဒေါင်းကျကျေးရွာအုပ်စု၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**မြန်အောင် ဩဂုတ် ၂၆**

မြန်အောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၃ ရက်က မြန်အောင်မြို့နယ် ဒေါင်းကျကျေးရွာအုပ်စုတွင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် တာဝန်ရှိသူများ၊ တောင်သူများတက်ရောက်၍ တောင်သူ ၂၂ ဦး၏ လယ်ဧက ၁၂၄ ဒသမ ၇၈ ဧကတွင် ငါးခုံးမ၊ ငါးမြစ်ချင်း ကောင်ရေ ၂၀၀၀၀၊ အသလွှန်အင်း၊ ကိုးပေါက်အင်းတို့တွင် ကောင်ရေ ၁၁၀၀၀၀၊ သဘာဝရေပြင်တို့တွင် ကောင်ရေ ၂၀၀၀၀ တို့ကို စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ငဖဲမြို့နယ်တွင် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ငဖဲ ဩဂုတ် ၂၆**

ငဖဲမြို့နယ်တွင် ဩဂုတ် ၂၄ ရက် ညနေပိုင်း ခုနစ်မိနစ်အထိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ ငဖဲမြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းအရှေ့ပိုင်းရပ်နေ ဦးစိုးမြင့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ နှစ်ထပ်တိုက်အပေါ်ထပ် အနောက်ဘက်ခန်း ၁၀ ပေ ပတ်လည် နှစ်ခန်းကျုံ့ကျပျက်စီးခြင်း၊ ဆင်ချည်တိုင်ကျေးရွာ ရွှေမြင်တင်ဘုရားစိန်ဖူးတော်မြေခပျက်စီးခြင်း၊ ပေါင်းကလေးကျေးရွာ ညောင်ပင်သာဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ပိဋကတ်တိုက်ပေ ၄၀ ပတ်လည် တစ်ထပ်တိုက်သွပ်မိုး၊ အုတ်ညှပ်နံရံပြိုကျပျက်စီးခြင်း၊ ဇီးတောကျေးရွာ ဘုန်းတော်ကြီး ကျောင်းမုခ်ဦးအဝင်ပြိုကျပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်တို့ သေဆုံးမှုမရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရမည်းသင်းမြို့နယ် အင်ကြင်းကန်လယ်ယာမြေများတွင် မိုးစပါးစိုက်ပျိုးမှု ပြီးစီးတော့မည်

**ရမည်းသင်း ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်အုပ်စုအတွင်းရှိ စပါးစိုက်လယ်ယာမြေများ၌ မိုးစပါးစိုက်ပျိုးကြရာ ပြီးစီးတော့မည်ဟု သိရသည်။

အဆိုပါ ဒေသအတွင်းရှိ ကျေးရွာများတွင် စပါးကို အဓိကထားစိုက်ပျိုးကြပြီး မိုးစပါး၊ နွေစပါးဟူ၍ နှစ်ကြိမ်စိုက်ပျိုးကြကြောင်း သိရသည်။ အများအားဖြင့် မနောသုခစပါးမျိုးကိုသာစိုက်ပျိုးပြီး ယခုနှစ်မိုးရာသီတွင် မိုးဦးရွာသွန်းမှုနည်း၍ စပါးကိုကြဲသား ခင်းအဖြစ်သာ စိုက်ပျိုးခဲ့ကြရသည်ဖြစ်သော်လည်း ဝါဆိုလအတွင်းသို့ ရွာသွန်းခဲ့သောမိုးကြောင့် စိုက်ပျိုးရေလုံလောက်စွာရရှိပြီဖြစ်၍ ယခင်စိုက်ပျိုးထားသောကြဲသားခင်းများကို ပြန်ဖျက်၍ စိုက်ကြကြောင်း သိရသည်။

ယခုအခါ ပျိုးနုတ်သူတစ်ဦးလျှင် တစ်နေ့ငွေကျပ် ၅၀၀၀ရပြီး ကောက်စိုက်သမတစ်ဦးလျှင် တစ်နေ့ ငွေကျပ် ၃၀၀၀ ရရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ဒါးကမြစ်ရေကျဆင်းသွားသောရပ်ကွက်များ သန့်ရှင်းရေးဆောင်ရွက်

**ကန်ကြီးထောင့် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ်တွင် ဒါးကမြစ်ရေမှာ ဩဂုတ် ၂၄ ရက်နံနက် ၁၀ နာရီက ထပ်မံကျဆင်းလျက်ရှိရာ ယခင်ဒါးက မြစ်ရေတိုးစဉ်ကထက် သုံးပေကျော် ကျဆင်းသွားပြီဖြစ်သည်။

ယင်းဒါးကတိုက်နယ်ရှိ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော မန္တလေးကုန်းအောက်ဘက်၊ ရေကျော်ကုန်း၊ ပိုက်ထောင်ကုန်းအနိမ့်ပိုင်းနှင့် ကြိမ်ချောင်းရပ်ကွက်များတွင် လူနေအိမ်အောက်အဆင့်အထိ ရေဝင်နစ်မြုပ်ဆဲရှိနေသည်။

အဆိုပါ ဒါးကတိုက်နယ်တွင်ဒါးက မြစ်ရေပြန်လည်ကျဆင်းနေသဖြင့် ရေကင်းလွတ်သွားသောလမ်းများ၊ ရပ်ကွက်များတွင် ဒါးကတိုက်နယ် ဒေသခံပြည်သူများက နေအိမ်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရန်ကုန်-ပုသိမ် မော်တော်ကားများ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိပြီး ဒါးကကုန်းမြင့်ပိုင်း၊ ရေကာတာရပ်ကွက်၊ ဒါးကဈေးပိုင်းနှင့် ရေကင်းလွတ်ကြသော ရပ်ကွက်များမှ ဒေသခံပြည်သူများမှာ ပုံမှန်စီးပွားရေးလုပ်ငန်းများ ပြန်လည်ဝင်ရောက်လုပ်ကိုင်လျက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ပူတာအိုမြို့၌ သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**ပူတာအို ဩဂုတ် ၂၆**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့ပေါ်ရပ်ကွက်များ၏ အဓိကမိန်းလမ်းများတွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် တစ်ရက်ခြားဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်က မြို့မဈေးရှိ အမှိုက်သရိုက်များကို ကားဖြင့် အမှိုက်သိမ်းလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တယ်လီနော၏ ပထမဆုံး Accelerate အစီအစဉ်ပါအဖွဲ့နှစ်ဖွဲ့ bootcamp တက်ရောက်ပြီးစီး

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံရှိ နည်းပညာလုပ်ငန်းငယ်များမှ အလားအလာရှိသော လုပ်ငန်းများကို ပိုမိုအောင်မြင်စေရန် ထောက်ပံ့ပေးသည့် တယ်လီနော၏ ပထမဆုံး Accelerate အစီအစဉ်တွင်ပါဝင်ခဲ့သော MyanZen နှင့် Go P တို့သည် Accelerate အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော လေးလကြာ bootcamp ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် တက်ရောက်ခဲ့ရာ ပြီးခဲ့သည့် အပတ်အတွင်းက ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

'MyanZen' သည် အသုံးပြုသူများအနေဖြင့် ပစ္စည်းမျိုးစုံကို နေရာမရွေး အချိန်တိုင်း ရောင်းဝယ်နိုင်ရန် ရည်ရွယ်ထားသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး 'Go P' မှာ ခရီးသွားများနှင့် ခရီးသွားလုပ်ငန်းများအကြား ပေါင်းကူးပေးရန် ရည်မှန်းထားသည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ 'Go P' သည် ၎င်း၏ အပ်ပလီကေးရှင်းကို စမ်းသပ်ဗားရှင်းအနေဖြင့် ပြည်သူများအတွက် ချပြပေးနိုင်ခဲ့ပြီးဖြစ်ကာ 'MyanZen' အနေဖြင့်လည်း မကြာမီတွင် ၎င်း၏ အပ်ပလီကေးရှင်းကို မိတ်ဆက်ပေးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းနှစ်ခုသည် တယ်လီနော၏ Accelerate အစီအစဉ်တွင် အနိုင်ရခဲ့ခြင်းဖြစ်၍ စီးပွားရေးနှင့် ဈေးကွက်ထိုးဖောက်ရေး အလားအလာများနှင့် ကြိုတင်ပြင်ဆင်မှုတို့အပေါ် မူတည်ပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာတည်ဆောက်နိုင်စေရန် တယ်လီနောက ကြိုတင်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ ပေးအပ်သွားမည်ဖြစ်ကာ တယ်လီနော၏ အခြေခံအဆောက်အအုံများကို အသုံးပြုခွင့်လည်းရမည်ဖြစ်သည်။

MyanZen နှင့် Go P လုပ်ငန်းနှစ်ခုသည် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ အလားတူအစီအစဉ်မျိုးဖြင့် တက်ရောက်လာသော အသင်းအဖွဲ့များနှင့်အတူ bootcamp သို့ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး တက်ရောက်နေစဉ် လေးလကြာကာလအတွင်း Silicon Velley နှင့် ကမ္ဘာတစ်ဝန်းမှ ထင်ရှားကျော်ကြားသူ ၂၇ ဦးက ဦးဆောင်ဟောပြောသည့် အလုပ်ရုံဆွေးနွေးပွဲ ၂၄ ခုကို တက်ရောက်ပြီးမြောက်ခဲ့ကြောင်း၊ ဩဂုတ် ၁၉ ရက်တွင် အကဲဖြတ်များ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအား Bootcamp တက်ရောက်သည့် လုပ်ငန်းငယ်များက စီးပွားရေးလုပ်ငန်းစိတ်ကူးများတင်ပြသောနေ့(Demo Day)ကျင်းပခြင်းဖြင့် Bootcamp ကို အဆုံးသတ်ခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# တက်ဘလက်ရော စမတ်ဖုန်းအဖြစ်ပါ သုံးစွဲနိုင်မယ့် ဆမ်ဆောင်း Galaxy Tab J

**ရန်ကုန် ဩဂုတ် ၂၆**

ဆမ်ဆောင်း Galaxy Tab J ဟာ ပြည်တွင်းဈေးကွက်ကို ဩဂုတ် ၁၉ ရက်က ဝင်ရောက်ခဲ့တာဖြစ်ပြီး တက်ဘလက်လို့ဆိုပေမယ့် ဆင်းကတ်နှစ်ကတ်ကိုလည်း ထည့်သွင်းနိုင်မှာဖြစ်လို့ မိုဘိုင်းဖုန်းတစ်လုံးအနေနဲ့လည်း အသုံးပြုနိုင်ဦးမှာဖြစ်ပါတယ်။ Galaxy Tab J ဟာ မျက်နှာပြင်အကျယ် ခုနစ်လက်မရှိပြီး WXGA TFT diplay ကြောင့် ရုပ်ထွက်ပိုင်းမှာ ကောင်းမွန်ပါတယ်။ အန်းဒရွိုက်ဗားရှင်းက 5.1 Lollipop နဲ့အတူ ဆမ်ဆောင်းရဲ့ နောက်ဆုံးထွက် UI ဗားရှင်းသစ်ဖြစ်တဲ့ Samsung TouchWiz ကိုလည်း ထည့်သွင်းပေးထားပါတယ်။ CPU က 1.5 GHz quad core processor ဖြစ်ပြီး RAM ကတော့ 1.5GB ပဲရှိလို့ RAM Memory တော့ နည်းတယ်လို့ ဆိုနိုင်ပြီး အဓိကအားနည်းချက်လည်း ဖြစ်နေပါတယ်။ အင်တာနယ်မင်မိုရီကလည်း 8GB ပဲပါဝင်ကာ နည်းတယ်လို့ ဆိုနိုင်ပေမယ့် micro SD card ကို 200 GB အထိ ထပ်တိုးအသုံးပြုနိုင်အောင် ထောက်ပံ့ပေးထားတာကြောင့် မင်မိုရီပိုင်းအရတော့ အားနည်းတယ်လို့ မဆိုနိုင်ပါဘူး။ ဘက်ထရီပိုင်းမှာလည်း 4000 mAh အရွယ်အစားရှိတဲ့ ဘက်ထရီက စွမ်းအားပြည့်ပြီး ဗီဒီယိုတွေ ဂိမ်းတွေကိုကြည့်ရှုကစားရင်တောင် ကိုးနာရီကြာလောက် ဆက်တိုက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Galaxy Tab J ဟာ ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး မိုဘိုင်းကွန်ရက်က GSM နဲ့ အင်တာနက်ကွန်ရက်အတွက် 4G ကိုပါ ထောက်ပံ့ပေးထားပါတယ်။ ကင်မရာပိုင်းမှာတော့ နောက်ကင်မရာက ၈ မဂ္ဂါပစ်ဇယ်ရှိပြီး ရှေ့ကင်မရာက ၂ မဂ္ဂါပစ်ဇယ်ပဲ ရှိပါတယ်။ ရှေ့ကင်မရာဟာ ဆယ်လ်ဖီရိုက်လိုသူတွေအတွက် စိတ်တိုင်းကျစေမှာမဟုတ်ဘဲ ဗီဒီယိုချတ်တဲ့အခါမျိုးမှာ သုံးရအဆင်ပြေစေရုံလောက်ပဲ ရှိမှာဖြစ်ပါတယ်။

Galaxy Tab J ကို ပြည်တွင်းဈေးကွက်မှာ စတင်ရောင်းချချိန်မှာ ဈေးနှုန်းက




ကျပ် ၂၂၅၀၀၀ ရှိမှာဖြစ်ပြီး စတင်ရောင်းချတဲ့ အထူးအစီအစဉ်အနေနဲ့ ဆမ်ဆောင်းအမှတ်တံဆိပ် 8GB မင်မိုရီကတ်ကို အရေအတွက် အကန့်အသတ်နဲ့ လက်ဆောင်ပေးနေပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့တော့ ရွှေရောင်၊ အနက်ရောင်နဲ့ အဖြူရောင် သုံးမျိုးကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

**သူရဖြိုး**

# ကွန်ပျူတာပညာရှင်အသင်းက WordPress ရက်တိုသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ IT နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များအတွက် WordPress Professionals Course သင်တန်းကို ဩဂုတ် ၂၇ ရက်မှစ၍ စက်တင်ဘာ ၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ကွန်ပျူတာအခြေခံအဆင့်ရှိသူများ၊ HTML, CSS, PHP တက်ရောက်ပြီးသူများ၊ Web အခြေခံသင်တန်းတက်ရောက်ပြီးသူများ တက်ရောက်နိုင်ပြီး ဝက်ဘ်ဆိုက်များရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် သင့်တော်ကြောင်း၊ သင်တန်းကာလအတွင်း ဝက်ဘ်ဆိုက်တစ်ခု ရေးသားခြင်းမှ စတင်ပြီး ဒိုမိန်းဝယ်ယူခြင်း၊ Hosting တင်ခြင်းစသည့် သင်ခန်းစာများကို အခြေခံအဆင့်မှစ၍ စာတွေ့လက်တွေ့စုံလင်စွာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလအတွင်း၌လည်း ကျောင်းသားတစ်ဦးချင်းအနေဖြင့် ဝက်ဘ်ဆိုက်ပရောဂျက်တစ်ခုစီကို ရေးသားရမည်ဖြစ်ကာ ပရောဂျက်တင်ပြနိုင်မှသာလျှင် အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်ဝက်ဘ်ဆိုက်များ ရေးသားရောင်းချနိုင်မည်ဖြစ်သလို CMS Developer အဖြစ်လည်း လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဩဂုတ် ၂၇ မှ စက်တင်ဘာ ၃ ရက်အထိ ပိတ်ရက်မရှိနေ့စဉ် ညနေ ၅ နာရီခွဲမှ ၇ နာရီခွဲအထိ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းကြေးမှာ ကျပ်တစ်သိန်းဖြစ်ကြောင်း၊ သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို MICT Park အဆောင်(၉) မြေညီထပ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း - ၆၅၂၂၇၆ သို့ စုံစမ်းနိုင်ပြီး သင်တန်းတက်ရောက်ရန်အတွက် ဩဂုတ် ၂၇ ရက်(ယနေ့) နေ့လယ် ၂ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# လက်တော့ပ်တွေပေါ်က လူတိုင်းမသိတဲ့စာတစ်ကြောင်း

ကျွန်တော်တို့ ဒီဘက်နည်းပညာခေတ်မှာ ကွန်ပျူတာတွေကို အများဆုံးအသုံးပြု လာခဲ့ကြပါတယ်။ ပထမဦးစွာ စတင်အသုံးပြုခဲ့ကြတာကတော့ Desktop လို့ခေါ်ကြတဲ့ ပုံမှန် စားပွဲတင်ကွန်ပျူတာတွေပါ။ အစောပိုင်းမှာ Apple ကွန်ပျူတာတွေကို မြန်မာနိုင်ငံမှာ စတင်အသုံးပြုခဲ့ကြပါတယ်။ ဒါပေမယ့် IBM ကွန်ပျူတာနဲ့ Window OS ခေတ်စားလာတဲ့နောက်ပိုင်းမှာ အများစုဟာ Apple အစား IBM တွေကိုပဲ အသုံးပြုလာခဲ့ကြပါတယ်။ အဲဒီနောက်တော့ Desktop ကွန်ပျူတာတွေကို အသုံးပြုလာခဲ့ကြတာဖြစ်ပါတယ်။

အရင်က Desktop ကွန်ပျူတာတွေ ဝယ်သုံးရာမှာလည်း ဒီအတိုင်း အစုံလိုက်လာခဲ့တာ၊ သုံးခဲ့ရတာ အတော်ကို ရှားပါတယ်။ ဥပမာအရ ပြောရရင် ကွန်ပျူတာဝယ်ပြီး အသုံးပြုချင်တဲ့လူတစ်ဦးက ကွန်ပျူတာဆိုင်တစ်ဆိုင်ကို သွားပါမယ်။ သူအသုံးပြုချင်တဲ့ လုပ်ငန်းကို ပြောပြပါလိမ့်မယ်။ အဲ့ဒီအခါကျတော့မှ ကွန်ပျူတာဆိုင်က နည်းပညာရှင်တစ်ယောက်ယောက်က CPU ဆိုရင် ဘယ်လောက်၊ Memory ဆိုရင် ဘယ်လောက်၊ Hard Disk ဆိုရင် ဘယ်လောက်၊ Mother Board ဆိုရင်တော့ ဘယ်အမျိုးအစားနဲ့သုံးရင် အဆင်ပြေမယ်ဆိုတာမျိုးကို အကြံပြုပေးပြီး ဝယ်ယူလိုသူ အဆင်ပြေအောင် အစိတ်အပိုင်းတစ်ခုချင်းစီကို တပ်ဆင်ပေးလိုက်ကြတာမျိုး ဖြစ်ပါတယ်။

နောက်ပိုင်းမှာတော့ ကွန်ပျူတာနဲ့ပတ်သက်လို့ ကြားဖူးနားဝတွေ ရှိလာခဲ့ကြပြီး အသုံးပြုမယ့်သူတွေက သူတို့လုပ်ငန်းအတွက် လိုအပ်သလို ကွန်ပျူတာကို ဘယ်လိုဆင်ပေးပါဆိုတာမျိုး ရှိလာပါတယ်။ ဈေးကြီးတာ၊ ကောင်းတာတွေကို တပ်ဆင်ပြီး အသုံးပြုချင်လာကြပါတယ်။ မလိုအပ်ဘဲ ပိုကုန်တာမျိုးလည်း ရှိခဲ့တာပေ့ါ။ မိတ္တူဆိုင်တစ်ဆိုင်မှာ စာစီစာရိုက်လုပ်ဖို့အတွက် i7 processor, Memory 8GB ဆိုတာမျိုးဟာ ဘယ်လိုမှမလိုအပ်ပေမယ့် ဝယ်သူက လိုချင်တော့ စိတ်ကြိုက်ဆင်ပေးခဲ့ရတာတွေ ရှိပါတယ်။ တကယ်လိုအပ်ပေမယ့် ငွေမလိုက်နိုင်တဲ့ ဝယ်သူမျိုးကိုကျတော့လည်း ကျွန်တော်တို့ အတတ်နိုင်ဆုံး တပ်ဆင်ပေးခဲ့ရတာတွေလည်း တစ်ပုံတစ်ပင်ပါ။

အဲဒီလို Motherboard, Memory, Hard disk, CPU စတဲ့ ကွန်ပျူတာအစိတ်အပိုင်းတွေ အကုန်လုံးကို တစ်စစီ တပ်ဆင်ပေးခဲ့ရတဲ့ ခေတ်အလွန်မှာတော့ လက်တော့ပ်တွေရဲ့ခေတ်က ကျွန်တော်တို့ကို စောင့်ကြိုနေပါတော့တယ်။ အရင်က Desktop ကွန်ပျူတာတွေကိုတောင် သိန်းဆယ်ချီပေးပြီး ဝယ်ခဲ့ရတဲ့ကာလတုန်းက လက်ပ်တော့ပ်ကွန်ပျူတာတွေ ဆိုတာကတော့ ကျွန်တော်တို့ လူလတ်တန်းစား၊ အခြေခံလူတန်းအစားတွေအတွက်တော့ မမှန်းရဲစရာ ပစ္စည်းတစ်ခုဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းအစိုးရက နည်းပညာပစ္စည်းတွေကို အခွန်ကင်းလွတ်ခွင့်ပေးခဲ့တယ်လို့ သတင်းကြားရပြီး လက်ပ်တော့ပ့်ဈေးတွေလည်း အရမ်းကျဆင်းလာခဲ့ပြီး သာမန်လူလတ်တန်းစားတွေ သုံးနိုင်တဲ့ဈေးနှုန်းမျိုးအထိ ဖြစ်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ကွန်ပျူတာသုံးစွဲသူ အတော်များများဟာလည်း ကွန်ပျူတာနဲ့ပတ်သက်လို့ knowledge အတော်ကြီးကို ရှိလာခဲ့ကြပါပြီ။ လက်တော့ပ်တစ်လုံးကို ဝယ်တော့မယ်ဆိုရင် CPU ကဘယ်လောက်၊ Memory ကဘယ်လောက်၊ Hard Disk ကဘယ်လောက်၊ Graphic ကဘယ်လောက် ပါတယ်ဆိုတာကိုတော့ လူအားလုံးနီးပါးလောက်က ကြည့်တတ် မြင်တတ် သုံးသပ်တတ်လာကြပါပြီ။ သူတို့ မြင်သာအောင် သိအောင်လို့လည်း လက်တော့ပ်မှာ Touch pad ရဲ့ဘေးနားမှာ အဲဒီလက်တော့ပ်မှာ ပါဝင်သမျှပစ္စည်းတွေအားလုံးကို ရေးပြထားပါတယ်။ အဲလိုမဟုတ်ရင်လည်း စာရွက်တစ်ရွက်နဲ့ သီးသန့်ရေးသားဖော်ပြထားတတ်ပါတယ်။ ဝယ်ယူဖို့လာရောက်လေ့လာသူ တော်တော်များများဟာ အဲဒီစာရွက်ကို ကြည့်ပြီးတာနဲ့ သူတို့ကြည့်လိုက်တဲ့ လက်တော့ပ်ရဲ့အသေးစိတ်အချက်အလက်(Specs)တွေကို တန်းပြီး သိနိုင်ပါတယ်။ တကယ်ဝယ်ယူပြီဆိုမှသာ စာရွက်ထဲမှာ ရေးထားတာနဲ့ လက်တော့ပ်ထဲမှာ တကယ်ပါဝင်တာနဲ့ ဟုတ် မဟုတ် တိုက်ဆိုင်ပြီးတော့ စစ်ဆေးကြတာမျိုးပါ။

အခုကျွန်တော်ပြောချင်တာကတော့ အဲလို စာရွက်လေးတွေပေါ်မှာ ရေးကပ်ထားပေမယ့် ပညာရှင်တွေမှအပ သာမန်လူတွေ နားမလည်တဲ့ စာကြောင်းတစ်ကြောင်းအကြောင်းကို ပြောပြချင်တာပါ။ အဲ့ဒါကတော့ IEEE 802.3n စတဲ့ IEEE နဲ့စတဲ့ စာကြောင်းတွေအကြောင်း ဖြစ်ပါတယ်။ အဲဒါဟာ အဲဒီကွန်ပျူတာ လက်တော့ပ်ရဲ့ နက်ဝပ်မြန်နှုန်းကို ဖော်ပြတာဖြစ်ပါတယ်။ တကယ်လို့ နက်ဝပ်တစ်ခုကို အဲဒီလက်တော့ပ်နဲ့ချိတ်ဆက်ပြီး အသုံးပြုမယ်ဆိုရင် သူ့ရဲ့မြန်နှုန်းဟာ ဘယ်လောက်ရှိပါတယ်ဆိုတာကို သိအောင်လို့ ရေးသားထားတဲ့စာကြောင်း ဖြစ်ပါတယ်။

Ethernet Standard တွေကို နားမလည်၊ မတီးခေါက်မိဖူးသူအတွက်တော့ အဲ့ဒီစာကြောင်းကို နားမလည်နိုင်ပါဘူး။ IEEE ဆိုတာက Institute of Electrical and Electronics Engineers ဆိုတာကို အတိုကောက် ခေါ်တာပါ။ သူ့ရဲ့နောက်က ကုတ်တွေကတော့ နက်ဝပ်မြန်နှုန်းကို ဖော်ပြတဲ့ကုတ်တွေပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် IEEE 802.3ab ဆိုတဲ့စာကြောင်းကို လက်တော့ပ်ကွန်ပျူတာမှာ မြင်ရမယ်ဆိုရင် ကျွန်တော်တို့ သိထားရမှာက 1000Base-T ဆိုတာကိုပါ။ အဲ့ဒီ 802.3ab ဆိုတဲ့ Ethernet Standar ဟာ ၁၉၉၉ ခုနှစ်မှာ စတင်ပေါ်ပါလာတာကိုပါ တန်းပြီးသိနိုင်ပါတယ်။ ဒါဟာ သူ့ရဲ့ ကုတ်နံပါတ် Standard No ကြည့်ပြီး ပြောပြနိုင်တာပါ။ နောက်ထပ် 1000Base-Tဆိုတာနဲ့ သူ့ကိုချိတ်ဆက်အသုံးပြုချင်တယ်ဆိုရင် Twisted Pair Cable ကို RJ 45 ခေါင်းနဲ့ တွဲဖက်အသုံးပြုနိုင်ပြီး သူ့ရဲ့မြန်နှုန်းဟာ 1Gbit/s တစ်နည်းအားဖြင့် 125 MB/s ရှိတယ်လို့လည်း တန်းပြီး သိနိုင်ပါတယ်။ သူ့မှာပါတဲ့ IEEE 802.3ab ဆိုတဲ့ Ethernet Standard ကိုပြထားတဲ့ စာကြောင်းလေးအရ ဒါကိုသိနိုင်တာပါ။

နောက်ထပ် Ethernet Stardard တစ်ခုကို ဥပမာပြရမယ်ဆိုရင် PoE ပါ။ အခုနောက်ပိုင်း နက်ဝပ်သုံး ကိရိယာတွေမှာ PoE ကို အသုံးပြုလာကြပါတယ်။ PoE ဆိုတာ Power over Ethernet ကို အတိုကောက် ခေါ်တာပါ။ သူ့ရဲ့အလုပ်ကတော့ နက်ဝပ်ချိတ်ဆက်ပြီး ဒေတာတွေကို အပြန်အလှန်ပို့ဆောင်ပေးရုံတင်မကဘဲ ပါဝါပါ ထောက်ပံ့ပေးပါသေးတယ်။ PoE ရတဲ့ နက်ဝပ်ကိရိယာတွေမှာ အပြင်ကနေ သီးသန့် ပါဝါပေးစရာမလိုပါဘူး။ Ethernet port ကနေ တစ်ခါတည်း ပါဝါပါ ရရှိပါတယ်။ အဲလိုမျိုးတွေမှာဆိုရင်တော့ IEEE 802.3af ဆိုတဲ့ Ethernet Standard ကို ပြတဲ့စာတန်းလေး ကပ်ထားမှာဖြစ်ပါတယ်။ တကယ်လို့များ မိတ်ဆွေတို့အနေနဲ့ လက်တော့တစ်လုံးကို ဝယ်ယူတော့မယ်ဆိုရင် ကျန်တဲ့ ပစ္စည်းတွေ၊ အစိတ်အပိုင်းတွေကို သိနိုင်၊ စစ်ဆေးနိုင်ပေမယ့် နက်ဝပ်မြန်နှုန်းကို စစ်ဆေးနိုင်ဖို့ဆိုရင်တော့ အခုကျွန်တော်ပြောတဲ့ Ethernet Standard ကို နားလည်ထားဖို့ လိုမှာအမှန်ပါပဲ။




သိပြီးသား၊ တတ်ပြီးသားလူတွေအတွက် မရည်ရွယ်ဘဲ အခုမှ စတင်လေ့လာသူများ သိစေနိုင်ရန်အတွက် တင်ပြလိုက်ရတာပဲ ဖြစ်ပါတယ်။ အသေးစိတ်ရှင်းပြရမယ်ဆိုရင်တော့ အလွန်ကျယ်ပြန့်တာမို့ အတော်ကို အချိန်ယူပြီး ရှင်းပြနိုင်မှရမှာပါ။ နောင်ကိုလည်း ကြုံကြိုက်သလို တင်ပြပါဦးမယ်။ ကျွန်တော်ရေးတဲ့ အခုဆောင်းပါးလေးကို ဖတ်မိပြီး လက်တော့ပ်တစ်လုံးဝယ်တဲ့အခါ အခုပြောတဲ့ Ethernet Standard ကို ဖော်ပြတဲ့စာကြောင်းလေးကို မြင်မိတဲ့အခါ ဒီစာကြောင်းလေးဟာ ဘယ်လိုကြောင့် ထည့်ပြီးရေးထားတာပါလားဆိုတဲ့ အသိမျိုးဝင်မိပြီဆိုရင် ရေးရတာအတွက် ဝမ်းသာကျေနပ်ပါပြီ။

ဒီအောက်မှာတော့ ဘယ်လို IEEE စာကြောင်းမျိုးဆိုရင် ဘယ်လို နက်ဝပ်မြန်နှုန်းမျိုးရှိတယ်ဆိုတဲ့ ဥပမာတချို့ကို ဇယားနဲ့ဖော်ပြလိုက်ပါတယ်။

**ဆောင်းပါး - ဖိုးကျော်(နည်းပညာမြေ)**

| Ethernet Standard | Date | Description |
|---|---|---|
| 802.3-2012 | 2012 | A revision of base standard incorporating the 802.3at/av/az/ba/bc/bd/bf/bg amendments, a corrigenda and errata. |
| 802.3bm | 2015 | 100G/40G Ethernet for optical fiber |
| 802.3bq | June 2016[2] | 25G/40GBASE-T for 4-pair balanced twisted-pair cabling with 2 connectors over 30 m distances |
| 802.3bs | ~ 2017 | 400 Gbit/s Ethernet over optical fiber using multiple 25G/50G lanes |

# မြန်မာ့စာတိုက်လုပ်ငန်းမှ မျှော်မှန်းသော ရလဒ်ကောင်းများ

**မောင်သိန်းတန်**

၁၈၇၁ ခုနှစ် မင်းတုန်းမင်းလက်ထက်တွင် မန္တလေးနှင့် ရန်ကုန် အချိန်မှန် ဆက်သွယ်ရေးလုပ်ငန်းများ တည်ထောင်ထားပြီးဖြစ်ကြောင်း၊ အီတလီသာသနာပြု ဗရင်ဂျီဘုန်းကြီး အဖိုးနား(Abbon)က အီတလီနိုင်ငံခြားရေးရုံးသို့ ပေးပို့ခဲ့သော စာအရ လည်းကောင်း၊ ၁၂၃၈ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ မန္တလေးထုတ် နေပြည်တော်သတင်းစာတွင်ပါရှိသော ကြော်ငြာအရ အထက်မြန်မာပြည်(မြန်မာပိုင်)နယ်မြေတွင် စာပို့တိုက်လုပ်ငန်းရှိနေသည်မှာ ထင်ရှားကြောင်း ဦးသိန်းတန်၏ သင့်ထံမှ ကျွန်ုပ်ထံသို့ (စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်)စာအုပ်တွင် ရေးသားထားမှုအရ လည်းကောင်း၊ နှစ်ပေါင်း ၁၅၀ နီးပါးရှိ သက်တမ်းရင့် မြန်မာနိုင်ငံစာတိုက်ဌာန၏ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့ရပုံများကို ဆင်ခြင်တွေးတော မိပါသည်။

ဗြိတိသျှ ကိုလိုနီဘဝကျရောက်ခဲ့သည့် ၁၈၈၅ ခုနှစ်မှစ၍ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသည့်အချိန်အထိ စာတိုက်ရုံးတစ်ရုံးကို **အမြတ်မရရှိစေကာမူ၊ အရှုံးမပေါ်ဘဲ** စရိတ်ကာမိမှသာလျှင် ဖွင့်ပေးခဲ့သည်ဟုလည်း မှတ်သားခဲ့ရပါသည်။

လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်း ၁၉၅၉ ခုနှစ်တွင် ကျေးရွာများအရောက် စာပို့ဆောင်ပေးမှုများကို ဆောင်ရွက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်မှစ၍ အရှုံးအမြတ်ကို ပဓာနမပြုသော်လည်း အသုံးစရိတ်ခြိုးခြံချွေတာပြီး မျှတစွာဆောင်ရွက်သည့် မူဝါဒကို ကျင့်သုံးခဲ့ရပြန်ပါသည်။

တစ်ဖန် ၁၉၇၆ ခုနှစ်တွင် စာတိုက်၊ကြေးနန်းနှင့် တယ်လီဖုန်းဌာနများ စုပေါင်းပါဝင်ဖွဲ့စည်းထားသည့် ဆက်သွယ်ရေးကော်ပိုရေးရှင်းတွင် ပါဝင်ခဲ့ရပြီး **စီးပွားရေးဆန်ဆန်ဟူသော မူဝါဒဖြင့်** ဆောင်ရွက်ခဲ့ရပြန်ပါသည်။

သို့သော်လည်း နိုင်ငံတော်၏လိုအပ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားဒေသများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စာတိုက်နှင့် ကြေးနန်းရုံးများကို နယ်စွန်နယ်ဖျားအထိ ဖွင့်လှစ်ပေးခဲ့ရရာ စီးပွားရေးမဆန်တဆန်ဟုပင် ပြောရလေမလားမသိသည့် အနေအထားဖြစ်ခဲ့ရပါသည်။

ထို့အပြင် စာပို့ခကောက်ခံခဲ့ရသည်မှာလည်း အခြေခံအားဖြင့် ၁၅ ပြားက ၃၇ နှစ်၊ ပြား ၅၀ က ၆ နှစ်၊ ၂ ကျပ်က ၁၄ နှစ် (၁၃-၁၂-၂၀၁၁)အထိ၊ ၁၀၀ က ယနေ့အထိ။ သည်တော့လည်း စာပို့ခနည်းပါးမှုအပါအဝင် အကြောင်းပေါင်းများစွာတို့ကြောင့် ဝင်ငွေထက် အသုံးစရိတ်ကပိုခဲ့၊ ပိုနေမြဲပေါ့။

ထိုမှတစ်ဖန် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ယခု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်စသည်ဖြင့် အဆင့်ဆင့်လျှောက်လှမ်းကာ ၁-၄-၂၀၁၅ ရက်နေ့မှစ၍ မြန်မာ့စာတိုက်လုပ်ငန်း (Myanmar Post) ဟူသည့် အမည်နာမဖြင့် ကိုယ်တိုင်စီမံ အုပ်ချုပ်ခွင့်၊ အမှီအခိုမျှော်ကိုးမှုကင်းသော ဘဏ္ဍာငွေသုံးစွဲခွင့်နှင့် ကိုယ်ပိုင်ကြံဆတီထွင် ဆောင်ရွက်ခွင့်တို့ကို စတင်ရရှိခဲ့သည်မှာ အခါလည် (တစ်နှစ်ကျော်) ကာလသို့ ရောက်ရှိခဲ့ပါပြီ။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (Public Utility Service) ၏ အသွင်သဏ္ဌာန်နှင့် (Commercialize) စီးပွားရေးဆန်ဆန်ဆောင်ရွက်ခြင်းသည် ဆန့်ကျင်ဘက်အသွင် (Conflict) ဆောင်နေမလား သို့မဟုတ် ယှဉ်တွဲဆောင်ရွက်၍ ရကောင်းရဲ့လား စဉ်းစားစရာပင်။

မည်သို့ပင်ဆိုစေကာမူ မြန်မာ့စာတိုက်လုပ်ငန်းသည် မြန်မာပြည်တွင် နေထိုင်သူအားလုံးအတွက် ဖြစ်ရပါမည်။ မြန်မာ့စာတိုက်လုပ်ငန်း၏ Vision ကလည်း လူတိုင်းအတွက် မြန်မာ့စာတိုက်(Myanmar Post for Everyone) ပင်မဟုတ်ပါလား။ ထို့အပြင် မြန်မာ့စာတိုက်လုပ်ငန်း၏ Mission တွင်ပါရှိသည့်အတိုင်း မြန်မာနိုင်ငံ၏ အစွန်အဖျားဒေသမကျန် ပို့ဆောင်ပေးနေပါသည်၊ မြန်မာပြည်သူပြည်သားများ သုံးစွဲရန်အပန်းမကြီးသော သင့်တင့်မျှတသော နှုန်းထားဖြင့် ဆောင်ရွက်ပေးနေပါသည်၊ ကောင်းသထက်ကောင်းသော ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရေး နှလုံးသွင်းလျက် မရပ်မနား ဆောင်ရွက်လျက်ရှိပါသည်ဟု သတင်းစကားပါးလိုက်ပါရစေ။ မြန်မာ့စာတိုက်လုပ်ငန်း၏ Vision နှင့် Mission တို့တွင် ပါရှိသောအချက်များသည် မြန်မာ့စာတိုက်လုပ်ငန်း၏ ဝန်ဆောင်မှုများကို သုံးစွဲသည့်ပြည်သူများ သက်သာအဆင်ပြေရေးကို ဦးတည်ထားခြင်းဖြစ်ပါသည်။ သို့အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်း(Public Centered Service) ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အလျဉ်းသင့်၍ တင်ပြလိုသည်မှာ အထက်ပါအတိုင်းဆောင်ရွက်ပေးနေသော်ငြားလည်း **"ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးဖြိုမဲ့ကြံ ခါးကမသန်"**များ ဖြစ်နေလေလျော့သလား တွေးမိပြန်ပါသည်။ အကြောင်းမှာ ဝန်ထမ်းလစာ၊ ပင်စင်လစာ၊ သယ်ယူပို့ဆောင်မှုစရိတ်အပါအဝင် အထွေထွေစရိတ်များ နှစ်စဉ်မြင့်တက်မှုကြောင့် မြန်မာပြည် တောင်ဘက်စွန်း ကော့သောင်းမှ မြောက်ဘက်စွန်း ခေါင်လန်ဖူးမြို့သို့ ငွေကျပ် ၁၀၀ ဟူသော ဈေးနှုန်းမျှဖြင့် ပို့ဆောင်ပေးသည့် စာတစ်စောင်၏ ကုန်ကျစရိတ်က ငွေကျပ် ၂၄၀၀ ခန့်၊ ကမ္ဘာ့နိုင်ငံအသီးသီးကို ငွေကျပ် ၅၀၀ ဖြင့် ပို့ဆောင်ပေးသည့် စာတစ်စောင်က ငွေကျပ် ၂၈၀၀ ခန့် ကုန်ကျလျက်ရှိရာ ရည်မှန်းထားသည့် သင့်တင့်မျှတသည့်ဈေးနှုန်းဆိုသည့်အပေါ် သံသယနည်းနည်းဝင်လာမိပြန်ပါသည်။

**စာပို့ဆောင်ဝေမှုများအပြင် Online မှ ငွေလွှဲမှု၊ Online မှတစ်ဆင့် မှာယူသည့် ပစ္စည်းများကို အိမ်တိုင်ရာရောက် (Door to Door) ဝေငှပေးမှု၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများ အချင်းချင်း အမြန်ချောစနစ်ဖြင့် ပို့ဆောင်ပါက ယနေ့ပို့လျှင် မနက်ဖြန်အရောက် ပို့ဆောင်ဝေငှပေးပြီး မရောက်ပါက ပို့ခငွေပြန်အမ်းသည့် အာမခံချက်၊ MPT-Ooredoo-Telenor မိုဘိုင်းဖုန်းများ ငွေဖြည့်ပေးခြင်း၊ လေယာဉ်လက်မှတ်၊ ကားလက်မှတ် Online မှ ရောင်းချပေးခြင်း စသည့်စသည့် ဝန်ဆောင်မှုလုပ်ငန်းသစ်များစွာတို့ကို ယှဉ်ပြိုင်ဆောင်ရွက်ပေးနေပါပြီ။**

ထို့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ ကိန်းဂဏန်းများအရ ဝန်ထမ်းလစာသည် အသုံးစရိတ်အားလုံး၏ ၆၀ ရာခိုင်နှုန်းအထိရှိပြီး အရှုံးသည် ငွေကျပ်သန်း ၄၄၂၇ ဖြစ်ပေါ်ခဲ့ရပါသည်။ ထိုအရှုံးများကို နိုင်ငံတော်အစိုးရက စိုက်ထုတ်ထောက်ပံ့ခြင်း (Subsidization) ဆောင်ရွက်ပေးနေရပါသည်။

မည်သို့ပင်ဆိုစေကာမူ နိုင်ငံသူနိုင်ငံသားအားလုံး သုံးစွဲနိုင်မည့် မြန်မာ့စာတိုက်လုပ်ငန်းဖြစ်သည့်အတွက် စာ၊ ပါဆယ်ပို့ဆောင်မှု တိုးတက်လာစေရန်နှင့် လုပ်ငန်းသစ်များကို တီထွင်တိုးချဲ့ဆောင်ရွက်ရမည်ဟူသော အဖြေသာထွက်ပေါ်ခဲ့ရပါသည်။

ယနေ့ခေတ်သည် ပြိုင်ဆိုင်မှုများသည့်ခေတ်၊ အမြန်ကြိုက်သည့်ခေတ်၊ ကောင်းမှသုံးသည့်ခေတ်ဖြစ်ပေရာ မြန်မာ့စာတိုက်လုပ်ငန်းသည်လည်း ထိုနယ်ပယ်များအတွင်း ဝင်ရောက်ယှဉ်ပြိုင်ရပါပြီ။ ယှဉ်ပြိုင်တော့မည်ဆိုလေတော့ ယခင်အခြေအနေ၊ ပုံစံ၊ စိတ်ဓာတ်တို့ဖြင့်တော့ အောင်မြင်မှုမရနိုင်၊ အခြေအနေ၊ ပုံစံ၊ စိတ်ဓာတ်တွေပြောင်းလဲရတော့သည်။ ဗျူဟာတွေ ခင်းရတော့သည်၊ အပြင်လောကသို့ ထဲထဲဝင်ဝင် ထွက်ကြည့်ရတော့သည်၊ ဘာတွေကို နှစ်သက်သနည်း၊ ဘယ်လိုဖြည့်ဆည်းပေးရမည်နည်းအဖြေရှာရသည်၊ လက်တွေ့ဆန်ဆန်အကောင်အထည်ဖော်ရပါတော့သည်။

ဝန်ဆောင်မှုအစုံအလင်ဆုံး၊ ဝန်ဆောင်မှုအကောင်းဆုံးတို့ကို ပေးအပ်မည့် ပြည်သူတို့၏ကျေနပ်မှုကိုအပြည့်အဝ ဖြည့်ဆည်းပေးမည့် မြန်မာ့စာတိုက်လုပ်ငန်းအဖြစ် ဦးတည်ချီတက်နေပါပြီ။

စာပို့ဆောင်ဝေမှုများအပြင် Online မှ ငွေလွှဲမှု၊ Online မှတစ်ဆင့် မှာယူသည့် ပစ္စည်းများကို အိမ်တိုင်ရာရောက် (Door to Door) ဝေငှပေးမှု၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများ အချင်းချင်း အမြန်ချောစနစ်ဖြင့် ပို့ဆောင်ပါက ယနေ့ပို့လျှင်မနက်ဖြန်အရောက် ပို့ဆောင်ဝေငှပေးပြီး မရောက်ပါက ပို့ခငွေပြန်အမ်းသည့် အာမခံချက်၊ MPT-Ooredoo-Telenor မိုဘိုင်းဖုန်းများ ငွေဖြည့်ပေးခြင်း၊ လေယာဉ်လက်မှတ်၊ ကားလက်မှတ် Online မှ ရောင်းချပေးခြင်း စသည့်စသည့် ဝန်ဆောင်မှုလုပ်ငန်းသစ်များစွာတို့ကို ယှဉ်ပြိုင်ဆောင်ရွက်ပေးနေပါပြီ။

ကိုယ်စားငွေကောက်ခံပေးခြင်း၊ ငွေစုဘဏ်၊ စာတိုက်ဘဏ်ဖွင့်လှစ်ခြင်း စသည့်လုပ်ငန်းများကို ရှေ့လုပ်ငန်းစဉ်များ၊ နှစ်တိုနှစ်ရှည်စီမံကိန်းများအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် စာတိုက်ဥပဒေ(Postal Law) ကိုလည်း ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ရေးဆွဲလျက်ရှိရာ ပြီးစီးလုပြီဖြစ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းမှ ဝန်ထမ်းများသည် ဂျပန်နိုင်ငံစာတိုက် (Japan Post)ထံမှလည်း နည်းပညာနှင့် နည်းစနစ်များကို စတင်လေ့လာသင်ယူလျက်ရှိပြီဖြစ်ရာ ယနေ့ခေတ်၏ ပြိုင်ဆိုင်မှုလုပ်ငန်းများ (Competitive Business World) နယ်ပယ်တွင် လိုအပ်သည့်လုပ်ငန်းစဉ်(Process)၊ ကိရိယာများ (Tools) နှင့် နည်းနိဿယများ (Techniques) များကို ဖြည့်တင်းဆောင်ရွက်လျက်ရှိပြီး စိတ်ဓာတ်(Mindset)များ ပြောင်းလဲဆောင်ရွက်နေပြီဖြစ်ရာ မဝေးတော့သောကာလတွင် ရသင့်ရထိုက်သော အကျိုးရလဒ်များ (Optimum Results) ကိုရရှိတော့မည်မှာ မလွဲကေန်ဟုယုံကြည်မိပါကြောင်းနှင့် ဤဆောင်းပါး၏အစ မင်းတုန်းမှသည် ယခု အမ်ပီ (Myanmar Post) ဆီသို့ လှေကားထစ်အဆင့်ဆင့်ကို လှမ်းတက်လာသည့် မြန်မာ့စာတိုက်လုပ်ငန်း၏ ဝန်ဆောင်မှုများအပေါ် ယုံယုံကြည်ကြည်ဖြင့် သုံးစွဲကြည့်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**သတင်းတို**

## အစားထိုးစိုက်ပျိုးရန် မျိုးစပါးများထောက်ပံ့

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေနစ်မြုပ်ပျက်စီးသွားသော မိုးစပါး ၂၄၆၉ ဧကအတွက် အစားထိုးပြန်လည်စိုက်ပျိုးရန် မျိုးစပါးများကို စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတို့က ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ ထောက်ပံ့သော ရက် ၉၀ မျိုးစပါး ၁၉၈၉ တင်း၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သော ရတနာတိုး မျိုးစပါး တင်း ၁၅၀၀ နှင့် အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သော ရတနာတိုးမျိုးစပါး တင်း ၃၅၀ တို့ကို ဩဂုတ် ၂၄ ရက်က အောင်လံမြို့စက်ရုံရပ်ကွက်ရှိ ဝါဂိုဒေါင်အတွင်းသို့ ကားများဖြင့် လာရောက်ပို့ဆောင်ထားခဲ့ပြီးဖြစ်သည်။

ပို့ဆောင်ထားသောမျိုးစပါးများကို ကျေးရွာများရှိတောင်သူလယ်သမားများ လက်ဝယ်သို့ ချက်ချင်းရောက်ရှိပြီး ရေနစ်မြုပ်ခဲ့သော မိုးစပါးစိုက်ကွင်းများတွင် အမြန်ဆုံး ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သိန်းလွင်(ပြန်/ဆက်)**

## အမျိုးသမီးစက်ချုပ်သင်တန်းတိုးတက်မှုအခြေအနေကြည့်ရှု

ပေါက်ခေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ငါးခွကျေးရွာအုပ်စု တာကောက်ကျေးရွာတွင် ဖွင့်လှစ်သောအသက်မွေးဝမ်းကျောင်းအထောက်အကူပြု အမျိုးသမီးစက်ချုပ်သင်တန်း(၃/၂၀၁၆)တိုးတက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်မင်းဇော်၊ ပြည်ခရိုင်ကျေးလက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ရွှေဝါနှင့်အဖွဲ့ ဩဂုတ် ၂၂ ရက်က ကြည့်ရှုခဲ့သည်။

အဆိုပါစက်ချုပ်သင်တန်းမှ သင်တန်းသူများ၏ ကြိုးပမ်းဆောင်ရွက်ထားရှိမှုအခြေအနေကို ပေါက်ခေါင်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးမောင်မောင်ကြည်က ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ဥမ္မာကျော် (ပြန်/ဆက်)**

## ဝန်ပိုတင်မောင်း၍ ကျိုးကျခဲ့သောတံတား ပြုပြင်ပြီးစီး

**မိုင်းပျဉ်း ဩဂုတ် ၂၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံခရိုင်အတွင်း မိုင်းပျဉ်း-မက်မန်းကားလမ်းပေါ် မိုင်တိုင်အမှတ် (၁၁/၁)နှင့် (၁၁/၂)ကြားမှ အရှည် ပေ ၆၀ ရှိ နမ့်လီဘေလီတံတားတွင် ဝန်ပိုတင်မော်တော်ယာဉ် ဖြတ်မောင်းခဲ့မှုကြောင့် ဩဂုတ် ၁၇ ရက်က တံတားကျိုးကျခဲ့မှုကို ဩဂုတ် ၂၃ ရက်တွင် ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တံတားခံနိုင်ဝန်တန်ထက် ပိုမို၍ ဘိလပ်မြေအိတ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ် ဖြတ်သန်းမောင်းနှင်မှုကြောင့် တံတားကျိုးကျပျက်စီးမှု ဖြစ်ခဲ့ခြင်းဖြစ်ကာ ကျိုးကျခဲ့သောတံတားကို အမြန်ဆုံး ပြန်လည်ပြုပြင်ပြီးစီးနိုင်ရေးအတွက် မိုင်းပျဉ်းမြို့နယ် လမ်းဦးစီးဌာနက ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၃ ရက်တွင် ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။ ယခုအခါ နမ့်လီတံတားကို ပြန်လည်ပြုပြင်ပြီးဖြစ်၍ မိုင်းပျဉ်းမြို့နှင့် မက်မန်းမြို့ကြား မော်တော်ယာဉ်များ ယခင်အတိုင်း ပုံမှန်ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်ကာ ဆက်သွယ်ရေးလမ်းကြောင်း ပုံမှန်ပြန်ရနေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါတံတားကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဩဂုတ် ၂၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဆေးစွဲလူနာများအတွက် ယာယီဆေးဖြတ်စခန်းဖွင့်လှစ်၍ ကုသပေးလျက်ရှိ

**ကလေး ဩဂုတ် ၂၆**

ကလေးမြို့နယ်အတွင်းမှ ဆေးစွဲလူနာများအတွက် ယာယီဆေးဖြတ်စခန်းကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအသင်း(MANA)က ကလေးမြို့နယ် ထိုမာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၂၃ ရက်မှစ၍ ဖွင့်လှစ်ထားပြီး ဆေးစွဲလူနာ ခုနစ်ဦးအား ဆေးဖြတ်ရန် ပြုစုစောင့်ရှောက်ထားကြောင်း သိရသည်။

အဆိုပါ ယာယီဆေးဖြတ်စခန်းတွင် ဆေးဖြတ်မည့်လူနာများအား နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးအဖွဲ့များက မက်သဒုံးဆေးများဖြင့် ပြုစုကုသမှုများပြုလုပ်ပေးလျက်ရှိသည်။ ယာယီဆေးဖြတ်စခန်း၌ လူနာများအား ပြုစုကုသပေးနေမှုကို ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းနှင့် မြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အဖွဲ့များ ဩဂုတ် ၂၄ ရက်က သွားရောက်ကြည့်ရှုခဲ့ကြသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအသင်းအနေဖြင့် ပြီးခဲ့သည့်နှစ်ကလည်း ကလေးမြို့နယ် ဒိုးနွယ်ကျေးရွာ၌ ယာယီဆေးဖြတ်စခန်းကို ဖွင့်လှစ်ပြီး ဆေးစွဲလူနာ ၃၀ ကို လည်းကောင်း၊ ကလေးဝမြို့နယ် ဝေပုံကျေးရွာ ယာယီဆေးဖြတ်စခန်းတွင်လည်း ဆေးစွဲလူနာ ၃၀ ကိုလည်းကောင်း ဆေးဖြတ်နိုင်အောင် ပြုစုစောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# အရေးပေါ်လူနာများအား အခမဲ့ပိုမိုကူညီနိုင်ရန် အောက်ဆီဂျင်စက်ရုံတည်ဆောက်မည်

**သထုံ ဩဂုတ် ၂၆**
မွန်ပြည်နယ် သထုံမြို့တွင် အရေးပေါ်လူနာများ အသက်ကယ်နိုင်ရန်အတွက် လိုအပ်သည့် အောက်ဆီဂျင် မိုပိုထုတ်ပေးနိုင်ရေးအတွက် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံအား လာမည့်နှစ်အစပိုင်းတွင် အနှိုင်းမဲ့မေတ္တာသွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းမှ အများပြည်သူ ထည့်ဝင်ငွေများဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ပရဟိတစိတ်ပါဝင်စားသည့် အလှူရှင်များ၏ ထောက်ပံ့မှုများ လိုအပ်လျက်ရှိကြောင်း သိရသည်။



"အောက်ဆီဂျင်ကို လက်ရှိအချိန်မှာ အပြင်ကဝယ်ပြီး လူနာတွေကို အခမဲ့ပေးတယ်။ ဒီတော့ ကုန်ကျစရိတ်က များတယ်။ စက်ရုံဆောက်ရင် လိုအပ်တဲ့ အောက်ဆီဂျင်ကို အချိန်မီပိုပြီးပေးနိုင်သလို ကုန်ကျစရိတ်လည်း သက်သာမယ်။ သထုံဆေးရုံကလည်း ခုတင် ၁၀၀ အဆောင်သစ်က ပြီးပြီဆိုတော့ လူနာကပိုများလာတဲ့အခါ အောက်ဆီဂျင်လိုအပ်ချက်က မြင့်လာတော့မယ်။ လောလောဆယ်မှာတော့ စက်ရုံအတွက် မြေနေရာနဲ့ အလှူငွေအချို့တော့ ရှိထားပြီ"ဟု အနှိုင်းမဲ့မေတ္တာ သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း ဥက္ကဋ္ဌ ဦးညဏ်ထွန်းက ပြောသည်။

အနှိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း အနေဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်ကာ သထုံမြို့နယ်အပြင် နီးစပ်ရာ မြို့နှင့် ကျေးရွာများမှ အရေးပေါ်လူနာများကို အောက်ဆီဂျင်အခမဲ့ ကူညီပေးခဲ့ပြီး စတင်ချိန်မှ ၂၀၁၆ ဇူလိုင်လအထိ ၄၀ လီတာဆံ့ အောက်ဆီဂျင်ဘူး ၁၃၉ လုံး၊ ၁၀ လီတာဆံ့ အောက်ဆီဂျင်ဘူး ၃၉၇၃ လုံးတို့ကို ဒေသတွင်း တိုက်နယ်ဆေးရုံများနှင့် အခြားလိုအပ်သူများအား နေအိမ်အရောက် အခမဲ့ပေးဝေ နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအောက်ဆီဂျင်စက်ရုံ တည်ဆောက်မည်ဆိုပါက ခန့်မှန်းငွေကျပ်သိန်း ၃၀၀၀ ဝန်းကျင်ခန့် ကုန်ကျမည်ဖြစ်ပြီး လက်ရှိအချိန်အထိ စက်ရုံတည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၄၀၀ ခန့်ရရှိထားပြီး အလှူရှင်များ လိုအပ်နေသေးကြောင်း အနှိုင်းမဲ့မေတ္တာ သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းမှ သိရသည်။ **သက်ဦး(သထုံ)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်စိုက်ပျိုးရေးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေး

**သီပေါ ဩဂုတ် ၂၆**
လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ မိုးရာသီတွင် သီးနှံစံပြကွက်များ ပြုလုပ်၍ တောင်သူပညာပေးလုပ်ငန်းများကို ကျေးရွာအုပ်စုများ၌ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။

အဆိုပါသီးနှံစံပြစိုက်ခင်းများသို့ ရှမ်းပြည်နယ်(လားရှိုး) စိုက်ပျိုးရေးဦးစီးဌာနပြည်နယ် ဒုတိယဦးစီးမှူး ဦးမြကျော်၊ ကျောက်မဲခရိုင် ဦးစီးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ရှိတို့က ဩဂုတ် ၂၄ ရက်တွင် ဘော်ကြိုကျေးရွာအုပ်စု ဆားထွင်းကျေးရွာ၌ စိုက်ပျိုးထားသော မိုးစပါးစံပြစိုက်ခင်းနှင့် ခေါက်နံ့မျိုးပွားစိုက်ခင်း၊ လော်ခွန်ကျေးရွာအုပ်စုရှိ အစေ့ထုတ်ပြောင်းစံပြစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမိုးကျော်စွာဝင်းက၊ စံပြကွက်များဆောင်ရွက်ထားရှိမှုအခြေ အနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



**မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဗဟိုကော်မတီဝင် အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ကောလင်းမြို့နယ် သတင်းထောက် ဦးခင်မောင်ငြိမ်း(စာရေးဆရာ မြန်ဂုဏ်ဆောင်)က ဩဂုတ် ၂၃ ရက်တွင် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ၏ လူမှုကူညီရေးအဖွဲ့သို့ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့အတွင်းရေးမှူး ဦးတင်ဝင်းလေးနှင့် အဖွဲ့လက်ခံရယူစဉ်။**
(မြန်မာ့အလင်း)

# တန့်ယန်းမြို့နယ်၌ မူခင်းလျော့နည်းကျဆင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**တန့်ယန်း ဩဂုတ် ၂၆**
ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်အတွင်း၌ ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းက မော်တော်ယာဉ်ဖြင့်လှည့်လည်၍ လူစည်ကားရာနေရာများဖြစ်သည့် လမ်းဆုံများ၊ ဈေးအနီးအနားနှင့် ကျောင်းများအနီးတို့တွင် မူခင်းလျော့နည်းကျဆင်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ မြို့တွင်းလှည့်လည်၍ ဆောင်ရွက်ရာ မော်တော်ယာဉ်ပေါ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိ ပညာပေးပိုစတာများ၊ လူမှောင်ခိုကူးမှုတားဆီးကာကွယ်ရေး မှတ်တမ်း ဓာတ်ပုံနှင့်ပိုစတာများကို ဝေဝေဆာဆာ ချိတ်ဆွဲပြသထားကာ မူးယစ်တပ်ဖွဲ့စု (၂၃)တန့်ယန်းမှ ဒုတိယရဲမှူး ကျော်ဌေးက မူးယစ်ဆေးအန္တရာယ်အကြောင်း၊ မြို့မရဲစခန်းမှ ဒုတိယရဲအုပ်ထွန်းထွန်းဝင်းက လူမှောင်ခိုကူးမှုတားဆီးကာကွယ်ရေး အကြောင်းနှင့် တပ်ကြပ်ကြီး အေးဇော်လတ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းတို့ကို ဟောပြောကြပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **မင်းလွင်ဦး(ပြန်/ဆက်)**



**သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့ သဃ်န်းကျွန်းမြို့မရဲစခန်း သင်တန်းခန်းမ၌ ဩဂုတ်လစတုတ္ထပတ်က ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၂၂/၂၀၁၆) သင်တန်းဖွင့်ပွဲကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးက အမှာစကားပြောကြားစဉ်။**
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ဇလွန်မြို့နယ် ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်များလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၆**
ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ၁၄၇ လမ်း သံသရာအေးပရဟိတအကျိုးဆောင်အဖွဲ့သည် တစ်ထုပ်လျှင် ဆန်နှစ်ပြည်၊ ၂၅ ကျပ်သားဝင်ဆီတစ်ပုလင်း၊ တစ်လီတာဝင်ရေသန့် သုံးဘူး၊ မုန့်၊ ခေါက်ဆွဲခြောက်၊ ပါရာစီတမောလ်၊ ဓာတ်ဆားထုပ်၊ အဝတ်အထည်၊ တိုင်းရင်းဆေးနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံပါ အထုပ်ပေါင်း ၅၀၀ ကျော်ကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများဖြစ်သည့် ရေတွင်းကုန်း၊ ထန်းပင်ကုန်း၊ မြစ်ဝ၊ ဝက်ကုန်းနှင့် ညောင်ကုန်းကျေးရွာများသို့ သွားရောက်ကာ ကျေးရွာ ရပ်မိရပ်ဖများ၊ လူငယ်များ၏အကူအညီဖြင့် ရေဘေးသင့် အိမ်ထောင်စုတစ်စုချင်းအလိုက် လက်ရောက်ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါအဖွဲ့နှင့်အတူ လိုက်ပါသွားကြသည့် သံသရာအေးအခမဲ့ဆေးကုခန်းမှ ဒေါက်တာ ဦးမြစိန်ဦးဆောင်သည့် ပရဟိတကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ရေတွင်းကုန်းကျေးရွာစုရပ်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေး စကားဝိုင်းဆွေးနွေးခြင်းနှင့် လူနာများအား လိုအပ်သည့်ဆေးများကို အခမဲ့ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။
**ကိုချစ်**

# မြဝတီမြို့၌ အမှိုက်များ စွန့်ပစ်ရာတွင်စနစ်တကျရှိစေရေး ပုဂ္ဂလိကစနစ်ဖြင့် တင်ဒါခေါ်ယူရန်စီစဉ်

**မြဝတီ ဩဂုတ် ၂၆**
မြဝတီမြို့နေသူပြည်သူများသည် ယခင်ကသောင်ရင်းမြစ်ထဲသို့ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေခဲ့ကြရာ မြို့နယ်စည်ပင်သာယာမှ မြို့နှင့် လေးဖာလုံခန့်အကွာရှိ နေရာတွင် အမှိုက်စွန့်ပစ်ရန်နေရာအတွက် ငါးဧကအကျယ် မြေနေရာသတ်မှတ်ဆောင်ရွက်ပေးခဲ့သော်လည်း အဆိုပါနေရာသည် မိုးတွင်းကာလဖြစ်ပြီး အမှိုက်စွန့်ပစ်ရန် အမှိုက်ကားများသွားလာရေးခက်ခဲမှုကြောင့် မြဝတီ-မယ်ထော်သလေးကားလမ်းအနီးရှိ မြို့နယ်စည်ပင်ပိုင်မြေနေရာတွင် ပေ ၁၅၀ အကျယ် ကျင်းကြီးတူးပြီး အမှိုက်များစွန့်ပစ်စေခဲ့ကြောင်း သိရသည်။

သို့သော်လည်း နှစ်လခန့်အကြာတွင် အဆိုပါနေရာ၌ အမှိုက်များပြည့်လျှံသွားခဲ့ပြီး ဆက်လက်စွန့်ပစ်ရန် အခက်အခဲဖြစ်ပေါ်နေမှုကြောင့် ဩဂုတ် ၂၂ ရက်က မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှိုက်များပြည့်လျှံနေမှုကို ဘက်ဟိုးစက်ကြီးများဖြင့် ဖယ်ရှားရှင်းလင်းခဲ့သည်။ မိုးကုန်သွားပါက ယခင်သတ်မှတ်ထားသော ငါးဧကနေရာတွင် အမှိုက်များပြန်လည်စွန့်ပစ်ရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြီးခဲ့သည့်သီတင်းပတ်က မြို့နယ်စည်ပင်ရုံး၌ ပြုလုပ်ခဲ့သောအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

မြဝတီမြို့တွင်နေ့စဉ် စွန့်ပစ်နေသော အမှိုက်များမှာ တန်ချိန် ၃၅ တန်ကျော်ရှိပြီး ပုဂ္ဂလိကစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်သွားရန်နှင့် တင်ဒါလျှောက်မည့်သူများအနေဖြင့် အလုပ်သမားဦးရေ၊ ပါဝင်မည့်စက်ယန္တရားများနှင့် မည်သို့ဆောင်ရွက်သွားမည်ကို အစီအစဉ်များဆွဲ၍ တင်ပြသွားရန် မြို့နယ်စည်ပင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။
**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# စာရေးဆရာမ မသီတာ (စမ်းချောင်း)၏ ဘာသာပြန်စာအုပ်ထွက်ရှိ

**ရန်ကုန် ဩဂုတ် ၂၆**
စာရေးဆရာမ မသီတာ(စမ်းချောင်း) ရေးသားသည့် စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်စာအုပ်၏ အင်္ဂလိပ်ဘာသာပြန်စာအုပ်ဖြစ်သော ယုံကြည်ချက်ကြောင့် အကျဉ်းကျသူ၊ အင်းစိန်ထောင်ကို ဖြတ်သန်းခဲ့သော ခြေလှမ်းများ Prisoner of Conscience; My Steps Through Insein စာအုပ်ကို ထိုင်းနိုင်ငံရှိ ချင်းမိုင်အခြေစိုက် silkworm စာပေထုတ်ဝေရေးက ဇူလိုင် ၂၈ ရက်တွင် ဗန်ကောက်ရှိ ဆီယမ်ပါဂွန်စင်တာ၏ Asia Books စာအုပ်ဆိုင်တွင် စတင်ဖြန့်ချိခဲ့ကြောင်း သိရသည်။

"ဒီစာအုပ်ကို ထောင်ထဲနေစဉ် တစ်လျှောက်လုံးလည်း တစ်နေ့နေ့ရေးမယ်ဆိုတဲ့ စိတ်ရှိခဲ့တယ်၊ ဒါပေမယ့် အကြောင်းကြောင်းကြောင့် မရေးနိုင်ခဲ့ဘူး၊ တကယ်တမ်းကျွန်မရေးဖြစ်တာက ဟားဗတ်ကိုရောက်နေချိန်ဖြစ်တဲ့ ၂၀၀၉ ခုနှစ်မှာ ရေးခဲ့တယ်၊ ၂၀၁၀ မှာပြီးပါတယ်၊ အင်္ဂလိပ်ဗားရှင်းနဲ့ အရင်ထွက်ဖြစ်မယ်လို့ထင်ပေမယ့် အင်္ဂလိပ်ဗားရှင်းက အချောသပ် ဘာသာပြန်မပြီးစီးဖြစ်သေးတဲ့အတွက် နောက်ပိုင်း မြန်မာဗားရှင်းနဲ့ အရင်ထွက်လာခဲ့ပါတယ်၊ ပြည်တွင်းမှာနေတဲ့ ကျွန်မရဲ့ နောက်ထပ်မိတ်ဆွေတစ်ယောက်က အင်္ဂလိပ်ဗားရှင်းနဲ့ အကောင်းဆုံး edit ပြန်လုပ်ပေးနိုင်ခဲ့တယ်"ဟု မသီတာ(စမ်းချောင်း)က စာအုပ်ထွက်ပေါ်လာသည့်အကြောင်းကို ပြောသည်။

ယခုအချိန်တွင် ဂျာမန်ဘာသာနှင့် အီတလီဘာသာများသို့ ထပ်မံပြန်ဆိုရန် ကမ်းလှမ်းမှုများရှိနေပြီဖြစ်ကြောင်း သိရသည်။ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားသော စာအုပ်ကိုမြန်မာနိုင်ငံရှိ Myanmar Book Centre တွင် ရောင်းချနေကြောင်း သိရသည်။
**မြတ်စန္ဒီ**



MPT
ရွှေသို့လှမ်း၍ မြန်မာပြည်

ဝယ်သလောက် အပိုရမယ့်
နှစ်ဆ DATA PACK

MONTHLY PACK

| မူရင်း Data ပမာဏ | Data အပိုဆု | ဈေးနှုန်း (ကျပ်) | ဈေးနှုန်း /MB | USSD (သို့) ဖုန်းခေါ်ရန် | စာတိုပို့ရန် |
|---|---|---|---|---|---|
| 400MB | 400MB | ၂၈၀၀ | 3.5Ks/MB | *2002# | 400MB to 1332 |
| 1GB | 1GB | ၆၅၀၀ | 3.25Ks/MB | *2003# | 1GB to 1332 |
| 2GB | 2GB | ၁၂၀၀၀ | 3.0Ks/MB | *2004# | 2GB to 1332 |
| 5GB | 5GB | ၂၅၀၀၀ | 2.5Ks/MB | *2005# | 5GB to 1332 |

ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
MPT၏ **ဆွေသဟ** အစီအစဉ် ရယူထားသော **Prepaid,Postpaid GSM/WCDMA**အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

24 HR PACK

MPT
ရွှေသို့လှမ်း၍ မြန်မာပြည်

အစီအစဉ်သစ်

120MB ကို ၄၀၀ ကျပ်

*2001# (သို့) 120MB to 1332

ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
**24 HR PACK** ကို ဝယ်ယူသည့်အချိန်မှစ၍ **၂၄နာရီအတွင်း** အသုံးပြုနိုင်ပါသည်
MPT၏ **ဆွေသဟ** အစီအစဉ် ရယူထားသော **Prepaid,Postpaid GSM/WCDMA**အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

## ဒေါ်ကြည်ကြည် (ရွှေဘို)
### အသက်(၉၆)နှစ်

ရွှေဘိုမြို့၊ အနောက်ဈေးရပ်နေ (ဦးတင်-ဒေါ်မြား)တို့၏သမီး၊ (ဒေါ်သိန်းနွဲ့)၊(ဒေါ်ထွေး)၊(ဒေါ်အေးမေ)၊(ဦးမောင်ကို-ဒေါ်ရွှေရွှေ)တို့၏ညီမ၊ (ဦးခင်မောင်ညွန့်)-ဒေါ်တင်နုနုတို့၏အစ်မ၊ (ဗိုလ်ကြီးသန်းမြင့်)ဒေသန္တရနှင့်စက်မှုညွှန်ကြားရေးဦးစီးဌာန(ငြိမ်း)၏ဇနီး၊ ဦးအောင်မျိုးမြင့်-ဒေါ်ဝင်းဝင်းခိုင်၊ ဦးအောင်စိုးမြင့်-ဒေါ်လီလီချိုဝင်းတို့၏မိခင်၊ ဦးကိုကိုကြီး-ဒေါ်မေဦးညွန့်တို့၏ကြီးကြီး၊ ကိုမြတ်မင်းကို-မယုယုရွှေ၊ကိုဥက္ကာစိုး၊ ကိုအာကာစိုး-မသူဇာအောင်၊ ကိုအောင်ဖြိုးကို၊ ကိုဝဏ္ဏစိုး-မနန်းခင်သင်းအေးတို့၏အဘွား၊ Alexi Soe တို့၏ဘွားဘွားကြီးသည် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ သခင်ဘစိန်လမ်း၊ အမှတ် ၇၄၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာမကြီး
## ဦးမောင်မောင်ထွန်း (ယစ်မျိုးဝန်၊ ငြိမ်း)
### စိန့်ဂျွန်းကျောင်းသားဟောင်း
### အသက်(၉၄)နှစ်

(အရေးပိုင်မင်း ဦးဘရီ-ဒေါ်ဒေါ်အုန်း)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ ဦးဟိန်းလတ် (G.M တိုင်းရင်းသား Channel-Skynet)-ဒေါ်သီရိခင်(အထပြ၊ ငြိမ်း)၊ ဒေါ်နီနီထွန်း(မန်နေဂျာ၊ သ/မ၊ ငြိမ်း)၊ (ဦးတင်ဝင်း)၊ (ဦးမောင်မောင်ဌေး)-ဒေါ်မိမိစော(အလပြ၊ ငြိမ်း)၊ ဦးမောင်မောင်အေး(ဒု-ဌာနမှူး၊ စည်ပင်၊ ငြိမ်း)-ဒေါ်သန်းသန်းမြင့်၊ ဦးမောင်မောင်လေး(East Wind Shipping)-ဒေါ်သန်းသန်း(အလပြ၊ ငြိမ်း)တို့၏ချစ်လှစွာသောဖခင်၊ ဦးထက်အောင်ကျော်(H.I.S Myanmar)-ဒေါ်မေသရဝဏ်ဦး၊ ဦးဆွေဇော်ဆက်-ဒေါ်ကြည်ခိုင်သိန်း၊ ဒေါ်မွန်မြတ်သူ(Lizstar Shipping)၊ ဗိုလ်မှူးရာဇာလင်း-ဒေါ်ထွေးထွေး၊ ဗိုလ်ကြီးနေဝင်းမြင့်-ဒေါက်တာမေပြည့်ထွန်း၊ ဦးခန့်ကျော်ခိုင် (B.E. MP) (Universal Robina)၊ (မအိမ့်ကေကေခိုင်)တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၁၆ရက် နံနက် ၁၁နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၁၅၊ ဆင်လုလမ်း၊ အလုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြ အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၇နေ (ဦးဘမြစ်-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးမြင့်ဆွေ)၏ဇနီး၊ ဦးရန်ငြိမ်း-ဒေါ်မေမေသွင်၊ ဦးထင်ဇော်-ဒေါ်ခင်စန်းဝင်း၊ ဦးကျော်ကျော်-ဒေါ်ညွန့်ညွန့်၊ ဦးညဏ်ဦး-ဒေါ်စန္ဒာ(ဗဟိုဘဏ်)တို့၏မိခင်၊ မြေးခုနစ်ယောက်၊မြစ်သုံးယောက်တို့၏အဘွားသည် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းမြင့်
### အလပြ(ငြိမ်း)၊ အထက(၅)မင်္ဂလာဒုံ
### အသက်(၆၉)နှစ်

မိတ္ထီလာမြို့၊ ပေါက်ချောင်းကွက်သစ်နေ (ဦးဗိုလ်နီ-ဒေါ်ပြုံးမိ)တို့၏သမီး၊ ဦးကျော်စန့်ဝင်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ခင်မြသိန်း(လက်ထောက် ထွေ/ဂျာ၊ ငြိမ်း၊ စက်မှုအထည်)တို့၏ညီမ၊ ဦးမြင့်သန်း(စာရင်းကိုင်အတန်း-၂၊ ဘဏ္ဍာရေး၊ ငြိမ်း၊ တပ်/ချည်ထည်)-ဒေါ်သန်းစိန်(အထက်တန်းသူနာပြု၊ ငြိမ်း)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ပုလဲမြို့သစ်၊ စံပယ်လမ်း၊ အမှတ် ၂၉၂နေ ဗိုလ်မှူးမိုးညွန့်[(ငြိမ်း) (ဒုညွှန်မှူး၊ ငြိမ်း) အုပ်ချုပ်ရေးမှူး (လယ်/စီးစာစောင်)၏ချစ်လှစွာသောဇနီး၊ ဦးခိုင်မိုး(၃၃၃၊ နို့စားနွားမွေးမြူရေးလုပ်ငန်း)-ဒေါ်နုနုဝင်း (အကြီးတန်းစာရေး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်)၊ ဦးတင်လှ-ဒေါက်တာမြင့်မြင့်မိုး(ထုံးဘိုတိုက်နယ်ဆေးရုံ)၊ ဦးဇေယျာမိုး(Director, T.N-21 Company Limited)-ဒေါ်မိမိမိုး(ပုံဆွဲ-၁၊ ဆည်မြောင်းဦးစီးဌာန)၊ ဦးမင်းမင်းအောင်-ဒေါက်တာချစ်စုမိုး (တပ်မတော်ဖိနပ်စက်ရုံ၊ လှိုင်းတက်)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၆နာရီတွင် ထုံးဘိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ထုံးဘိုသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၆နာရီမှ ၁၂နာရီအထိ ထုံးဘိုမြို့နေအိမ်နှင့် ၁-၉-၂၀၁၆ ရက်(ကြာသပတေးနေ့)နံနက် ၆နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့၊ ပုလဲမြို့သစ်၊ စံပယ်လမ်း၊ အမှတ် ၂၉၂ နေအိမ်တို့သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဆွေ အသက်(၆၃)နှစ်
### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
### ဗဟိုကော်မတီဝင်(အဟောင်း)
### ကယားပြည်နယ်အတွင်းရေးမှူး(အဟောင်း)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် (အဟောင်း)၊ ကယားပြည်နယ်အတွင်းရေးမှူး(အဟောင်း) ဦးကျော်ဆွေ အသက်(၆၃)နှစ်သည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅း၁၅နာရီတွင် ရန်ကုန်ခုတင် ၅၀၀ ဆေးရုံကြီး၌ ကွယ်လွန်ပြီး မင်းစုရပ်ကွက်၊ ကန္ဒရဝတီလမ်း၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်နေအိမ်မှ လွိုင်ကော်(၄)မိုင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ဗဟိုကော်မတီဝင်များ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်**

## ကိုအာကာထွန်းလှိုင် အသက်(၃၄)နှစ်
### Director
### Ayeyarwaddy Treasure Trading Co.,Ltd

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း ၄လမ်း(တောင်)၊ အမှတ် ၉၀နေ (ဗိုလ်မှူးစစ်ထွန်း-ဒေါ်ညွန့်ရီ)တို့၏မြေး၊ ဦးအုန်းလွင်မြင့်- ဒေါ်ခင်မျိုးမြင့်၊ (ဦးစိုးထွန်း)၊ (ဦးမျိုးထွန်း)၊ (ဦးဇော်ထွန်း)-ဒေါ်ယဉ်မင်းထိုက်၊ (ဦးတင်ထွန်း)-ဒေါ်ရီရီနွယ်တို့၏တူ/သား၊ ကိုထွန်းနန္ဒ၊ ကိုအောင်ပြည့်စုံ၊ မအင်ကြင်းနွယ်၊ မခြူးအိမ်ဇော်တို့၏အစ်ကို/ညီသည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈း၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသန်း(ခ)ဒေါ်အေးသန်း အသက်(၈၉)နှစ်

ကျောက်မဲမြို့နေ မီးရထားရုံပိုင်ကြီး (ဦးတင်မောင်-ဒေါ်ကြွယ်)တို့၏သမီး၊ စစ်ကိုင်းမြို့၊ လယ်ကြီးရွာနေ (ဦးလှဘူး-ဒေါ်ရွှေမှော်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ဓမ္မာရုံလမ်း၊ အမှတ် ၆၀နေ [ဗိုလ်မှူးကြီးထွန်းအောင်(ရေ-ငြိမ်း) ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန]၏ ချစ်လှစွာသောဇနီး၊(ဦးမင်းလွင်အောင်)၊ဦးမိုးနိုင်အောင်(သံမှူးကြီး၊ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့)-ဒေါ်ဝင်းငယ်ဦး၊ ဒေါ်ယုနန္ဒာအောင်၊ ဗိုလ်မှူးအေးချမ်း(ရေ-ငြိမ်း) MITT-ဒေါ်အာကာချောတို့၏မိခင်၊ မအေးချမ်းဝတီချော(ဒဂုံ-၁)၊မလဝန်းဝတီထွန်းတို့၏ဘွားဘွားကြီးသည် ၂၆-၈-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်စိန်
### အသက်(၈၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ ၅လမ်းနေ (ဦးသာဖေ-ဒေါ်ပေါ်ညွန့်)တို့၏သမီး၊ (ဦးဘမောင်၊ စိုက်/ဂျာ၊ ငြိမ်း)၏ဇနီး၊ ဗိုလ်အောင်ဇေယျရပ်ကွက်နေ ဦးကြည်လွင်-ဒေါ်ပြုံး (အိုလံပီယာ)၊ မိတ္ထီလာမြို့နေ ဦးအေးကို-ဒေါ်အေးအေးဆင့်၊ ဒေါ်ခင်မြတ်မူ (ကျောင်းအုပ်ဆရာမကြီး၊ အထက မြိုင်သာယာ)၊ ဦးဝင်းတင်-ဒေါ်ခင်မြတ်ကြူ(ကျန်းမာရေး)၊ ဒေါ်ခင်မြတ်သူ(အလပြ၊အထက-၁၊ရေဦး)၊ဦးကြည်စိုး-ဒေါ်တင်တင်မိုး(မိုးသောက်ကြယ်စက်ချုပ်)၊ ဦးမျိုးမြင့်(AE-မြောင်မြို့နယ်၊ စည်ပင်သာယာရေးကော်မတီ)-ဒေါ်အေးအေးကြိုင်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဦးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရွှေ အသက်(၈၇)နှစ်
### ဇောတိက သင်္ကန်းပရိက္ခရာဆိုင်(မကွေး)

မကွေးမြို့၊ ပြည်တော်သာလမ်း၊ ဈေးရပ်၊ အမှတ် ၂၀နေ (ဦးအေးချို)၏ဇနီး၊ ဒေါက်တာထင်အောင်-ဒေါက်တာချိုချို၊ ဦးဝင်း-ဒေါ်ဆွေဆွေချို၊ (ဦးဖြိုးဖြိုး)-ဒေါ်မော်မော်စော၊ ဒေါ်ငြိမ်းငြိမ်း၊ ဒေါ်အေးအေး၊ဦးတိုးတိုး-(ဒေါ်မော်မော်)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၆-၈-၂၀၁၆ ရက် နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက် ညနေ ၅နာရီတွင် အထက်ပါနေအိမ်မှ မကွေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းလှဲ့
### အသက်(၆၁)နှစ်

မော်လမြိုင်မြို့နေ(ဦးကိုကိုကြီး-ဒေါ်စိန်ကြည်မာ)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးမြဝင်း၏ဇနီး၊(ဒေါ်ခင်လှဲ့ဝင်း)၏ညီမ၊ ဒေါ်ခင်လေးကြူ၊ ဒေါ်ခင်မျိုးဝေ၊ဦးချစ်ကိုကို၊ ဒေါ်ခင်သစ်လွင်တို့၏ အစ်မ၊ မနှင်းဝတ်ရည်၊မောင်သန့်ဇင်နိုင်၊ မသီရိမိုမို၊ မောင်သက်မျိုးအောင်-မသိမ့်သိမ့်လှိုင်၊ မရွှန်းလဲ့ထက်၊မောင်ကောင်းဆက်သုန်တို့၏မိခင်၊ မအိမ့်မြတ်မျိုးသိမ့်၏အဘွားသည်၂၅-၈-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိတောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်၊ဒေဝဒဟလမ်း၊အမှတ် ၈၉၆ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မေအုန်းဇော်
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်းနေ (ဦးဇော်မြင့်)-ဒေါ်ခင်ချိုတို့၏သမီး၊ကမာရွတ်မြို့နယ်၊ဦးထွန်းလင်းခြံလမ်း၊ (၁)ရပ်ကွက်၊ အမှတ် (၉-၆ B)နေ ဦးညဏ်ထွန်း၏ဇနီး၊ (ဦးဝေဖြိုး) - ဒေါ်ဇင်သီယာဝင်းတို့၏ညီမ၊ဒေါ်ခင်ဆွေမြင့်ဇော်(ခ)ဆုံဆုံ(ဦးစီးမှူး၊ ရေအား)၏အစ်မ၊ မသံသာစုစံ၊ မောင်ဟန်သာထက်တို့၏အဒေါ်၊ဦးအေးကျော်-ဒေါ်ခင်သိန်းဝင်း၊ ဦးသန်းထွန်းအောင်-ဒေါ်ခင်အေးလွင်၊(ဦးဇော်ဝင်း)-ဒေါ်ငွေငွေဝင်း၊ ဦးအောင်ဝင်း-ဒေါ်ခင်ဝေမာ၊ (ဦးသန်းနိုင်)-ဒေါ်ခင်ဆွေသန်းတို့၏တူမသည် ၂၅-၈-၂၀၁၆ ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၆ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်မေအုန်းဇော်
### အသက်(၄၄)နှစ်

ရန်ကုန်မြို့နေ (ဦးဇော်မြင့်)-ဒေါ်ခင်ချိုတို့၏သမီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၉-၆ B နေ ဦးညဏ်ထွန်း၏ဇနီး၊ (ဦးဝေဖြိုး) - ဒေါ်ဇင်သီယာဝင်းတို့၏ညီမ၊ ဒေါ်ခင်ဆွေမြင့်ဇော်(ခ)ဆုံဆုံ (ရေအား)၏အစ်မ၊ မသံသာစုစံ၊ မောင်ဟန်သာထက်တို့၏အဒေါ်၊ (ဦးသန်းဝင်း)-ဒေါ်ခင်စုစုကျော်တို့၏တူမသည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ပခုက္ကူအသင်း(ရန်ကုန်)
## ဦးမြင့်အောင် (ပခုက္ကူ)
### ဆသရ-၁ (ငြိမ်း)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် ၇၄၂ နေ ကိုဟိန်းထွဋ်မြင့် - မမျိုးသီတာအောင်၊ ကိုရဲစည်သူအောင်-မအေးအေးမိုး၊ ကိုကျော်စည်သူအောင်တို့၏ဖခင်၊ ဒေါ်ကျော့တင်၏ခင်ပွန်းသည် ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့)ညတွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့)ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဦးတင်မောင်စန်း
### အသက်(၆၂)နှစ်

မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်ထား၏ခင်ပွန်း၊ ကိုဖြိုးမောင်မောင်-မစိုးစိုးအေး၊ ကိုအာကာဖြိုး(တေဇ-၂၉) - ဗိုလ်ကြီးမယုယုဝေတို့၏ဖခင်၊မောင်ဗညားအာယု၊မယုပကာဦးတို့၏အဘိုးသည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် အမှတ်(၄)တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)၌ ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၆ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေအိုးစဉ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်သောင်းပို (ပုလောမြို့)
### အသင်းဝင်အမှတ်-၆၇၁
### အသက်(၆၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးသန်းဝင်း၏ဇနီးသည် ၂၅-၈-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၆ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင်နေအိမ်မှပုလောသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်စန်းစန်းဝေ (မြိတ်)
### အသင်းဝင်အမှတ်(၄၁၆၉)
### အသက်(၅၈)နှစ်

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ တိုက် ၂၂၊ အခန်း ၅နေ ဦးမောင်မောင်တိုး၏ဇနီးသည် ၂၅-၈-၂၀၁၆ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်မြစိန်
### (မော်လမြိုင်၊မောင်ငံနတ်မှော်တန်း)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၅၄ (ည) ရွှေတောင်ကြားလမ်းနေ(ဦးကိုကြီး-ဒေါ်သောင်းညွန့်)တို့၏သမီး၊ဒေါ်စိန်တင့်၊ ဒေါ်ရီရီမြင့်တို့၏အစ်မ၊ ဦးခင်မောင်ထွန်း၊ ဦးခင်အောင်ထွန်းတို့၏အဒေါ်သည် ၂၅-၈-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်သူ
### အလယ်တန်းပြ(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ် ၁၂၄နေ (ဦးရွှေအောင်-ဒေါ်အေးညို)တို့၏သား၊ ဦးမြအောင်-ဒေါ်ခင်ယု၊ ဦးတင့်ဆွေ-ဒေါ်ယဉ်ရွှေ၊ ဦးသန်းထိုက်-ဒေါ်ကြည်လှိုင်၊(ဦးကျော်သွင်)-ဒေါ်ရီရီဌေးတို့၏အစ်ကို၊ ကိုထင်ကျော်ဇော-မအေးအေးသန်း၊ မယဉ်မင်းသူ(ဦး/ရှိ၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန)၊ ကိုဇော်မင်းထက်(ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏ဖခင်၊ မောင်ဝေဖြိုးအောင်၊ မစုချစ်ချစ်ကျော်တို့၏အဘိုး၊ ဒေါ်မြင့်ရှိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ထီး (စိန်ဖူးတော်) ဒါယကာကြီး
## ဦးသန်းမောင် (တာချီလိတ်)
### ရုံးအုပ်(ငြိမ်း)၊ ခရိုင် ထွေ/အုပ်
### အသက်(၈၀)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ဝမ်ကောင်းရပ်၊ အမှတ် ၄/၂၆ နေ (ဒေါ်ခင်လှ)၏ခင်ပွန်း၊ ဦးစိုင်းသန်းအောင်(ဒုဦးစီး၊ ငြိမ်း၊ မြို့နယ် ထွေ/အုပ်)-ဒေါ်မေသန်းဦး၊ ဒေါ်မေမြတ်သူ၊ ဒေါ်မေမိုးသန်း၊ (မေထွန်းသန်းမောင်)တို့၏ဖခင်၊နန်းဇင်မင်းထက်(ဒုဦးစီးမှူး၊ သာယာဝတီခရိုင်တရားရုံး)၊ဒေါက်တာစိုင်းဘုန်းကျော်နိုင်၊ စိုင်းပိုင်စိုးကျော် (ဒုနစ်၊ ဥပဒေ၊ ဒဂုံတက္ကသိုလ်)တို့၏ဘိုးဘိုးကြီးသည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တာချီလိတ် မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြတ်လင်း အသက်(၅၉)နှစ်
### (အိအိချို ငရုတ်သီးမှုန့်လုပ်ငန်း)

ပုသိမ်မြို့၊ ရာမည ၄လမ်း၊ ရကအ (၇)၊ အမှတ် ၉၂၀နေ(ဦးတင်ရှိန်-ဒေါ်တင်လှ)တို့၏သား၊ ကုန်သည်လမ်း၊ အမှတ် ၈၆နေ (ဦးရန်းနား-ဒေါ်ကော)တို့၏သားသမက်၊ ဒေါ်ကြည်ငွေး၏မောင်၊ ဒေါ်ခင်သန်းလှ၊ ဦးမြတ်သူတို့၏အစ်ကို၊ ဒေါ်ခင်အေးမြင့်(ခ)အင်းဝါး၊ ဦးနေဝင်းစိန် - ဒေါ်စန်းစန်းမြင့်တို့၏မောင်၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းလွင်(ရွှေဟုတ်ကြူး)တို့၏အစ်ကို၊ အမှတ် ၅၂၊တဂေါင်းဘုရားလမ်းနေ ဒေါ်တင်မြ၏ခင်ပွန်း၊ ကိုသိန်းစိုးဝင်း-မအိအိချို၊ ကိုလင်းလင်းထွန်း(ခ)ကိုချစ်တို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏ အဘိုးသည် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် အထက်ပါ တဂေါင်းဘုရားလမ်းနေအိမ်မှ သရောင်းချောင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၆နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆေး ဒါယကာကြီး
## ဦးပညာဝံသ(ခ)ဦးမောင်ကျော်
### အငြိမ်းစား ရန်ကုန်တိုင်း တိုင်းတရားသူကြီး
### ဝိမုတ္တိသုခတိုက်ကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊
### ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
### သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၂)ဝါ

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ သပြေပင်ရွာနေ(ဦးညို-ဒေါ်နှင်းရွှေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးဖိုးထွေး-ဒေါ်သိန်းမြ)တို့၏သားသမက်၊ (ဒေါ်စောရင်)၊ (ဒေါ်အေးကောင်း)၊ (ဦးထွန်းရင်)၊ (ဦးထွန်းတင်)၊ (ဒေါ်စောခင်)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မြလမ်း၊ အမှတ် ၄၃နေ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးဌေးဦး၊ ဒေါ်အေးသီရိကျော်၊ ဦးသန်းအောင်-ဒေါ်တည်တည်ဖီ၊ (ဦးနေထွန်း)-ဒေါ်ခင်ထွေးယု၊ ဦးချမ်းငြိမ်းကျော်-ဒေါ်စုစန္ဒာအောင်၊ ဦးဇော်လင်းထွန်း-ဒေါ်ဝင်းမင်းသန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၈နာရီတွင် အထက်ပါဝိမုတ္တိ သုခတိုက်ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ဝိမုတ္တိသုခတိုက်ကျောင်းမှ အန္တိမအဂ္ဂိစျာပနကျင်းပ၍ မွန်းလွဲ ၁နာရီတွင် ကျောင်းတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်ဥ(မင်းလှ) အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက် ၁၅၊ အခန်း ၀၀၂နေ (ဦးချစ်နွယ်)မင်းလှ၏ဇနီး၊ (ဦးခင်မောင်ဝင်း)၊ ဦးခင်မောင်မြင့်-ဒေါ်မာလာ၊ ဒေါ်ခင်ဌေးဝင်း(ဌာနစုမှူး၊ ရေ/သန့် Y.C.D.C)တို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ရေကန်၊လမ်း၊ယာဉ်ဒါယကာကြီး
## ဦးလေးလွင်(မြောင်းမြမြို့)
### B.Sc (Engg). D.I.C (London)
### လ/ထ အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ရေအားလျှပ်စစ် (E.P.C)
### အသက်(၈၄)နှစ်

ဝါးခယ်မမြို့နေ (ဦးကြင်-ဒေါ်ညွန့်ရီ)တို့၏သား၊ ပုသိမ်မြို့နေ (ဦးကြင်-ဒေါ်သန်းရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ကမ္ဘာအေးဗီလာကွန်ဒို E၊ အခန်း 303နေ ဒေါ်ဂျူလီကြင်(အထပြ၊ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးရင်ဖေ-ဒေါ်ဦးနီ)၊ ဒေါက်တာဦးညီညီ-(ဒေါ်စိန်ရီ)တို့၏ညီ၊ ဒေါက်တာဦးကြည်ဖေ-ဒေါက်တာဒေါ်ခင်သန်းဌေး၊ ဒေါက်တာဦးဖိုးဖေ-(ဒေါ်တယ်လီ)၊ ဒေါက်တာဦးထွန်းဖေ-ဒေါက်တာဒေါ်စန်းမြ၊ ဦးကွန်းဖေ-ဒေါ်ခင်နွဲ့မူ၊ ဦးသန်းဖေ-(ဒေါ်မြင့်မြင့်)၊ ဦးဝင်းဖေ-ဒေါ်မြင့်မြင့်စံ၊ ဒေါ်တင်တင်ဌေးတို့၏အစ်ကို၊ တူ/တူမ ၂၁ယောက်တို့၏ ဘကြီး/ဦးလေးသည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန၌ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးရှိန် အသက်(၇၄)နှစ်
### B.Econ, H.G.P
### စီးပွားရေးတက္ကသိုလ်(၁၉၆၄-၆၈)
### (ယခင်)အထွေထွေမန်နေဂျာ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်(ဂျီအီးစီ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးစံညွန့်လမ်း၊ အမှတ် ၈၊ ခုနစ်လွှာ၊ ခေါင်းရင်းခန်းနေ (ဦးစံရှိန်-ဒေါ်ခင်ခင်အောင်)တို့၏သမီး၊ (ဒေါက်တာဦးစိန်တင်-ဒေါ်ညွန့်ညွန့်)တို့၏သမီးချွေးမ၊ ဦးသိန်းဝင်း(ရှေ့နေ)၏ဇနီး၊ဒေါ်မင်းမင်းစိုး(ခ)ဒေါ်မေသူ (Dubai-UAE) တသ/၁၃ အောင်မင်းကို(တပ်မတော်-ရေ)တို့၏မိခင်၊ ဦးဖုန်းရှိန်၊ ဒေါ်မို့မို့ရှိန်၊ ဒေါ်ပြုံးပြုံးရှိန်၊ ဦးမင်းနိုင်ရှိန်တို့၏အစ်မကြီးသည် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးရဲတင့် (ငြိမ်း)
### ကြည်း-၁၂၃၃၉၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၄)
### စီမံထူးချွန် (ဒုတိယဆင့်)
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ စက်မှုစားကုန်
### အမှတ်(၁)စက်မှုဝန်ကြီးဌာန
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ တိုက်အမှတ် ၁၂၉၉-၁၃၀၀၊ အခန်းအမှတ် ၁၁နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးသိန်းဇံ-ဒေါ်လှခင်၊ ဒေါ်မြခင်၊ (ဗိုလ်ကြီးအောင်ဆွေ)-ဒေါ်လေးဆွေ၊ ဒေါက်တာရဲထွဋ်-ဒေါ်စံပယ်တို့၏မောင်/ညီ၊ ဒေါက်တာမြတ်သိမ့်ဝင့်၊ ဒေါက်တာသိမ့်ဆုအောင်၊ ဗိုလ်ကြီးကျော်ရဲဝင့်တို့၏ဖခင်သည် ၂၅-၈-၂၀၁၆ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုအာကာထွန်းလှိုင်
### Director
### Ayeyarwaddy Treasure Trading Co.,Ltd
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း ၄လမ်း(တောင်)၊ အမှတ် ၉၀နေ ဦးထွန်းလှိုင်[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) DCA] CGI MAA-ဒေါ်ခင်ဝင်းမြင့်တို့၏သား၊ ဒေါက်တာအောင်သန့်ထွန်း(ခ)ကိုဥက္ကာ၏ညီ၊ ဒေါက်တာနွေးအိအိချို(ကျောက်တံတားမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မဝင့်ချိုသာ(ခ)ဖူးဖူး (ILBC ပါရမီ)၏ဖခင်သည် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ခရီးသွားလုပ်ငန်းကို နိုင်ငံခြားငွေရှာဖွေပေးသည့် အမျိုးသားအဆင့်စီးပွားရေးကဏ္ဍဖြစ်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၆**

အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ပဉ္စမအကြိမ် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

**စီမံချက်ပေါင်း ၆၈ ခုရေးဆွဲဆောင်ရွက်ခဲ့**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ရက် ၁၀၀ ကာလအတွင်း စီမံချက်ပေါင်း ၆၈ ခု ရေးဆွဲဆောင်ရွက် ခဲ့ရာ ၃၁ ခုမှာ ရက် ၁၀၀ အတွင်းအပြီး ဆောင်ရွက်ရမည့် စီမံချက်များဖြစ်ပြီး

*စာမျက်နှာ ၅ ကော်လံ ၁*



ပိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုဖြစ်ခဲ့သည့် မင်းဘူးနဂါးပွက်တောင် အားကြည့်ရှု *စာ - ၄*

ဥရောပအကောင်းဆုံး ကစားသမားဆု စီရော်နယ်ဒို ဒုတိယအကြိမ်ရရှိ *စာ - ၁၄*

# ငလျင်ဒဏ်ခံရသည့်ဘုရားပုထိုးစေတီများ ပြန်လည်ပြင်ဆင်ရေး သေချာဆန်းစစ်ပြီး လုပ်ဆောင်ရမည်ဟု ယူနက်စကို ပြောကြား



ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စူဠာမဏိစေတီတော်ကြီး၌ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်

**တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ တင်မောင်လွင်၊ ဓာတ်ပုံ - မောင်မွှေး**

**ညောင်ဦး ဩဂုတ် ၂၆**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဩဂုတ် ၂၄ ရက် ညနေပိုင်းက လှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်ကြောင့် ဘုရားပုထိုးစေတီများစွာတို့ ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ပေါ်ခဲ့ရာ ယနေ့တွင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ယူနက်စကို (UNESCO) နှင့် အခြားသော အဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်းပြီး ဘုရားပုထိုးစေတီအချို့ကို ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေကြပြီဖြစ်သည်။

ပုဂံတွင် စေတီပုထိုးပေါင်းများစွာ ပျက်စီးခဲ့သည့်အနက် ပျက်စီးမှုအများဆုံးဖြစ်ပေါ်ခဲ့သည့် စူဠာမဏိစေတီတော်ကြီးအား နဂိုမူလအတိုင်းပြန်လည်

*စာမျက်နှာ ၁၁ ကော်လံ ၁*



# မလေးရှား ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအားကစားသမားများ ရွှေ၊ ငွေ၊ ကြေးဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၂၆**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် Nations Seprk Takraw Championship 2016 ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ရွှေငါးခု၊ ငွေသုံးခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသမီးနှစ်ယောက်တွဲအသင်းလိုက် ရွှေတစ်ခု၊ သုံးယောက်တွဲ အသင်းလိုက် ရွှေတစ်ခု၊ နှစ်ယောက်တွဲအဖွဲ့လိုက် ရွှေတစ်ခု၊ သုံးယောက်တွဲအဖွဲ့လိုက် ရွှေတစ်ခု၊ လေးယောက်တွဲအဖွဲ့လိုက်တွင် ရွှေတစ်ခု၊ နှစ်ယောက်တွဲအသင်းလိုက်တွင် ငွေတစ်ခု၊ အမျိုးသားနှစ်ယောက်တွဲအသင်းလိုက်တွင် ငွေတစ်ခု၊ နှစ်ယောက်တွဲ အဖွဲ့ငယ်တွင် ငွေတစ်ခု၊ သုံးယောက်တွဲအသင်းလိုက်တွင် ကြေးတစ်ခု၊ သုံးယောက်တွဲ အဖွဲ့ငယ်တွင် ကြေးတစ်ခု အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁*